www.burmeseclassic.com

# ဒေါင်ပိုကြီး (ကျိုက်ထော်)

## ထူးဆန်းသောကာတိသတ္တာ

ဂမ္ဘီရဇာတ်လမ်း




www.burmeseclassic.com

www.burmeseclassic.com

# ဓအောင်တိထီး(ထျိုတ်တော်)

## ထူးဆန်းသောကာတိသစ္စာ

ဂမ္ဘီရခေတ်လမ်း


**ပုံနှိပ်မှုမှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၀၇၃၈၀၁၅၀၆

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၀၁၀၅၈၀၁၅၀၉

**မျက်နှာဖုံးပန်းချီ** – ကိုယ်သီး

**အတွင်းဖလင်** – ပုံရိပ်ရှင်

**မျက်နှာဖုံးပုံနှိပ်**

ဦးကြည်စင်၊ လှဲလှဲမွန် ပုံနှိပ်တိုက်

အမှတ် ၁၅၈၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးဇော်မြင့်ဝင်း၊ ကာလာစုံပုံနှိပ်တိုက်

အမှတ် ၁၈၄၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ

အမှတ်(၁၁၁)၊ ၃၁ လမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ

**တန်ဖိုး – ၇၀၀ ကျပ်**

ပြည်လုံးကျွတ်ဖြန့်ချိရေး

ဦးမြင့်ဦး

အမှတ် ၁၉၇၊ (ခ) ၃၃ လမ်း (အထက်)၊

ရန်ကုန်မြို့။ ဖုန်း – ၂၄၅၉၂၀


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

ဘာကြောင့်ရယ်မသိ၊ ကျွန်တော့်ခန္ဓာကိုယ်သည် ပေါ့ပါးသွက်လက်နေသည်။ စိတ်သည်လည်း လက်ဆတ်စွတ်စိုနေသည်။ ပြီးတော့ တောင်ပေါ်လမ်းတစ်ခုပေါ် လျှောက်လှမ်းတက်လာသည်ကို သတိပြုမိလိုက်ခြင်းနှင့်အတူ သည်တောရိပ်ထူထူ သစ်ကြီးဝါးကြီးများ လွတ်လပ်စွာ ကြီးထွားရှင်သန်နေသော သည်လိုနေရာမျိုးကို ကျွန်တော် မည်သို့မည်ပုံနှင့် ရောက်လာခဲ့သည်မသိ။ တောင်ကြောက အတက်အဆင်း အကွေ့အကောက်များနှင့်။ နောက် ကျွန်တော် ထိုအတက်အဆင်း အကွေ့အကောက် တောင်ပေါ်လမ်းသည် မည်သည့်နေရာသို့ ခရီးပေါက်မည်ဆိုသည်ကိုလည်း ကျွန်တော် မသိ။ ယခု ကျွန်တော်ရောက်နေရာသည် မည်သည့်နေရာ၊ မည်သည့်တောင်၊ မည်သည့်တော ဖြစ်သည်ကိုလည်း ကျွန်တော်မသိ။ သို့သော်လည်း သည်တောင်နှင့် သည်တောအုပ်ထူထူကြီးထဲ ကျွန်တော် လမ်းလျှောက်နေရသည်ကို ကျွန်တော့်စိတ်ထဲမှာ ပျော်နေမိသည်က အမှန်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်၌ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ ပျဉ်းမ၊ သဖန်း စသည့် အပင်ကြီးများက သူတို့ဘဝ၏ လွတ်လပ်မှုကြောင့်ထင်ရဲ့ ကြီးထွားထည်ဝါလွန်းစွာ ကျားကျားလျားလျား။ ဝါးတို့သည်လည်း သစ်များနှင့် ယှဉ်၍ လွှင့်လွှင့်ဝဲဝဲ အပြိုင်အဆိုင်။ ထိုမျှ သစ်ရိပ်ဝါးခိုင် ထူထပ်မှုကြောင့် စကြဝဠာကို မင်းမှုနိုင်သော နေရောင်ခြည်သည် တောရိပ်ကို အတင်းဖောက်ထွင်း မြေပြင်သို့လျှောဆင်းခြင်းပြုသော်လည်း ဟိုမှာသည်မှာ ကွက်တိကွက်ကြားနှင့်။ နောက် နေ၏ အပူငွေ့စွမ်းရည် တို့က ထိုအတောအတွင်း အားမာန်ပျက်လျက်။

တောင်ပေါ်လမ်းက အလွန်ဆုံးကျယ်လှ ဆယ်ပေမျှလောက်ပင် ထိုလမ်းပေါ်သို့ သစ်ရွက်ဝါးရွက်တို့ ကြွေဆင်းပြီး ဖြန့်ခင်းထားသလို နင်းလျှောက်လိုက်တိုင်း သစ်ရွက်ဝါးရွက်တို့၏ အသံများက စည်းချက် သဖွယ်ဖြစ်လျက်။ ပျော်နေမိသော စိတ်နှင့်အတူ ပေါ့ပါး လတ်ဆတ်နေ သော ခန္ဓာကိုယ်က ခပ်သွက်သွက်နှင့် ကျွန်တော် တောင်ပတ်အကွေ့ လမ်းအတိုင်း ကွေ့၍ တက်သွားသည်တွင်–

"ဟာ..."

အံ့ဩတကြီးနိုင်လှသော အမေဋ္ဌိတ်သံက နှုတ်မှထွက်ကျသွားသည်။ လှမ်းနေသောခြေလှမ်းကိုလည်း တွန့်ခနဲ နောက်သို့ ဆုတ်လိုက်မိသည်။ တကာယ်ပင် ဖိုးရိုးဖားရားနှင့် ရှည်လျားပြီး မွဲညစ်ညစ်ဆံပင်တို့က မျက်နှာပေါ်သို့ မသပ်မရေ ဖုံးကွယ်နေသလို၊ မျက်လုံးအစုံက ကျောက် ဂေါ်လီလောက်ရှိမည် ထင်ရလောက်အောင် ပြူးကျယ်ကျယ်။ မျက်ခုံးက ထူထူထဲထဲ။ ပါးစပ်က နည်းနည်းပြဲ၍ သူ့ခန္ဓာကိုယ်ပေါ်မှ အဝတ် အစားများက စုတ်တိစုတ်ဖတ်နိုင်လှသည်။ အရပ်က မြင့်၍ ခန္ဓာကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ်ခိုင်ခိုင်။

ထိုသူက တောင်ကြားအကွေ့မှ ကျွန်တော်ရှိရာသို့ ကွေ့ဆင်းလာရင်း ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်သည်။ သူ့အကြည့်က စူးရဲလွန်းသဖြင့် ကြောက်စရာ၊ ရန်သူတစ်ယောက်ကို ဦးမရှုံ့တမ်း ရင်ဆိုင်မည့်ပုံ။ ပြီးတော့ သည်တောင်ပေါ်လမ်းက လူသူကင်းရှင်းလွန်းဘိတော့ ထိုသူက ကျွန်တော်ရပ်နေရာသို့ စူးစူးရဲရဲကြည့်၍ တည့်မတ်စွာဆင်းလာပုံသည် ရန်ပြုမည့်ဟန်မျိုး ရဲတင်းသွက်လက်စွာပင်။

မတော်၍ ထိုသူက ကျွန်တော့်အား ရန်ပြုလာလျှင် မည်သို့လုပ်ရမည်လဲ။ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်အနေအထားအရ သူက ကျွန်တော့်ထက် များစွာထွားကျိုင်းသည်။ နီးလာလေ သူ့အရပ်က ခြောက်ပေမျှလောက်ရှိမည်ထင်ရသည်။ ကိုယ်လုံး ကိုယ်ထည်က ကျွဲပေါက်ကြီးတစ်ကောင်နှယ်။ ကျွန်တော် သူရန်ပြုလာလျှင် မည်သို့လုပ်ရမည်ကို စဉ်းစား၍မရသေးခင် သူက ကျွန်တော့်အရှေ့တည့်တည့် ရောက်လာပြီး ခပ်ကြမ်းကြမ်း သူ့မျက်နှာကြီးပေါ်မှ စူးရဲရဲ မျက်လုံးအစုံကို မျက်လွှာချလိုက်ပြီး ခါးကိုညွှတ်လိုက်ကာ လက်နှစ်ဖက်ကို ပူးယှက်ဆိုက်ရင်း...

"ဗိုလ်မင်း..."

လူထွားကြီးက ကျွန်တော့်အား ရှိသေသမှုဖြင့် ဗိုလ်မင်းဟုခေါ်ကာ အရိုအသေပြုလိုက်သည်ကို ကျွန်တော် အံ့သြတကြီးဖြစ်သွားမိပြီး ခပ်ကြောင်ကြောင်နှင့် ကြည့်နေလိုက်သည်။ ဤသည်ကို ထိုလူထွားကြီးက–

"ဗိုလ်မင်း...ဘာများလိုအပ်ပါသလဲ၊ ကျွန်တော်မျိုး ဘာများ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးရပါမလဲ၊ ဗိုလ်မင်း အမိန့်ရှိပါ''

''ဩော်…မလိုပါဘူးကွယ်၊ ကိစ္စရှိတာဆောင်ရွက်ပါ''

''ကျေးဇူးတင်ပါတယ် ဗိုလ်မင်း''

ကျွန်တော်လည်း ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်နေစဉ် ဇာတ် ထဲ၊ ရုပ်ရှင်ထဲများမှ ရာဇဝင်နှင့်ပတ်သက်မှုများ ကြည့်ဖူးခြင်းနှင့်အ ပြောမိပြောရာ ပြောလိုက်မိသည်ကို လူထွားကြီးက ကျေးဇူးတင်စကား ပြောရင်း အရိုအသေပြု၍ မျက်နှာချင်းဆိုင်မှ သူ့ရဲ့ တောင့်တင်း နိုင်မာသော ခြေထောက်ကြီးများကို တစ်လှမ်းချင်း လှမ်း၍ ထွက် သွားသည်။

ကျွန်တော် ထိုလူထွားကြီးကို လည်ပြန်လှည့်၍ လိုက်ကြည့်ရင်း အစက ကျွန်တော်ထင်ထားသလို ရန်မမူသည့်အပြင် ကျွန်တော့်အား အရိုအသေများပင်ပြု၍ လိုအပ်မှုများကို ဆောင်ရွက်ပေးမည်ဟုပင် ဆိုလာသေးတော့၊ ပြီးတော့ ဘာတဲ့…သူခေါ်လိုက်ပုံက ဗိုလ်မင်းတဲ့ ထိုလူထွားကြီး ကျွန်တော့်အား လူမှားခဲ့ချေပြီထင်၏။ သူ လူမှားခြင်းသည် ပင် ကျွန်တော့်အတွက် ကောင်း၏။ မတော်၍များ သည်လိုနေရာမျိုး ကျွန်တော့်အား ရန်ပြုလာခဲ့လျှင် သည်လို လူထွားကြီး၏ ခပ်ကြမ်းကြမ်း ဟန်ပန်နှင့်လူမျိုးကို ကျွန်တော်တုံ့ပြန်နိုင်ရေးမစွမ်းသည်က အမှန် သို့ကြောင့် စောစောက ရင်ထဲမောနေသော စိတ်အမောကို သက်ပြင်း တစ်ခု မှုတ်ထုတ်လိုက်ရင်း တောတောင်၏လေကို တစ်ဝကြီး ရှူ လိုက်မိသည်။

ပြီးတော့ တောင်ပေါ်လမ်းကို ဆက်တက်လာသည်၊ တောင်ပေါ်ဒေ သန့်သန့်ပျံ့ပျံ့တို့ကို ထိတွေ့ရှူရှိုက်ခံစားရင်း ပေါ့ပါးသော ခြေတို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်လာခဲ့သည်။ တကျိုကျိုနှင့်မြည်နေသော ဝါးပင်ကြိတ်သံတို့က ထူထပ်သောဝါးတောကြီးသည် ကျွန်တော့်အား နှုတ်ဆက်နေကြသလိုသို့။ တောင်ပေါ်လမ်းကိုလျှောက်ရင်း ချောက်တွေ၊ လျှိုတွေကလည်း အသည်းယားဖွယ် မြင်ရသေးတော့ ထိုစဉ် ကြက်တူရွေးတစ်အုပ် ဆူဆူညံညံပျံသန်းလာပြီး တုတ်ခိုင်မြင့်မားလွန်းသော အပင်ကြီးပေါ် အုပ်စုလိုက်ဝင်နားရင်း အပင်ပေါ်မှအသီးများအား ထိုးဆိတ်ကြဟန်ထင်၏။ အပင်ပေါ်မှအသီးလေးများ တဖြုတ်ဖြုတ်ကြွေကျလာသဖြင့် ကျွန်တော် ကောက်ကြည့်မိတော့ ဖန်ခါးသီးများဖြစ်နေသည်ကို တွေ့ရခြင်းကြောင့် ထိုအပင်ကြီးအား ဖန်ခါးပင်မှန်း သိလိုက်ရသည်။

ကျွန်တော် တောင်ပေါ်လမ်း ဆက်တက်လာရင်း တောင်ကြောအကွေ့ကို တွေ့သဖြင့် ကွေ့ဝင်သွားရာမှ တောင်ဆင်းအကွေ့ ဖြစ်နေသည်။ ကြည့်လိုက်တော့ တစ်ဖက်မှာ တောင်နံရံနှင့် သစ်တော၊ လမ်းတစ်ဖက်တွင် မညီမညာ ကုန်းကမူဝါးတော။

ရှဲ...ဝေါ...

"ဟာ..."

ကျွန်တော့်အရှေ့မှဖြတ်ဝင်လာသော အသံနှင့်အတူ ကျွန်တော် အလန့်တကြား အနောက်သို့ ခုန်ဆုတ်လိုက်ရင်း ကြည့်လိုက်တော့ ချေယ်ပေါက်တစ်ကောင်။ ကျွန်တော့်အရှေ့မှ ဖြတ်ပြေး၍ ဝါးတောနှင့်ချုံတွေကြား အတင်းတိုးဝင်ပြေးသည်ကို မြင်ရသည်။ ကျွန်တော် ဘူးခနဲ ဆက်ပြင်းမောတစ်ခု မှုတ်ထုတ်မိပြန်သည်။

သည်တောဌ် သည်လိုဒရယ်မျိုးရှိလျှင် ကျားတို့၊ တောဝက်တို့ ကျားသစ်တို့ကော မရှိနိုင်ဘူးတဲ့လား။ သည်မျှထူထပ်သော တောကြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးထဲမှာ သည်လိုသတ္တဝါမျိုးတွေက ရှိနိုင်သည်ပင်။ အကယ်၍ ထိုသို့ သတ္တဝါဆိုးများနှင့်ဆုံခဲ့လျှင်ကောဆိုသည့် အတွေးဖြစ်မိခဲ့ခြင်းမှ ရင်ထဲတွင် လှိုက်ခုန်လာသည်။ ပြီးတော့ ရေငတ်သလိုလိုဖြစ်လာသည်။ သည်ပတ်ဝန်းကျင်၌ လူနေအိမ်ဟူ၍ တဲမျှပင်မတွေ့မိ။ သို့ဆိုလျှင် ရေတစ်ပေါက်မျှသောက်ဖို့ပင် မလွယ်။ နောက်...ကျွန်တော်လျှောက်လာနေသည်က ဘယ်ခရီးကိုမှန်းလဲမသိ။ သည်ခရီးလမ်းက အသွားလမ်းလား၊ အပြန်လမ်းလားလည်း မသိ။ သွားနေရသည်မှာ ခန္ဓာကိုယ်က နပေါ့ပါး၍ စိတ်မှ, ပျော်နေခြင်းကြောင့် သွားနေမိခြင်းဖြစ်သည်။

ယခုတော့ အန္တရာယ်အရောင်အသွေးများ အတွေး၌ဖြစ်ပေါ်ခြင်းနှင့်အတူ စိုးရိမ်စိတ်ဝင်လာသောအခါ စောစောက အရုပ်ဆိုးဆိုး လူထွားကြီးကို ပြေးသတိရမိသည်။ သူ လူမှားသည်ပဲဖြစ်ဖြစ်၊ သူ့အားအဖော်အဖြစ်ခေါ်လာခဲ့ရလျှင် အကောင်းသား စဉ်းစားမိသည်။ ထိုလူထွားကြီးသာ ပါလာခဲ့လျှင် တောရိုင်းတိရစ္ဆာန်တို့၏ရန်ကို ကျွန်တော့်အတွက် ကာကွယ်ပေးနိုင်စွမ်းမည်မှာ အမှန်။ ယခုတော့ အဖော်လူထွားကြီးမရှိ၊ ကျွန်တော်တစ်ယောက်တည်း တောတောင်ခရီးက တိရစ္ဆာန်ရိုင်းတို့နှင့် ဆုံတွေ့မိလျှင်ဟူသောအတွေးက ခြေလှမ်းတို့ ရှေ့မတိုးရဲ။ သို့သော်...နောက်ကြောင်းပြန်ရအောင်ကလည်း ကျွန်တော်လာခဲ့ရာလမ်းသည် ထိုတောတောင်ထဲ မည်မျှခရီးရှည်မည်လဲ။ သို့မဟုတ်မူ ရှေ့ဆက်ရမည့်ခရီးကရော မည်မျှခရီးတာရှိမည်လဲ။ ထိုတောသည် မည်မျှကြီးမား-ကျယ်ပြန့်သည်လဲဆိုသည်ကို ကျွန်တော် စဉ်းစားရခက်နေသည်မို့ ထိုနေရာမှ မရွေ့ဘဲ ခပ်တွေတွေ ရပ်နေမိသည်။ ထိုစဉ်-



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း..."

ကျွန်တော့်ဘေးမှ တောင်နံရံကို ပြေးရိုက်၍ ပြည်ဟည်းသွားသော ကျားဟိန်းသံက ထိတ်လန့်စရာကောင်းဘိတော့။ ပြီးတော့ တောတိုး၍ ပြေးသံလွှားသံတို့က တိတ်ဆိတ်နေသော တောအုပ်ထူထူထဲတွင် အကျဉ်းတန်လွန်းစွာ ရှိလှသောကြောင့် ကျွန်တော် ပတ်ဝန်းကျင်ကို လျင်မြန်စွာ အကဲခတ်ကြည့်မိသည်။ ပြေးလွှားသံတို့က တဖြည်းဖြည်းဝေးသွားခြင်းကို သတိထားမိတော့မှ စောစောက လှုပ်ခတ်သွားသော ရင်အမောကို ချိုချရသည်။

တိရစ္ဆာန်ငယ်လေးများအား စောစောကအသံကြားလိုက်ရအောင် ဟိန်းဟောက်သောကျားသည် သူ့အာဟာရအတွက် လိုက်လံသတ်ဖြတ်ခြင်းဖြစ်မည်ဟု စဉ်းစားမိပြီး အိပ်...စား...ကာမ...ဆိုသော သည်သုံးခုမျှသာသိသည့် တိရစ္ဆာန်ဘဝရောက်နေရလေတော့ အကောင်ကြီးအင်အားကြီးခြင်းမာန်နှင့် ဘဝတူချင်း အနိုင်ကျင့်ခွင့်ရသည်ဟု ဉာဏ်ညာမဲ့အတွေးတို့ဖြင့် ရိုင်းစိုင်းနေတာပဲဟု နားလည်လိုက်မိသည်။

တိရစ္ဆာန်ငယ်လေးများကို ကျားလိုက်သံ ငြိမ်သွားတော့ တောတောင်ရဲ့သဘာဝကို ပြန်ထိတွေ့ရပြန်သည်။ ဝါးတစ်ပင်နှင့် တစ်ပင်ငြိတ်သံ၊ သစ်ရွက်လှုပ်ခတ်သံ၊ ကျေးငှက်သာရကာတို့၏ အသံတို့ဖြင့် တောအလှကို သရုပ်ပြနေသည်။ ထိုစဉ် သစ်ရွက်ခြောက်များပေါ် နင်းလျှောက်လာသံကို ကြားလိုက်ရသဖြင့် ကျွန်တော် နားစွင့်လိုက်မိသည်။ အရှေ့ဘက်လား၊ အနောက်ဘက်ကလား။

ကျွန်တော် ခြေသံများကို ဂရုစိုက် နားစွင့်သည်။ ခြေသံတို့က လူခြေသံလား၊ တိရစ္ဆာန်ခြေသံလား၊ ခြေသံကတော့ များသည်။ လူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သျှင် တော်သေး၏။ တောရိုင်းတိရစ္ဆာန်များဖြစ်လျှင် သည်တော သည်တောင်၏ တောင်ကြားလမ်းအတွင်း ရှောင်ပုန်းစရာမရှိ။ ခြေသံများက တဖြည်းဖြည်းနီးလာသည်မို့ သေချာ သတိထား နားစွင့်ရသည်။ ခြေသံတို့က ကျွန်တော်လာခဲ့သော လမ်းကြောင်းဘက်မှ ဖြစ်နေသည်ကို သိလိုက်ရသဖြင့် အနီးပတ်ဝန်းကျင်ကို မျက်စိကစား၍ ကြည့်လိုက်ရာ ဝါးဆစ်ပိုင်းအကျိုးအပဲ့တစ်ခုကို တွေ့ရသဖြင့် ထိုဝါးဆစ် ပိုင်းကို ကောက်ယူလိုက်သည်။ နောက် အနီးရှိ သစ်မြစ်ဆုံကြီးတစ်ခုတွင် အသာကပ်ကွယ်၍ အကဲခတ်ရင်း ရပ်စောင့်ကြည့်နေမိသည်။

"ရှဲ..."

"အ...မ...လေး..."

ရှဉ့်ငယ်တစ်ကောင် လူသံကြား၍ အလန့်တကြားဖြတ်ပြေးပြီး တစ်ဖက်တောစပ်သို့ ဝင်သွားပြီး သစ်ပင်ကြီးတစ်ပင်ပေါ် အတင်း တက်ပြေးခြင်း ဖြစ်သည်။ မိန်းကလေးတစ်ယောက်၏ အလန့်တကြား ထအော်သံပါ ကြားလိုက်ရပြီး။

"ရှဉ့်ငယ်လေးပါ ကလေးရဲ့၊ မကြောက်ပါနဲ့"

လူကြီးတစ်ယောက်က လန့်သွားသောမိန်းကလေးကို ပြောလိုက် သံပါ ထပ်ဆင့်ကြားလိုက်ရခြင်းကြောင့် အန္တရာယ်အတွက် စိုးရိမ်စိတ် တို့ ပြေလျော့သွားသည်။ နောက် တောင်ကြောအကွေ့မှ လူကြီးတစ် ယောက်၊ မိန်းမကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်။ သူတို့ သုံးယောက် တက်လာကြသည်မို့ ကျွန်တော် သစ်ပင်အကွယ်မှ ထွက်လိုက်သည်။ ပြီးတော့ ထိုလူသုံးယောက်ကို ကျွန်တော်ရောက် နေသည့်နေရာ အကျိုးအကြောင်းမေးမည်ဟူသောအတွေးနှင့် သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



အကွယ်မှ ထွက်လိုက်ခြင်းဖြစ်သည်။ ထိုသူသုံးယောက်က ကျွန်တော့်ကိုမြင်တော့ သူတို့ တွေ့ချင်သူတစ်ယောက်ကို တွေ့လိုက်ရသလို ဝမ်းသာအားရ မျက်နှာမျိုးများဖြင့်ကြည့်သည်။ ထိုအထဲမှ မိန်းကလေးမျက်နှာက လန်းဆန်းရွှင်ပျစွာနှင့်–

"ဦးကြီး...ဟို...ဟိုမှာ...မောင်မောင်သိန်း"

"အေး...ဦးကြီးလည်း သေချာကြည့်နေတာကွဲ့။ မောင်သိန်းနဲ့တော့ ခွဲမရအောင်တူတယ်။ ဒါပေမယ့် မောင်သိန်းက ဒေါ်လျှောင်တစောင်း ထုံးတတ်တယ်ကွဲ့။ သူက..."

"ကိုဒီပရယ်...မောင်သိန်းက ဒီကထွက်သွားတာ နှစ်တွေ ဘယ်လောက်ကြာပြီလဲ၊ အခုလိုပုံစံပြောင်းချင်လည်း ပြောင်းနေမှာပေါ့။ အခုသူနေတဲ့နေရာကို ပြန်လာတာဖြစ်မှာပေါ့ရှင်"

သူတို့သုံးဦးက ကျွန်တော့်ကိုကြည့်၍ ပြောနေကြပုံက ကျွန်တော်နှင့် သူတို့ သိနေ ရင်းနှီးနေပုံ။ ပြီးတော့ မိန်းကလေးက ကျွန်တော့်ကို..."မောင်မောင်သိန်း"တဲ့။ ခေါ်ပုံပြောပုံက တစ်မျိုးမှ တစ်မျိုး။ နောက် မောင်မောင်သိန်းဆိုတာ ထိုမိန်းကလေးနှင့် အတော်ရင်းနှီးသည်လား...။

ထိုစဉ် မိန်းကလေးက ကျွန်တော်ရှိရာသို့ ခပ်နွဲ့နွဲ့လေး လျှောက်လာသည်။ ယခုမှ သတိထားကြည့်မိသည်။ မိန်းကလေး အသက်က နှစ်ဆယ်ကျော်ခန့်၊ အသားကဖြူ၍ ဖွေးသည်။ ကိုယ်လုံးက သွယ်သွယ်လျက်ခုံးအစုံက ညေးသွယ်ကွေးညွတ်နေပြီး မျက်တောင်ကော့လေးများအောက်မှ မျက်ဝန်းအစုံက ရွှန်းပကြည်လဲ့လို့။ လုံးစင်းနေတော့နှာတံနှင့် ဆေးမဆိုးဘဲ သန္တာသွေးရောင်သမ်းနေသော နှုတ်ခမ်းပါးလေးများကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်စေ့စေ့လေးနှင့် ပြုံးထားသည့်မို့ ပါးအိုးလေးများက ဖောင်းအိအိလေး ကြွနေပြီး ခပ်သွယ်သွယ် သူ့မျက်နှာလေးက လှနေသည်။ နောက်ဆံပင်လေးကို တစ်ပင်လျှိုခေါင်းအထက်မှာ ပတ်ထုံးထားပြီး နုညက်သွယ်လျသည့် ဆံမြိတ်နွယ် ခပ်ရှည်ရှည်ကို ပခုံးပေါ်မှ ဖြတ်ဆင်းစေ၍ သူ့ရင်အစုံပေါ် ဖြန့်ချထားသည်။ ပြီးတော့ သူဝတ်စားထားပုံက ပန်းရောင် ပိုးသားပျော့ အင်္ကျီလက်ရှည်ကို လက်ကောက်ဝတ်နားနှင့် ရင်စေ့အနားသားများတွင် အစိမ်းရင့်ရောင် ဇာပန်းခက်များ တွဲစပ်ဆင်ထားသည်။ သူ့ထဘီကို ကြည့်ဦး...။ အောက်ခံ ပန်းရောင်သွေးပေါ်မှ အစိမ်းရင့် ချိပ်အဆင်က ယှက်သမ်းထားသဖြင့် ဝတ်စားမှုကလည်း အပေါ်,အောက် လိုက်ဖက်နေသည်။ သို့သော် ခေတ်မိန်းကလေး တစ်ယောက်နှင့်တော့ လုံးဝမတူသည်က အမှန်။

သူ့မအေးမှ ဦးကြီး၊ ဒေါ်ကြီးဆိုသူတို့သည်လည်း ဖျဉ်နီကြမ်း အထူသားနှင့် ခြုံတဘက်များ ခေါင်းပေါင်းလျက်။ ဦးကြီး ဆိုသူက ပင်နီရောင် ရှမ်းဘောင်းဘီဝတ်ထားပြီး ဒေါ်ကြီးဆိုသူက အညိုရောင် ထဘီကို အောက်အနားတွင် အဖြူစပ်တွဲထားသေးတော့–

"မောင်မောင်"

ကျွန်တော် သူတို့သုံးယောက်ကို လေ့လာအကဲခတ်နေစဉ်မှာ အနီးရောက်လာသော မိန်းကလေးက တရင်းတနှီး "မောင်မောင်" ဟု ခေါ်လိုက်သံကြောင့် ကျွန်တော် အလန့်တကြားဖြစ်သွားမိသည်။

"မောင်မောင် ပပ...ကို မှတ်မိပါတယ်နော်"

မိန်းကလေးက ကျွန်တော့်အား ထပ်ဆင့်ပြောလိုက်သောစကားကြောင့် ကျွန်တော် အံ့အားသင့်စွာဖြင့် သူ့ကိုကြည့်မိသည်။ မောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်...တဲ့၊ ပပ...တဲ့၊ ထပ်ပြောလာပြန်သည်မို့ ကျွန်တော် နားမလည်နိုင်သလို ဖြစ်မိသည်။

"မောင်မောင်...ပပ...ကို မမှတ်မိတော့ဘူးလား မောင်မောင်ရယ်"

ခက်ချေပြီ။ ပပဆိုသည့် မိန်းကလေးက သူ့ကို ကျွန်တော် မသိခြင်းအား အတင်းမှတ်မိခိုင်းနေသည်။ ပြီးတော့ ကျွန်တော့်ကိုလည်း မောင်မောင်သိန်...တဲ့။ ဘယ်လိုနာမည်ကြီးပါလိမ့်။ နန်းဆန်လှဘိတော့။ သည်နာမည်မျိုးနှင့် ကျွန်တော်နှင့်မဆိုင်။

"မောင်သိန် မင်း ပပကို မမှတ်မိတော့ဘူးလားကွဲ့၊ သူ့ခမျာ မောင်သိန်ကို လာနိုးလာနိုး မျှော်ရတာလည်း ကြာပြီ။ တွေ့နိုးတွေ့နိုး ရှာရတာလည်း ကြာလွန်းပြီကွယ်"

ဦးကြီးဒီပဆိုသူက ကျွန်တော်မသိခြင်းမှ ငေးငေးကြောင်ကြောင်ဖြစ်၍ ကြည့်နေခြင်းကို ပပ...ဆိုသော မိန်းကလေးအတွက် အားမလိုအားမရ ထပ်ဆင့်ပြောလိုက်သည်။ ကျွန်တော် ဦးဒီပဆိုသော ဦးကြီးအားကို ခပ်ငေးငေးနားထောင်မိပြန်သည်။ ထိုစဉ်–

"ဟုတ်ပါတယ် မောင်သိန်ရယ်...ဒီနေရာကို မင်း တစ်နေ့ပြန်လာလိမ့်မယ်လို့ ဒီကလေးက ယုံကြည်ပြီး အမြဲတမ်းတနေရှာတာ။ အခု သူထင်တဲ့အတိုင်းပဲ မောင်သိန်ပြန်လာပြီဆိုပြီး သူ ဝမ်းသာသွားရှာတာကွဲ့"

ပပဆိုသောမိန်းကလေး၏အနီးရှိ ဒေါ်ကြီးဆိုသူကပါ ကျွန်တော့်အားမောင်သိန်ဟူသော အမှတ်အစွဲနှင့် ထပ်ဆင့်ဝင်ရောက် ပြောလာပြန်သည်မို့ သူတို့တစ်တွေသည် ကျွန်တော့်အား သူတို့ထင်ထားသော မောင်သိန်ဟု ယုံကြည်စွာပြောနေကြောင်း နားလည်လိုက်မိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူတို့ထင်သလို မောင်သိခ်ံ မဟုတ်။ သူတို့ကိုလည်း ကျွန်တော်မသိခြင်းကြောင့် ကျွန်တော် ဘာပြောရမှန်းမသိ။ ဤသို့ ကျွန်တော် အူကြောင်ကြောင် ငေးတေးတေးနှင့်နေမှုကို ပပဆိုသော မိန်းကလေးက ကြည့်ရင်း စောစောက ရွှင်ပျတက်ကြွသော သူ့အမူအရာတို့ ချက်ချင်းဆိုသလို ပြေလျော့ဆင်းသွားပြီး သူ့မျက်ဝန်းအစုံတွင် ရီဝေစွာ မျက်ရည်ကြည်တို့ ဝန်းရံပြည့်လာသည်။ ပြီးတော့ သူ့မျက်နှာကလေးကို နည်းနည်းငုံ့စောင်းလိုက်ပြီး ကျွန်တော့်အား ဝမ်းနည်းဟန်လေးနှင့် ကြည့်လိုက်ရင်း

"မေ့ရက်လွန်းပါ့ မောင်မောင်သိခ်ံရယ်၊ ပပလေ မောင်မောင့်ကို တစ်နေ့မှ မမေ့ဘူး။ မေ့အောင်လည်း မကြိုးစားခဲ့ဖူးဘူး။ မောင်မောင်ဟာ တစ်နေ့ ပပရှိတဲ့နေရာကို ပြန်လာမယ်ဆိုတာလည်း ယုံကြည်ပြီးသားပါ။ အခု မောင်မောင် ပပဆီပြန်လာတာ မို့လားဟင်... မောင်မောင် ပပကို သတိရတယ်မို့လားဟင်..."

ပပဆိုသောမိန်းကလေး၏ ပြောဆိုသံများက လွမ်းမောလွန်းစွာ ရှိဘိတော့၊ သည်တော့လည်း ကျွန်တော့်ရင်များ ဘာကြောင့်ရယ်မသိ လှိုက်ခုန်လာသည်။ ပြီးတော့ မိန်းကလေးတစ်ယောက်၏ လွမ်းမောမှုသံစဉ်များက ကျွန်တော့်ရင်ထဲမှ ကရုဏာစီးကြောင်းတို့ကို လှုပ်ခတ်စေကာ အပြင်လောကသို့ ခုန်ထွက်ယိုစီးစေသည်မို့ ကျွန်တော် သူ့ကို ကရုဏာအကြည့်နှင့် ကြည့်မိသည်။ သူက ကျွန်တော့်အနီး ထပ်တိုးကပ်လိုက်ရင်း သူ့လက်ချောင်း ဖြူသွယ်နုအိအိလေးများနှင့် ကျွန်တော့် လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ နူးညံ့ပျော့အိလှသော သူ့လက်ချောင်းလေးများ၏ အထိအတွေ့ကြောင့် ကျွန်တော့်ရင်ခုန်

www.burmeseclassic.com



နှုန်းက ပိုမြန်လာသည်။

"မောင်မောင်...ပပကို သိပါတယ်နော်။ အခု မောင်မောင် ပပဆီကို ပြန်လာတာပါနော်။ ဟုတ်တယ်မို့လားဟင်...ဟုတ်တယ်မို့လား..."

ခက်ပြီ...ပပဆိုသောမိန်းကလေးက သူ့တမ်းတငံ့လင့်ခြင်း လူတစ်ယောက်အတွက် မိန်းကလေးတို့ဣန္ဒြေဆိုသည်ကိုပင် ခဝါချလိုက်ပုံရသည်။ သူ မျှော်လင့်တကြီး စောင့်စားနေခဲ့ဟန်ရှိသော မောင်မောင်သိန်းအမှတ်ဖြင့် အာသာဆန္ဒတို့ တစာစာမေးသည်။ အတင်းဟုတ်ပါသည်ဟူသော သတ်မှတ်ချက်နှင့်လည်းဆိုသည်။ ယခု အချိန်အထိ ကျွန်တော့်ထံမှ ဝန်ခံစကားမရှိ။ နှုတ်ဟခွန်းဆိုမှု မရှိခြင်းကြောင့် သူ့မျက်နှာပေါ်၌ ဝမ်းနည်းမှုအရိပ်တို့ ဆင့်ကဲ ထူထပ်လာလျက် မျက်ဝန်းထဲမှ မျက်ရည်တို့က ပြည့်လျှံရစ်ဝဲလာသည်အထိ။

နောက် သူတို့၏ပြောဆိုနေပုံကို အကဲခတ်ရသည်မှာကလည်း မောင်မောင်သိန်းဆိုသူနှင့် ပပဆိုသူ သူတို့နှစ်ယောက်သည် ရိုးရိုးတန်းတန်း သိကြ၊ခင်ကြ ရင်းနှီးကြသူများအဆင့်မဟုတ်။ တစ်ဦးနှင့်တစ်ဦး ချစ်ကြင်စွာ ပေါင်းစည်းခဲ့ကြသူများ ဖြစ်ဟန်တူသည်။ သို့အတွက်ကြောင့်လည်း ကွဲကွာခဲ့ရခြင်းမှ ကျွန်တော့်အား သူ့ မောင်မောင်သိန်းဟု အထင်အမှတ်မှားလျက် သူဝမ်းသာအားရဆိုသည်များကို ကျွန်တော့်ဘက်မှ ဝမ်းသာမှုမပြုခြင်းသည် သူ့နေရာက စဉ်းစားတော့ ကြေကွဲစရာဖြစ်လောက်သည်ပင်။

"ဒီမယ်...မောင်သိန်း...မင်း...ဒီတောဒီတောင်ထဲကိုလာပြီး ဘယ်သွားမလို့လဲ..."

ပပဆိုသောမိန်းကလေး၏ ခံစားမှုကို ကြည့်ရက်ဟန်မတူတော့



www.burmeseclassic.com

www.burmeseclassic.com



သော ဦးဒီပဆိုသည့် ဦးကြီးက ဖျတ်ခနဲ ကျွန်တော့်ကို မေးခွန်းတစ်ခု မေးလိုက်သည်။ ကျွန်တော် မဖြေနိုင်။ တကယ်လည်း သည်တော သည်တောင်ထဲကို ဘယ်လိုကဘယ်လို ရောက်လာသည်ကိုပင် ကျွန်တော်မသိ။ နောက် ဘယ်ကိုရည်ရွယ်ပြီး သွားနေမိသည်ကိုလည်း ကျွန်တော်မသိ။ ကျွန်တော်သိသည်က တောရိပ်တောင်ရိပ်နှင့် အေးချမ်းလွတ်လပ်သောနေရာအဖြစ်မြင်ကာ ကြည်နူးစိတ်နှင့် သည်တော သည်တောင်ထဲတွင် လျှောက်နေမိခြင်းဖြစ်သည်။

"ပြောလေ...မောင်သိမ်...မင်း...ဘာတွေစဉ်းစားနေတာလဲ၊ ဘာတွေပြောရခက်နေလို့လဲ...၊ ပြီးတော့ မင်း တို့ကိုကြည့်ပုံကလည်း သူစိမ်းတွေ လိုပဲ၊ တို့ဟာ မင်းအတွက် သူစိမ်းတွေ မဟုတ်ပါဘူးကွယ်"

ထပ်ဆင့်မေးလာ ပြောလာသော ဦးဒီပဆိုသူကို ကျွန်တော် သေချာ ကြည့်မိသည်။ သူ့မျက်နှာက မေးရိုးကားကားနှင့် ခန့်ညားတည်ကြည်သည်။ သူ့ခန္ဓာကိုယ်ကလည်း တောင့်တင်းတုတ်ခိုင်သည်။ သူ့အကြည့်က အူကြောင်ကြောင်ဖြစ်နေသော ကျွန်တော့်အားပင် လေးစားမှုအကြည့်မျိုးနှင့်။ ထိုစဉ် ပပဆိုသော မိန်းကလေးက ကျွန်တော့်လက်မောင်းကို သူဆုပ်ကိုင်ထားရာမှ လွှပ်ခါ၍'

"ပြောလိုက်လေ မောင်မောင်...၊ ပပဆီလာတာမဟုတ်လား...၊ အခု မောင်မောင် ပပဆီပြန်လာတာလို့..."

ပပဆိုသောမိန်းကလေးကဖြင့် တကယ့်ကို သနားစရာ ကောင်းနေဘိတော့။ သို့သော် ဘာမှန်းမသိခြင်း အကြောင်းအရာတစ်ခုအား လိုက်လျောခေါင်းညိတ်ရမည့်အလုပ်မျိုးကို မလုပ်တတ်သော ကျွန်တော့် အယူအဆက ထိန်းချုပ်ထားသဖြင့်သာ။ သို့မဟုတ်လျှင် သည်မျှ



www.burmeseclassic.com

www.burmeseclassic.com



ချောချောလှလှ မိန်းကလေး၏ အားကိုးတကြီး တမ်းတမှု၊ လွမ်းမော ဝမ်းနည်းမှုများအား ကရုဏာစိတ်နှင့် ကျွန်တော် မောင်မောင်သိန်းဟု လုပ်ပစ်လိုက်မိမှာ အမှန်။ ယခုတော့ ကျွန်တော် မသိခြင်းအတွက် နှုတ်ဆိတ်တော်လျက်။ ဤသည်ကို-

"မောင်သိန်း...မင်း...အခု ပပဆီ ပြန်လာတာလား"

အနီးမှ တစ်ချိန်လုံးအကဲခတ်နေသော ဒေါ်ကြီးဆိုသူက လေအေး လေးနှင့် ရုတ်တရက် ဝင်မေးလိုက်ပြန်သည်မို့-

"ကျွန်တော် ဘယ်ကိုရယ်ဆိုတာလဲ မသိဘူး။ ဒီတောဒီတောင် ပေါ်ကိုလည်း ဘယ်လိုရောက်လာတယ်မသိဘူး။ ဒါပေမယ့် ဒီတော ဒီတောင်ပေါ်မှ လမ်းလျှောက်ရတာ အေးချမ်းပြီး ပျော်နေမိတာကြောင့် ကျွန်တော် လျှောက်သွားနေတာပါ"

"ဒေါ်ကြီး...ဒါ...ဒါဆို...သူ...ပပဆီလာတာ။ တစ်ခုခုကြောင့် သူပပတို့ကို သတိမရတော့ပေမယ့် သူနေခဲ့တဲ့ ဒီတောဒီတောင့်ကို စိတ်အမှတ်ရှိတယ်။ ဒါကြောင့် ဒီမှာ လမ်းလျှောက်နေရတာ ပျော် တာပေါ့။ ဟိုးတုန်းကလည်း မောင်မောင်ဟာ ပပနဲ့ ဒီတောင်ပေါ် တွေမှာ လမ်းလျှောက်နေရရင် သူပျော်နေတာပဲလေ။ ပြီးတော့...ဒီတော ဒီတောင်ရိပ်မှာတို့ အခြေချပြီး နေထိုင်ကြမယ်။ စိတ်ကြည်နူးစရာ သိပ်ကောင်းပြီး အေးချမ်းတဲ့နေရာလို့ မောင်မောင်ပြောဖူးတာ ပပမှတ် မိတယ်"

ကျွန်တော်ပြောပြသောစကားကြားသည်နှင့် ပပဆိုသောမိန်းကလေး သည် စောစောက ပြုံတော့မည့်မိုးကောင်းကင်ပြင် မျက်နှာကလေးက ချက်ချင်း ရွှင်လန်းဝင်းပသွားပြီး သူ့ သိမိမှုအား အားရပါးရ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ နောက် သူပြောသည့်စကားများထဲမှာ တစ်ခါက မောင်မောင်သိခ်ဆိုသူဟာ သည့်တောသည့်တောင်မှာ လမ်းလျှောက်ရတာကို ပျော်သည့်တဲ့လေ။ ယခု ကျွန်တော်သည်လည်း ဘာကြောင့်ရယ်မသိ။ သည့်တောသည့်တောင်မှာ လမ်းလျှောက်ရတာ ပျော်နေမိသည်အမှန်။ သို့ဆိုလျှင် ကျွန်တော်သည် ဘာလဲ။

ကျွန်တော်သည် ပပဆိုသောမိန်းကလေးထင်သည့် မောင်မောင်သိခ်လား...။ သည့်လိုလည်းမဟုတ်နိုင်။ ကျွန်တော့နာမည်သည် အောင်မျိုး။ ပြီးတော့ မုဆိုးမအမေရယ်၊ ကျွန်တော့ ညီမလေးတို့နှင့် နေသည်။ ကျွန်တော့်အမေနာမည်က ဒေါ်မြတင်၊ ကျွန်တော့် ညီမလေးနာမည်က မြနှင်းမို။ ကျွန်တော့်အဖေသည် ညီမလေး ငယ်ငယ်ကပင် ဆုံးပါးခဲ့ပါသည်။ ကျွန်တော်သိနေသည်မှာ သည်မျှပဲဖြစ်သည်။ ယခု တွေ့နေရသော ပပဆိုသောမိန်းကလေးကို ကျွန်တော်မသိ။ သူ့အနား မှ ဦးဒီပနှင့် အဒေါ်ကြီးတစ်ယောက်။ သူတို့ကိုလည်းမသိ။ သို့သော် သူတို့က ကျွန်တော့်ကို သိနေသည်တဲ့။ ပြီးတော့ ရင်းရင်းနှီးနှီးနောက် ဦးဒီပဆိုသော ဦးကြီးက ပြောသေး။ "မင်း တို့ကိုကြည့်ပုံကလည်း သူစိမ်းတွေလိုပဲ...တဲ့၊ တို့ဟာ မင်းအတွက် သူစိမ်းတွေ မဟုတ်ပါဘူး"တဲ့လေ။ သည်လိုဆိုလျှင် သူတို့နှင့် ကျွန်တော်သည် ဘယ်တုန်းဘယ်အခါက ဆုံစည်းမိကြသည်လဲ။ ပြီးတော့ ဘယ်လောက်အထိပတ်သတ်ခဲ့ဖူးသည်လဲ။ ကျွန်တော် အမျိုးမျိုးပြန်စဉ်းစားသည်။ ခေါင်းထဲတွင် ရှုပ်ထွေးတင်းကျပ်လာသည်။

"အင်း...မောင်သိခ်ဟာ...တို့ဆီကနေထွက်သွားရင်း ပျောက်သွားခဲ့တာ အတော်ကြာပြီပဲ။ ဒီတော့ သူ တို့ကို မမှတ်မိနိုင်တာအကြောင်း

www.burmeseclassic.com



တွေကြောင့် တို့ကိုမသိတာဖြစ်မယ်၊ ဒါပေမယ့် သူ့ရဲ့ အပြင်အသိစိတ်က တို့တစ်တွေကို မမှတ်မိပေမယ့် သူ့ရဲ့ အတွင်းစိတ်က ဒီနေရာကို နှစ်သက်စွဲလမ်းခဲ့တော့ မှတ်မိနေတယ်။ သတိရနေတယ်။ ဒါကြောင့် မသိစိတ်က သူ့ကို ဒီနေရာရောက်အောင် ဦးဆောင်ခေါ်လာတာပဲ။ သူ ဒီတောင်နဲ့ ဒီတောထဲရောက်လာတာနဲ့ သူ့စိတ်ထဲ ကြည်နူးနေတယ် ဆိုတာ မသိစိတ်ထဲမှာ ရှိနေတဲ့ ပတ်သတ်ဆက်နွယ်မှုတွေပဲပေါ့"

စဉ်းစားမရနိုင်လွန်းအောင် ရှုပ်ထွေးနေမှုကြားမှ ဦးဒီပဆိုသော ဦးကြီးက ကျွန်တော်နှင့်ပတ်သက်၍ သူ့ထင်မြင်မှုတွေကို ပြောပြနေသည်။ သူပြောပြသည့်အထဲတွင် သိစိတ်တွေရော၊ မသိစိတ်တွေရော ပါသည်။ ကျွန်တော် နားမလည်။ ကျွန်တော်သိနေသည်မှာက သူတို့ထင်သလို မောင်သိန်း မဟုတ်ဘူးဆိုတာပဲ ဖြစ်သည်။

"ကဲ...လာ...မောင်မောင်...ပပတို့နဲ့လိုက်ခဲ့၊ ပပတို့စခန်းကို ရောက်ရင် မောင်မောင်နေခဲ့တဲ့နေရာတွေကို ပြန်မြင်ပြီး မောင်မောင် ပြန်အမှတ်ရသွားမှာပါ"

ပပဆိုသောမိန်းကလေးက ကျွန်တော့်အား အတင်းလက်ဆွဲခေါ်သဖြင့် ကျွန်တော် သူဆွဲခေါ်ရာ ပါသွားခဲ့သည်။ တကယ်တော့ ကျွန်တော်သည် သူတို့ထင်သလို မောင်မောင်သိန်းမဟုတ်ဘူး။ အောင်မျိုးပါဟု ပြောပြသင့်သည်ဖြစ်သော်လည်း ပြောမပြမိဘဲ ပပဆိုသော မိန်းကလေး ဆွဲခေါ်ရာသို့ ပါသွားခဲ့ခြင်းသည် လှပချိုမျစ်သည့် ပပဆိုသော မိန်းကလေး၏ သနားဖွယ်ရာ၊ ကရုဏာ သက်ဖွယ်ရာ ဖြစ်နေခြင်းအတွက် ပပဆိုသောမိန်းကလေးအပေါ် ညွှတ်နူးယိမ်းယိုင်သွားမိ၍ လားမသိ။ မည်သို့မျှ မငြင်းဆန်ဘဲ ပပခေါ်ရာသို့ နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲ၍ သွားနေဖြစ်ခဲ့သည်။

ယခုလို နှစ်ယောက်သား လက်တွဲ၍လျှောက်နေမိရင်းမှ ကျွန်တော် ပပဆိုသောမိန်းကလေးကို အသာငဲ့ကြည့်လိုက်မိသည်။ သူ့ မျက်နှာက ရွှင်ပျပျ၊ ကျေနပ်ခြင်းအပြုံးလေးက လှလှပပ ခြယ်သလို့။

"ကလေးလည်း မောင်သိခ်ပြန်အလာကိုစောင့်ရင်း တငေးငေး တမျှော်မျှော် နေခဲ့ရတာ ကြာပြီ။ အခုမှပဲ သူ့ခမျာ ပျော်နိုင်ရှာတော့ မယ်"

"ဟုတ်ပါရဲ့၊ ကလေးလည်း သနားပါတယ်၊ အစွဲအလမ်း အတော် ကြီးရှာတာပဲ၊ မောင်သိခ်သာ အခုလိုပြန်မတွေ့သေးရင် သူ့ခမျာလည်း လွမ်းလွမ်းဆွေးဆွေးနဲ့ဒုက္ခ..."

ကျွန်တော်တို့အနောက်မှလိုက်လာကြသည့် ဦးဒီပဆိုသော ဦးကြီး နှင့် ဒေါ်ကြီးတို့ ပြောစကားများကို ကြားလိုက်မိတော့ ကျွန်တော် ပပဆိုသောမိန်းကလေးကို အသာငဲ့စောင်းကြည့်မိပြန်သည်။ နောက် သူ့ရဲ့ အချစ် အစွဲအလမ်းကြီးတတ်ပုံ၊ ချစ်သူပျောက်ကို ကာလကြာ မြင့်စွာ တမ်းတစိတ်နှင့်မျှော်လျက် အလွမ်းသည်မလေး ဖြစ်နေရှာပုံ များကို မျက်စိထဲ မြင်ကြည့်မိရင်း ကျွန်တော့်ရင်ထဲ၌ ကရုဏာသနား လေးပင် တည့်လာမိသည်။ သည်တော့လည်း ပပ စောင့်စားနေသော မောင်မောင်သိခ်သည်ပင် ကျွန်တော်ဖြစ်လိုက်ချင်ဘိတော့။ သို့မှလည်း ချစ်သူပျောက်ကို မျှော်လင့်စောင့်စားနေရရှာသည့် အလွမ်းသည်မလေး ပပ စိတ်ချမ်းသာချေမည်မဟုတ်လား။ သို့သော် ကျွန်တော်သည် သူထင်သလို မောင်မောင်သိခ်မဟုတ်ခြင်း၊ ကျွန်တော့်နာမည် အောင် မျိုးပါဟု ဘာကြောင့် ရှင်းမပြမိသည်လဲ။ အကယ်၍ ရှင်းပြလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သူ့မောင်မောင်သိမ်ဟု မှတ်ထင်လျက် အပျော်စိတ်ကလေးများ ပြန်လည်ပျောက်ဆုံးသွားချေတော့မည်။ နောက် ကျွန်တော်သည် မောင်မောင်သိမ်နှင့် မည်မျှလောက် ခွဲမရအောင် တူနေသည်လဲ။ အလွန်တူလွန်း၍သာ သူတို့ လူမှားခြင်းဖြစ်သည်မှာ အမှန်။ ထိုမျှတူနေသော မောင်မောင်သိမ်သည် သူ့အပေါ် စိမ်းကားရက်စက်လွန်းသည်ဟူသော ယူဆမှုဖြင့် ရင်ကွဲနာပင်ကျနိုင်ချေမည်။

"မောင်မောင်...ပပ...ကို စကားလေးဘာလေး ပြောပါဦးလား မောင်မောင်ရယ်"

ခက်ချေပြီ။ မောင်မောင်သိမ်မဟုတ်သော ကျွန်တော်က သူ့ကို မည်သို့စကားမျိုး ပြောရမည်နည်း။ ပြောစရာစကားက မရှိ။ ဤသည်ကို သူက ကျွန်တော့်လက်မောင်းကို လှုပ်ခါရင်း –

"ပြောလေ...မောင်မောင်..."

"ဘာပြောရမလဲ"

"အို...မောင်မောင်ကလည်း ပပနဲ့ မောင်မောင်တို့ဟာ သိပ်ချစ်ကြတာ မောင်မောင်သိရဲ့သားနဲ့။ အခုလို မောင်မောင်နဲ့ ပပနဲ့ကွဲကွာသွားခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ မောင်မောင်က ပပကို သတိရတာတွေ၊ လွမ်းရတာတွေ ပြောပေါ့"

ချစ်သူနဲ့ကွဲလို့ သတိရတာတွေ၊ လွမ်းတာတွေတဲ့လေ၊ ကျွန်တော့်ရင်ထဲ မောသွားသည်။ ဘယ်လိုပြောရမလဲ။ ဘယ်လိုလွမ်းပြရမလဲ။ ကျွန်တော့်မှာ သည်နေ့အထိ ချစ်ရမည့်သူက မရှိဖူးသေး။ သည်တော့ အချစ်အကြောင်း ကျွန်တော်မသိသေးသလို အလွမ်းအကြောင်းလည်း ကျွန်တော်မသိ။ ဤသည်ကို အချစ်အကြောင်း၊ အလွမ်းအကြောင်း

www.burmeseclassic.com



တွေကို သူက ကျွန်တော့် ပြောနိုင်းလာပြန်တော့ ကျွန်တော် ရယ်ချင်မိသည်။ သို့သော် မရယ်ဘဲ ပြုံးရုံသာပြုံးနေမိသည်။

"ဘာပြုံးတာလဲ မောင်မောင်"

ကျွန်တော့်အပြုံးကို ပပဆိုသောမိန်းကလေးက တွေ့ရှိသွားပြီး ရုတ်တရက် ကောက်မေးလိုက်သဖြင့်–

"ဩော်...မ...မဟုတ်ပါဘူး..."

"မောင်မောင်ကလဲ အရင်လို ပပနဲ့ ရင်းရင်းနှီးနှီးလည်းမရှိဘူး သူစိမ်းတွေကျနေတာပဲ"

သူက နှုတ်ခမ်းလေးကို စူလိုက်ပြီး ကျွန်တော့်လက်မောင်းကို ခပ်ဆောင့်ဆောင့်လေး ကိုင်လှုပ်ကာ ပြောလိုက်ပုံက ကန္တဲ့ကလျှနှင့်နွဲ့ဆိုးလေး...။

"မင်းနာမည်က ပပ...နော်..."

"ဟင်...မောင်မောင်ကလဲ ပပဆိုတာ မောင်မောင် အမြဲခေါ်နေကျ နာမည်လေ။ ပပနာမည်က နန်းပပဆွေ။ အဲဒါ မောင်မောင်ပဲ နာမည်က ရှည်တယ်ကွယ်...ပပလို့ပဲ အမြဲခေါ်မယ်လို့ မောင်မောင်ပြောခဲ့တာလေ။ မမှတ်မိတော့ဘူးလား"

သူက သူ့နာမည်အား မမှတ်မိတော့ဟု အထင်ရှိကာ ဝမ်းနည်းစွာ ပြောလိုက်ပြီး သူ့မျက်နှာက ချက်ချင်းဆိုသလို ညှိုးရော်ကျသွားသည်။ စောစောက လန်းဆန်းရွှင်ပျနေသော သူ့မျက်နှာအလှလေးက ရုတ်တရက် တိမ်မည်းတို့ဖုံးလိုက်သလို၊ ယခုလိုတော့လည်း သူက သနားဖွယ်ရာ။ ပြီးတော့ မောင်မောင်သိခ်ဆိုသူကို မကျေနပ်ချင်စိတ် ဖြစ်လာသည်။ တကယ်ပင် သည်လောက်ချစ်စရာကောင်းသည့် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို မောင်မောင်သိန်းဆိုသူသည် စွန့်ပစ်ခွဲခွာ၍ ရှောင်သွားရပါသလား။ အကြင်နာစိတ်မဲ့လွန်းလှဘိတော့။ သည်လိုရက်စက်တတ်သော မောင်မောင်သိန်းနှင့်မှ ကျွန်တော်က ဘာကြောင့် ရှုပ်ရှက်ခတ်နေရပါလိမ့်... စသဖြင့် ကရုဏာဖြစ်စရာကောင်းနေသော ပယအတွက်နှင့် မောင်မောင်သိန်း ဆိုသူကိုပင် အပြစ်မြင်မိလာသည်။ နောက်...ပယဆိုသောမိန်းကလေးသည် စိတ်ရောဂါဝေဒနာရှင်လေးဖြစ်ပြီး စိတ်ကူးထဲမှ မောင်မောင်သိန်းဟူသော အမည်ကို စွဲလမ်းတမ်းတကာ ကျွန်တော့်အား သူ့စိတ်ကူးထဲက မောင်မောင်သိန်းဟု စွဲလမ်းစိတ်နှင့် ပြောနေခြင်းလေလား...ဟုလည်း စဉ်းစားမိပြန်သည်။

သည်စဉ်းစားမှုလည်း မဖြစ်နိုင်။ စိတ်ရောဂါကြောင့် မောင်မောင်သိန်းဟု စွဲလမ်းစိတ်နှင့် ပြောသည်မဟုတ်။ ဦးဒီပဆိုသော ဦးကြီးနှင့် ဒေါ်ကြီးတို့ ကိုယ်တိုင်ကပါ ကျွန်တော့်ကို မောင်မောင်သိန်းဟု ယုံကြည်စိတ် ရှိပြီးသားဆိုလေတော့ ကျွန်တော်သည် အတိတ်မေ့ရောဂါသည်များလား။ သည်လိုလည်း မဟုတ်နိုင်။ ကျွန်တော့် အဖေ၊ အမေ၊ ညီမလေးနှင့် ယေ်တဝတွေကို ကျွန်တော်သိသည်မို့ ကျွန်တော် အတိတ်မေ့နေသော မောင်မောင်သိန်းမဟုတ်။ သို့ဆိုလျှင် မောင်မောင်သိန်းသည် ဘယ်ရောက်နေသည်လဲ။

"မောင်မောင်..."

သူက ကျွန်တော့်လက်မောင်းကို ဆွဲခါလှုပ်၍ ခေါ်လိုက်ပြန်သဖြင့် စဉ်းစားခြင်းအတွေးစုတို့ ရုတ်တရက် လွင့်စဉ်ရပ်ဆိုင်းသွားခြင်းနှင့်အတူ သူ့ကို ကျွန်တော် ကြည့်လိုက်မိသည်။

"ပယကို စကားပြောစရာတောင် မရှိတော့ဘူးတဲ့လား မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်...''

သူ့အသံက စိုစိုနင့်နင့်နိုင်လှသည်။ သူ့မျက်နှာက ကြေကြေကွဲကွဲ...

''ဘာပြောရမှန်းမသိလို့ပါ''

''အ...မ...လေး...''

ပပဆိုသောမိန်းကလေးက ကြောက်လန့်တကြား ကျွန်တော့်ကို ဖက်လိုက်သဖြင့် ကျွန်တော်လည်း ထိတ်ထိတ်ပျာပျာဖြစ်သွားကာ ပတ်ဝန်းကျင်ကိုကြည့်လိုက်မိသည်။ တောင်ကြားအကွေ့မှ ပြေးထွက်လာသော အစွယ်ပြူးပြူးနှင့် တောဝက်ကြီးတစ်ကောင်။

တောဝက်ကြီးက သူ့ခရီးသူသွားနေခြင်းဖြစ်သော်လည်း မမျှော်လင့်ဘဲ ကျွန်တော်တို့လူစုကို တွေ့သွားခြင်းမှ ရန်သူဟု ထင်မှတ်လိုက်ပုံရသည်။ သူ့အကြည့်က ခပ်စိမ်းစိမ်းနိုင်လှသည်။ ရှေ့လက်နှစ်ဖက်က အသင့်အနေအထား။ မြေကြီးကိုအားယူထောက်လျက် မာန်သွင်းနေသည်မို့ ကျွန်တော် ပပရဲ့ ဖက်ထားသောလက်ကို အသာဖြုတ်ဖယ်လိုက်ပြီး ပပအရှေ့မှကာ၍ ကျွန်တော် ရပ်လိုက်ကာ တောဝက်ကြီးအား အကဲခတ်ရင်း ပတ်ဝန်းကျင်ကိုလည်း မျက်စိကစားလိုက်သည်။ လက်နက်အနေအထား တုတ်တစ်ချောင်းလောက်များ တွေ့လိုတွေ့ငြားဟူ၍ ကြည့်သည်။ တုတ်ကလည်း မတွေ့။

တောဝက်ကြီးက အစွယ်ကိုပြင်သည်။ ကျွန်တော်တို့ကို အလစ်ချောင်းနေခြင်းလည်း ဖြစ်မည်။ သို့မဟုတ် ကျွန်တော်တို့ဘက်က မလှုပ်ရှားသေးခြင်းကြောင့်လည်း မာန်အပြည့်နှင့် အစွယ်ကိုပြလျက် စူးစူးစိုက်စိုက်။ တောဝက်ဆိုသည် အင်မတန်လျင်၍ တိုက်ခိုက်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



မြန်သည်။ တစ်ကိုယ်လုံး၏အင်အားကို ရန်သူထံသို့ ပစ်မှတ်ထား၍ ပြေးပက်တတ်သည်မို့ အင်မတန် လျင်မြန်စွာရှောင်နိုင်မှ အသက်ချမ်းသာရာ ရနိုင်သည်။ ထိုစဉ် ဦးဒီပဆိုသူက ကျွန်တော့်အရှေ့သို့ ခုံ့စွာတိုး၍ တောဝက်ကြီးကို စိုက်ကြည့်သည်။ စကားလုံးမဲ့ အသံမဲ့ စကားများအား မျက်လုံးများဖြင့် ပြောနေခြင်းလားမသိ။ ခဏကြာတော့ မြေကြီးကို ဖနောင့်နှင့်တစ်ချက်ဆောင့်၍–

"မင်းနဲ့ငါတို့ဟာ ရန်သူမဟုတ်၊ မင်းလမ်းမင်းသွားတော့"

ကြဖာသံပြည့်ဝသော ဦးဒီပအသံက တစ်ဖက်တောင်နံရံကိုရိုက်၍ တောအတွင်း ဟိန်းထွက်သွားသည်။ တောဝက်ကြီးသည် ခပ်စိမ်းစိမ်း ကြည့်နေရာမှ လွှင့်ခနဲခုန်လိုက်သဖြင့် ကျွန်တော် စိုးရိမ်တကြီး ပပကို ဆတ်ခနဲလှည့်ဖက်၍ မြေပြင်ပေါ်သို့ ပစ်လှဲလိုက်သည်။

"အမေ့..."

ပပဆိုသောမိန်းကလေးရဲ့ အလန့်တကြားအော်သံနှင့်အတူ သူနှင့်ကျွန်တော် ဖက်လျက် မြေကြီးပေါ်မှာ ပြန်ခေါင်းထောင် ကြည့်လိုက်တော့ တောဝက်ကြီးက မရှိတော့။

"ကဲ...မောင်သိမ်တို့...ထကြ...အန္တရာယ်မရှိတော့ပါဘူး"

ကျွန်တော် ဦးကြီးဒီပဆိုသူအသံကြားမှ ပပဆိုသောမိန်းကလေးအား ဖက်ထားသောလက်များကို သတိရကာ လွှတ်လိုက်ပြီး ပပကိုပါ ဆွဲထူလိုက်သည်။ နောက် ပေရေနေသောဖုန်များကိုပါ ခါရသည်။ ဦးကြီးဒီပ ဆိုသူက ကျွန်တော်တို့နှစ်ယောက်ကို ပြုံးကြည့်ရင်းမှ–

"မောင်သိမ်...မင်းဟာ ဒီကလေး ပပကို သတိပြန်မရသေးတဲ့ ကလွဲပြီး အရင်အတိုင်းပါပဲကွယ်...အန္တရာယ်တစ်ခုခုနဲ့ ရင်ဆိုင်ရရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေး အရှေ့ကနေပြီး မားမားမတ်မတ်ရပ်ပြီး ကာကွယ်တတ်တဲ့ မောင်သိခ်ရဲ့ ဘုဥ်အတိုင်းပါပဲလားကွယ်''

ရုတ်တရက်ဖြစ်လာသော အန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ကျွန်တော့်လုပ်ရပ်က မောင်သိခ်ဘုဥ်အတိုင်းတဲ့လေ။ တကယ်တော့ ပပဆိုသော အားနွဲ့သူမိန်းကလေး သူ့အရှေ့မှ ကျွန်တော် ရပ်ပြီး တောဆက်ကို ရင်ဆိုင်သည်။ ဤလုပ်ရပ်အား မောင်သိခ်ဘုဥ်အတိုင်းဟု ဆိုလာပြန်သည်။

''ဟုတ်တယ် ဦးကြီးရဲ့၊ သူကသာ ပပကို မသိဘဲဖြစ်နေတာ ဟိုးတုန်းက မောင်မောင်နဲ့ ပပတို့ တောခရီးကိုသွားရင်း ကျားကြီး တစ်ကောင်နဲ့ တွေ့တဲ့အခါ ပပလေ အရမ်းကြောက်သွားမိတာပေါ့။ အဲဒီအချိန်မှာ မောင်မောင်လေ ပပကို အသာ သူ့နောက် ဆွဲကာပြီး သူက ပပအရှေ့ကရပ်လို့ အဲဒီကျားကြီးကို ရင်ဆိုင်တယ်။ အဲဒီတုန်း က ပပက ကြောက်တယ်လို့ပြောတော့ ပပ မကြောက်နဲ့၊ မောင်မောင် တစ်ယောက်လုံးရှိတယ်၊ မောင်မောင့်ဓားနဲ့ ဒီကျားရဲ့ ဇီဝိန်ကို ခြွေပစ် မယ်ဆိုပြီး သူ့ဓားကြီးကို တင်းကျပ်စွာဆုပ်ကိုင်ထားတယ်။ ပြီးတော့ ကျားကြီးလည်း ဓားဒဏ်ရာများနဲ့ လန့်ပြီးပြေးတယ်၊ မောင်မောင်လည်း အဲဒီကျားကြီးကုတ်လို့ ညာဘက်ပခုံးစွန်းမှာ ဒဏ်ရာရသွားတယ်''

''ဟင်...ညာဘက်ပခုံးစွန်း...''

ကျွန်တော် ပပဆိုသောမိန်းကလေးရဲ့ စကားအား အလန့်တကြား ပြောလိုက်မိသလို ညာဘက်ပခုံးစွန်းကိုလည်း ဘယ်လက်နှင့် ရှောင် ရမ်း၍ ကိုင်လိုက်မိသည်။ တကယ်ပင် ကျွန်တော့် ညာဘက်ပခုံးစွန်း တွင် ဒဏ်ရာလိုလို မွေးကထည်းက တစ်ခုခုနှင့်ခြစ်မိထားသောအန် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



အသားပါလာခဲ့သည်ကို ကျွန်တော့်မိဘများလည်း ပြောသည်။ ကျွန်တော်လည်း ကြီးလာတော့ သတိထားမိခဲ့သည်။

သည်တော့လည်း ကျွန်တော်သည် မောင်မောင်သိန်လား အတွေးက ပြန်လည်လာပြန်သည်။ မည်သို့ပဲစဉ်းစားစဉ်းစား ကျွန်တော်သည် မောင်မောင်သိန်မဟုတ်။ ကျွန်တော်သည် အောင်မျိုး၊ အောင်မျိုးသည် ကျွန်တော်ပဲဖြစ်ချေမည်။ သို့သော် တိုက်ဆိုင်မှုကဖြင့် အံ့သြစရာ။ သို့မှ ကျွန်တော် ဦးကြီးဒီပကိုကြည့်၍-

"ဦးကြီးက အတော်စွမ်းတာပဲနော်။ တောဝက်ကြီးက ဦးကြီးကို မြင်တာနဲ့ ရန်မမူတော့ဘဲ ထွက်ပြေးသွားတယ်"

ကျွန်တော်က ရှုပ်ထွေးသောအတွေးကို ဖြေလျှော့လိုက်ပြီး ဦးကြီး ဒီပကို ပြောလိုက်သည်။

"စွမ်းတာမဟုတ်ပါဘူးကွယ်၊ တို့လည်း ဒီတောဒီတောင်ထဲမှာ နေကြတာပဲလေ။ သူတို့က တိရစ္ဆာန်၊ တို့က လူတွေ။ သက်ရှိချင်း တူပေမယ့် အနေအထားပုံသဏ္ဌာန်ချင်း မတူကြဘူး။ တကယ်တော့ ဝင်လေ,ထွက်လေနဲ့ အသက်ရှင်နေကြတဲ့ သတ္တဝါချင်း အတူတူပါပဲ။ သူတို့တစ်တွေဟာ လူတွေကို ရန်ရှာကြတယ်ဆိုတာ လူတွေဟာ သူတို့ အပေါ် မေတ္တာမထားနိုင်ကြဘဲ ရန်ရှာနေကြလို့ပါ။ ဒီတော့ သူတို့ကလည်း ရန်လိုစိတ်တွေဝင်ပြီး ပြန်ပြီး ရန်ရှာကြတာပေါ့"

ဦးကြီးဒီပက သူပြောနေသောစကားကိုရယ်၍ သာသာလေး တစ်ချက်ပြုံးလိုက်သည်။ သို့သော် သူ့အပြုံးက လေးနက်လွန်းသည်ဟု ကျွန်တော်ထင်သည်။ အဓိပ္ပာယ်တွေကိုလည်း များစွာကျယ်ပြန့်နေပုံရှိသည်။ တကယ်ပင် လူသည် အသိဉာဏ်များပါလျက်နှင့် တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သတ္တဝါအကောင်တို့၏ အသားအား အာဟာရဟု ထင်တတ်ကြသည်။ သို့အခါ တိရစ္ဆာန်တို့သည်လည်း လူဆိုသောသတ္တဝါသည် သူတို့၏ အာဟာရဟု တွေးစရာဖြစ်မနေချေဘူးလား။ ထားတော့...။ အသားစားသည့် သတ္တဝါတို့က ထိုအတွေးရှိခြင်းကြောင့် လူတို့သည် လက်ဦးမှု ရရှိရေးအတွက်ရော၊ အာဟာရအတွက်ရော သတ်သည်ဟုထားဦး...၊ အသားစားသတ္တဝါမဟုတ်သည့် ကျေးငှက်မှအစ ယုန်၊ ကျွဲ၊ နွားဆိတ်၊ မြင်း၊ သမင်၊ ဒရယ်...များအား လူကို ဘာကြောင့် အာဟာရအလို့ငှာ ရန်မူနေကြပါသနည်း။

"မောင်သိန်"

ကျွန်တော် ဦးကြီးဒီပ၏ စကားအတိမ်အနက်ကို အဓိပ္ပာယ်များစွာဖွင့်၍ ဒေးဒိုင်စဉ်းစားနေသည်ကို ဦးကြီးဒီပက သတိပေးသလို ပြောလိုက်သဖြင့် လွင့်နေသောအတွေးက ပျက်ပြယ်သွားပြီး ဦးကြီးဒီပကို အာရုံစိုက်မိသည်။ ဦးကြီးဒီပ...အပြုံးက လေးနက်၍ အေးချမ်းစွာဖြင့်–

"မောင်သိန် လောကကြီးမှာ အနိမ့်အမြင့် အယုတ်အလတ် အမြတ်မရွေးတမ်း မေတ္တာထားနိုင်ကြသူဆိုတာ ရှားတယ်လေ။ ဒီတော့ တိရစ္ဆာန်အပေါ်ဆိုရင် ဘယ်လောက်မေတ္တာထားနိုင်ကြမလဲ။ လူမှုဆိုးဆိုတာ စ,ပြီး တောထဲကိုဝင်ကတည်းက သားကောင်မှန်သမျှ အကြီး, အငယ်,အလတ်မရွေး သတ်ဖို့ပဲလေ။, တိရစ္ဆာန်တွေအပေါ်မေတ္တာထားပြီး ဝင်လာတဲ့မုဆိုးမှ မရှိတာပဲ။ အဲဒီမုဆိုးတွေက လူတွေမဟုတ်လားကွဲ့။ ဒီတော့ သတ်ချင်ဖြတ်ချင်တဲ့ စိတ်အရိုင်းတွေကို ထိတွေ့ရတဲ့ တိရစ္ဆာန်တွေက သူတို့ရဲ့စွမ်းရည်နဲ့ တုံ့ပြန်ဖို့စိတ်မွေးကြတာပေါ့။ အဲဒါ သဘာဝပါ။ ရန်သူ ရန်သူချင်း အသက်လုနေကြတာ အနိုင်ယူလို့မှ ကြိုးစားနေကြ



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲ။ ကျုပ်က ဒီတောထဲမှာနေတယ်။ ဒီတောထဲက တိရစ္ဆာန်တွေ အပေါ် သတ္တဝါချင်းဆိုတဲ့ အသိစိတ်နဲ့ အမြဲမေတ္တာပို့တယ်။ ကျုပ်က သူတို့ကို ရန်မလိုရင် သူတို့လည်း ကျုပ်ကိုရန်မလိုကြပါဘူး။ တောထဲမှာ တောဝက်ပက်လို့သေတာမျိုး ကျားကိုက် ကျားသစ်တို့ကိုက်လို့ သေတာမျိုး ဆိုတာ မှဆိုးတွေပဲရှိတာပါ။ တောထဲမှာ တရားကျင့်ပြီး အမြဲ သတ္တဝါတွေ အပေါ် မေတ္တာပွားနေကြတဲ့ ရသေ့ရဟန်းတွေကို တိရစ္ဆာန်တွေ ရန်ပြု လို့ သေတာမျိုး တစ်ခါမှ မရှိဖူးခဲ့ပါဘူးကွယ်။

ဦးကြီးဒီပက ရန်လိုမှုမလိုမှု သက်ရှိသတ္တဝါချင်းတူသည့် တိရစ္ဆာန် နှင့် လူတို့၏ မေတ္တာစိတ်ရှိမှု မရှိမှုတို့အား များပြားအေးဆေးစွာ ရှင်းပြသလို၊ ကျွန်တော်ကိုယ်တိုင်ကလည်း လေ့လာသိရှိထားမှုရှိခဲ့ခြင်း မှ သဘောတွေ့သွားမိသည်။ သို့သော် လောလောဆယ် တောဝက် အန္တရာယ်ကို ကာကွယ်ပေးခြင်းအတွက် ကျွန်တော် ဦးကြီးဒီပကို ဘလေးတစားကြည့်ရင်း–

"အခုလို အန္တရာယ်ကိုကာကွယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဦးကြီး"

ကျွန်တော် ဦးကြီးဒီပကို ကျေးဇူးတင်ခြင်းနှင့်အတူ ဦးခေါင်းကို ညွတ်၍ ဂါရဝပြုမိသည်။

"ကဲ...ကဲ...မင်းတို့နှစ်ယောက် စကားပြောရင်း အေးအေးဆေးဆေး လိုက်ခဲ့၊ ဘာအန္တရာယ်မှမရှိတော့ပါဘူး။ ဦးကြီးတို့ သွားနှင့်မယ်"

ဦးကြီးဒီပက ပြောပြောဆိုဆို ဒေါ်ကြီးဆိုသူကိုခေါ်၍ အရှေ့မှ ခပ်သွက်သွက်ထွက်သွားကြသည်။ သူတို့ခြေလှမ်းတွေက သွက်လက် လွန်း၍ မြန်လွန်းနေသည်။ တောင်ကြောအကွေ့တစ်ခု ကျော်ပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့ လမ်းက တောင်တက်လမ်းဖြစ်နေသည်။ ဦးကြီးဒီပနှင့် ဒေါ်ကြီးတို့ကို မတွေ့တော့၊ ဘို့ကြောင့် ကျွန်တော့်ဘေးတွင် လက်တွဲ၍ ပူးကပ်ပါလာသော ပပဆိုသည့် မိန်းကလေးအား ကြည့်လိုက်ရင်း–

"ပပ..."

"ဟင်...မောင်မောင်"

ကျွန်တော့် သူ့နာမည်ကိုခေါ်လိုက်သဖြင့် သူက ဝမ်းသာအားရဖြစ်သွားဟန်ဖြင့် ပျာပျာသလဲပြန်ထူးသည်။

"မင်း...တို့ကို မင်းရဲ့ မောင်မောင်သိခ်လို့ပဲ ထင်နေသလား"

"အို...မောင်မောင်...ရယ်...ဘယ်လိုပြောလိုက်တာလဲ၊ မောင်မောင်ကသာ အခု ပပကို မသိသလိုဖြစ်နေတာ၊ ပပက မောင်မောင့်ကို ဘယ်တော့မှ မမေ့ပါဘူး။ မောင်မောင်သိခ်ရဲ့ ဒီရုပ်ရည်ကို ပပက မေ့ရမှာလား"

"မင်းထင်နေတဲ့ မောင်မောင်သိခ်ဟာ တို့မဟုတ်ဘူးဆိုရင်ရော"

"မောင်မောင်...ပပကို အခုလောက် မမှတ်မိလောက်အောင် ဘယ်လိုများဖြစ်ရတာလဲ မောင်မောင်ရယ်၊ အင်းပေါ့လေ...မောင်မောင်က ပပနဲ့ အကြာကြီးဝေးသွားခဲ့တော့..."

ပပဆိုသောမိန်းကလေးက စကားကိုပြောရင်း စိုနင့်နင့်ဖြစ်ကာ စကားကို ရပ်သွားသည်။ သည်တော့လည်း ကျွန်တော် ဘာကြောင့်မှန်းမသိ ခံစားရပြန်သည်။

"ပပ...မင်းရဲ့ မောင်မောင်သိခ်အပေါ် တမ်းတမျှော်လင့်ခြင်း ဘဝကို မင်းပြောပြသမျှ တို့နားလည်ပါတယ်။ ပြီးတော့လေ...မင်းလို လှပတဲ့ မိန်းကလေးတစ်ယောက်၊ သစ္စာထား အစွဲအလမ်းကြီးပုံကို



www.burmeseclassic.com

www.burmeseclassic.com



လည်း လေးစားတယ်။ ကရုဏာလည်း ဖြစ်မိတယ်။ ဒါပေမယ့် မင်းစွဲလမ်းသူတစ်ယောက်နဲ့ ရုပ်ရည်ချင်းတူညီမှုကို အခွင့်အရေးယူပြီးတို့ ဟန်မဆောင်ချင်ဘူး''

အေးဆေးစွာပြောပြနေသော ကျွန်တော့်ပြောစကားများကို နှေးကွေးလွန်းသည့် ခြေလှမ်းများနှင့် လျှောက်လှမ်းရင်း သူက မျက်တော်မခတ်တမ်း နားထောင်လျက် ခေါင်းကလေးကို ဆတ်ခနဲ ညိတ်၍ ပြုံးပြီး–

''မောင်မောင်က ဘာကိုဟန်ဆောင်ရမှာမို့လို့လဲ''

''တို့က မင်းပြောတဲ့ မောင်မောင်သိန်း မဟုတ်ဘူး''

''ဒါဖြင့်ရင် ဘယ်သူလဲ''

''အောင်မျိုး''

''ဩော်...မောင့်မောင့်နာမည်က အခု အောင်မျိုးတဲ့လား''

''ဟုတ်တယ်''

ကျွန်တော့်စကားတွင် ဟာသမပါဘဲ သူက ပြုံးပြန်သည်။ သည်တစ်ခါအပြုံးက နှစ်နှစ်ခြိုက်ခြိုက်အပြုံး။ ပြီးတော့–

''ဩော်...အောင်မျိုးတဲ့။ ထားပါလေ။ မောင်မောင် အခု ပပတို့နေတဲ့နေရာကို သွားလို့ရောက်ရင် မောင်မောင့်ပုံ ပန်းချီကားကြီးတွေကို တွေ့မှာပါ''

''ပန်းချီကား''

''ဟုတ်တယ် မောင်မောင်ရဲ့၊ မောင်မောင့်ပုံတူ ပန်းချီကားကြီးရယ်၊ မောင်မောင်နဲ့ ပပ နှစ်ယောက်တွဲပန်းချီကားကြီးရယ်၊ ပြီးတော့ မောင်မောင်အနားယူတဲ့အချိန်မှာ အမြဲတီးခတ်တတ်တဲ့ စောင်းကောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရယ်၊ မောင်မောင်တွေ့မှာပါ”

ကျွန်တော့်ပုံတူပန်းချီကား...ကျွန်တော်နှင့် ပပ နှစ်ယောက်တွဲ ပန်းချီကား။ ပြီးတော့ ကျွန်တော် အမြဲတီးခတ်တတ်သည့် စောင်းကောက်...အကြောင်းအရာက ယခုမှ ပိုရှုပ်လာသလို ကျွန်တော့်အိမ်မှ စောင်းကောက်ကြီးကို ပြေးသတိရမိသည်။ ဘာကြောင့်မှန်းမသိ ကျွန်တော်ငယ်ငယ်တည်းက စောင်းပညာကို ဝါသနာပါ၍ သင်ယူခဲ့သည်။ လသာသာမျိုးတွေဆိုလျှင် ကျွန်တော် မအိပ်ချင်။ အိပ်ခန်းပြတင်းကို ဖွင့်၍ လရောင်ကို ကြည်နူးစွာကြည့်ရင်း “ချစ်သမျှကို” ပတ်ပျိုးလေးဆိုပြီး တီးခတ်နေရတာကို ကျွန်တော် ကျေနပ်နေသူ ဖြစ်သည်။

“မောင်မောင်”

ကျွန်တော်က တိုက်ဆိုင်မှုတစ်ခုအတွက် မိမိကိုယ်ကို စဉ်းစားရင်း ခပ်ငိုင်ငိုင်ဖြစ်နေသည်ကို ပပဆိုသောမိန်းကလေးက ရုတ်တရက်ခေါ်လိုက်သဖြင့် ခပ်ငေးငေးလမ်းလျှောက်နေရာမှ သူ့ကို လှည့်ကြည့်လိုက်မိသည်။ သူ့မျက်နှာက တစ်ခုခုကို အလေးအနက်ထား ပြောပြနေဟန်မှ ရုတ်တရက်ပြုံးလိုက်ပြန်ရင်း–

“ပြောရဦးမယ်...မောင်မောင်၊ မောင်မောင့်အနားမှာ ပပထိုင်နေရင် အဲဒီစောင်းကောက်ကြီးကို ထယူပြီး “ချစ်သမျှကို” ပတ်ပျိုးကို မောင်မောင်က အမြဲဆိုပြတယ်။ အဲဒီအခါမှာ ပပက မောင်မောင့်ပခုံးကို မှီပြီး အရမ်းကြည်နူးမိတာ မောင်မောင်ရယ်”

သည်တစ်ခါဖြင့် ကျွန်တော့်ရင်ထဲ လှုပ်ခတ်သွားအောင် အံ့သြစိတ်တွေ ဖြစ်မိခြင်းမှ သူ့ကို ကျွန်တော် စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။ စောင်းကောက်ကြီးနှင့် ချစ်သမျှကိုပတ်ပျိုးကို အမြဲဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ဘယ်လိုတွေဖြစ်ကုန်ပြီလဲ။ ကျွန်တော် စောင်းတီးတာတဲ့တာ သူသိနေလို့များလား။ ပြီးတော့ ကျွန်တော် ချစ်သမျှကိုပတ်ပျိုးကိုမှရွေးပြီး နှစ်ခြိုက်မိတာရော သူ သိနေသလား။ စဉ်းစားရခက်လောက်အောင် ကျွန်တော့်အတွက် ပို၍...ပို၍ ရှုပ်ထွေးလာသည်။ သူက မပြီးဆုံးသေးသော သူပြောလို့မှုစကားများကို ဆက်နေရင်း အသံက လှိုက်ဖိုဝမ်းနည်းသံပါလာသည်။

"မောင်မောင်နဲ့ ပပတို့ အဲဒီလို တူနှစ်ကိုယ် ကြည်နူးပျော်ရွှင်နေရာက မောင်မောင် ခရီးထွက်သွားတယ်။ အဲဒီတည်းက မောင်မောင် ပပဆီ ပြန်ရောက်မလာတော့ဘူး။ ပပလေ မောင်မောင့်ကိုပဲစောင့်စားရင်း လွမ်းခဲ့ရတာ ကြာလွန်းပါပြီ။ အခု မောင်မောင်နဲ့ပြန်တွေ့တော့ ပပလေ ဝမ်းသာလိုက်တာ။ ဒါပေမယ့် မောင်မောင်က ပပကို မသိဘူး။ မောင်မောင်သိခဲ့ မဟုတ်ဘူးဆိုတော့..."

သူ့အသံတို့က ပြောရင်းပြောရင်း စိုနင့်နင့်ဖြစ်ကာ စကားစ ရပ်သွားသည်။ သူ့ မျက်ဝန်းမှ မျက်ရည်တို့က အလိမ့်လိမ့်စီးကျလို့။ ပြီးတော့ အထက်အောက် နှုတ်ခမ်းပါးလေးနှစ်ခုကို ခပ်စေ့စေ့လေး စေ့ပိတ်၍ ခပ်သိမ့်သိမ့်လေးပင် ရှိုက်နေပြန်သေးတော့။

သည်တော့လည်း သူ့ကိုကြည့်ရင်း စိတ်မကောင်းဖြစ်ရပြန်သည်။ တစ်ယောက်သောသူ၏ တမ်းတစွဲလမ်းမှု၊ မျှော်လင့်မှုအတွက်မဟုတ်ဘူးဟု ပြောမိသော ကျွန်တော့်စကားသည် မှားလေပြီလား။ နောက် သူပြောပြသော တိုက်ဆိုင်မှုတွေက ဘာကြောင့်ဖြစ်နေတာလဲ။

"ကဲ...တိတ်...တိတ်ပါ...ပပ...ရယ်"

ကရုဏာစိတ်၏ တိုက်တွန်းမှုနှင့်အတူ ကျွန်တော် သူ့ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



အသာအယာဆုပ်ကိုင်လိုက်ပြီး သူ့မျက်ရည်များကို သုတ်ပေးမိလိုက်သည်။ သူက မျက်ရည်များကြားမှ ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြည့်ရင်း–

"မောင်မောင်ရယ်...ပပ...လွမ်းနေရတာ ကြာပါပြီ။ အခုလို မောင်မောင့်ကိုပြန်တွေ့ရတဲ့အချိန်မှာ ပပ...လို့ မောင်မောင်ရဲ့ ဝမ်းသာအားရခေါ်လိုက်တဲ့ အသံလေးသာ ကြားလိုက်ရရင် ပပရဲ့ အနှစ်နှစ်အလလ မောင်မောင့်ကို စောင့်စားမျှော်လင့်ရင်း လွမ်းခဲ့ရတဲ့ အလွမ်းတွေ တစ်ခါတည်း ပြေသွားမှာ။ အခုတော့ မောင်မောင်က ပပကို သတိမရလောက်အောင် မသိနိုင်ဘဲ မေ့နေပြီဆိုတော့–

သူက မျက်ရည်တို့ကို သုတ်ပေးနေရင်းကြားမှ သူ့ခံစားမှုကို ဆက်ပြောပြုကာ မျက်ရည်တို့က ထပ်စီးလိမ့်၍ အပြေးအလွှားဆင်းလာကြပြန်သည်။ သည်တော့လည်း အစွဲလမ်းလွန် မိန်းကလေး တစ်ယောက် ဝေဒနာဖြစ်စေဖို့အတွက် ကျွန်တော်သည် ဘာကြောင့်များ သည်တောသည်တောင်ပေါ်ကို ရောက်လာရပါလိမ့်...။ ကျွန်တော် သည်နေရာကို ရောက်မလာလျှင် ပပဆိုသောမိန်းကလေးလည်း ကျွန်တော့်ကို တွေ့မည်မဟုတ်။ မတွေ့မိခြင်းအတွက် သူ ယခုလို ကြေကွဲစွာ ခံစားရမည်မဟုတ်ဟု စဉ်းစားနားလည်မိလိုက်သည်။

နှစ်ယောက်သား တောင်ကြောအကွေ့မှဆင်းလာခဲ့ကြရင်း တောင်ခြေရောက်သွာတော့ သဲချောင်းရေစပ်စပ်နှင့် ကျောက်တုံး ကျောက်ဆိုင်ခဲကြီးများက သဲချောင်းအတွင်း သဘာဝဖြစ်တည်လျက်။ သဲချောင်းရေစပ်စပ်ထဲ ဆင်းလိုက်တော့ ရေက အေးစိမ့်စိမ့်လေး။ ချောင်းနှစ်ဖက်က ကျောက်တောင်နံရံကြီးတို့ ကာစီးလျက်သား။



www.burmeseclassic.com

www.burmeseclassic.com



ပပဆိုသောမိန်းကလေးက ကျွန်တော့်လက်ကိုဆွဲ၍ သူသွားလိုရာကို သဲချောင်းအတိုင်းခေါ်သွားသည်။ သဲချောင်းနှစ်ဖက်ရှိ တောင်ကြောကြီးများက အလျားလိုက် မည်းမှောင်ရှည်လျားသည်မသိ။ သဲချောင်းအတိုင်း လျှောက်လာရင်း လုံးချောချောကျောက်တုံးကြီးသုံးလုံးပေါ်တွင် ထုထည်ခိုင်မာသော ကျောက်ပြားကြီးတစ်ခုက တကယ့်ကျောက်စားပွဲကြီးဖြစ်အောင် ထွင်းထုထားသလို၊ သဘာဝဖြစ်တည်မှုက ဆန်းဘိတော့။ ကျွန်တော် ပပဆိုသောမိန်းကလေး လက်ဆွဲခေါ်ရာ သဲချောင်းအကွေ့အကောက်များအတိုင်း လျှောက်လိုက်ခဲ့ရာမှ သူက ရပ်လိုက်ပြီး ကျွန်တော့်ကိုကြည့်သည်၊ သူ့အကြည့်က စောစောကပိုထားပေမယ့် ယခုတော့ ကြည်လင်လို့။ ပြီးတော့

"မောင်မောင်...ဒီဂူကြီးမမှတ်မိဘူးလား"

သူလက်ညှိုးညွှန်ပြတော့မှ သေချာကြည့်မိသည်။ မြင့်မားသောတောင်နံရံ၏အောက်ခြေမှ ကျောက်ဂူကြီး။ ကျောက်ဂူပေါ် အတက်နေရာမှ ကျောက်တုံး,ကျောက်ပြားများက လှေကားထစ်သဖွယ် အစီအရီနှင့်။

"မောင်မောင်ကိုယ်တိုင် ပပအတွက် လုံခြုံစိတ်ချရတဲ့နေရာဆိုပြီး ရှာတွေ့ထားတဲ့နေရာလေ၊ ရှုပ်ထွေးလှတဲ့ နေပြည်တော်ရဲ့ အရေးအခင်းကြားမှာ ပပကို စိတ်မချဘူးဆိုပြီး မောင်မောင်ပဲ ပပရယ်၊ ဦးကြီးဒီပရယ်၊ ဒေါ်သူဇာရယ်တို့ကိုပါခေါ်ပြီး ဒီနေရာကို ပြောင်းရွှေ့လာတာလေ"

ဒီနေရာက ကျွန်တော်ရှာတွေ့သည့်နေရာဟု သူက ပြောနေချေတော့သည်။ တကယ်ဆို ကျွန်တော်ကိုယ်တိုင်ပင် သူခေါ်လာ၍ ယခုမှရောက်ဖူးသည်။ ပြီးတော့ နေပြည်တော်ရဲ့အရေးအခင်း...။ ဘယ်နေပြည်



www.burmeseclassic.com

www.burmeseclassic.com



တော်လဲ။ မောင်မောင် သိခ်ဆိုသူက ဘာလဲ...။ ဟိုးလမ်းမှာတုန်းက ရုပ်ဆိုးဆိုးလူထွားကြီးက ကျွန်တော့်ကို လူမှား၍ ဗိုလ်မင်းဟုခေါ်သည်ကို ပြန်သတိရမိပြန်သည်။

"ကဲ...လာ...မောင်မောင်...ဂူထဲကို ဝင်ကြည့်ရင် ပယပြောပြတာတွေကို မောင်မောင်ယုံသွားမှာပါ"

သူက ကျွန်တော့်လက်ကိုဆွဲ၍ ဂူပေါက်ဝရှိ ကျောက်တုံးများပေါ် လှမ်းတက်၍ ခေါ်သွားသည်။ ဂူထဲရောက်တော့ အပေါ်သို့တက်သည့် ကျောက်လှေကားထစ်များ။ လှေကားထစ်ဆုံးတော့ အခန်းကျယ်ကြီး တစ်ခု။ အခန်းထဲမှာ ကျောက်စားပွဲသဖွယ် လုံးချောချော ကျောက်တုံး နှစ်တုံးပေါ်မှ ကျောက်ပြားကြီးတစ်ခု။ ထိုကျောက်ပြားစားပွဲပေါ်မှာ တင်ထားသည့် မှန်စီရွှေချ စောင်းကောက်ကြီးက အရောင်အသွေးတို့ မှေးမှိန်လွန်းစွာ ဖုန်အလိမ်းလိမ်းနှင့်။ မောင်မောင်သိခ်တီးသည့် စောင်းကောက်ဆိုတာပဲဟု၍ ကျွန်တော် နားလည်လိုက်သည်။

"မောင်မောင်...ဒီပုံကိုကြည့်ပါဦး"

သူက ကညင်ဆီမီးခွက်ဖြစ်ဟန်တူသော ဆီမီးခွက်များအား မီး ထွန်းညှိလိုက်သဖြင့် ဂူအတွင်းမှာ ပို၍လင်းလာသည်နှင့် ကျွန်တော့်ကို ဂူနံရံဆီသို့ ညွှန်ပြရင်း ပြောသဖြင့် ကျွန်တော်ကြည့်လိုက်မိသည်။ ပန်းချီဆေးတို့ မှိန်နေပေမယ့် ပန်းချီပုံထဲမှလူ၏ ရုပ်ရည်ပုံသဏ္ဌာန်ကိုတော့ ထင်ထင်ရှားရှားမြင်ရသည်။ ထိုပုံကို ကျွန်တော်ကြည့်ပြီး အလွန်အမင်း အံ့သြသွားသည်။ တကယ်ပင် ကျွန်တော့်ရုပ်နှင့် ခွဲမရအောင် တူလွန်း သည်။

သို့သော် ထိုသူက မင်းနေပြည်တော်မှ စစ်ဗိုလ်တစ်ဦး၏ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားများနှင့်။ သျှောင်တစောင်းနှင့် ခန့်ညားသည်။ လက်မှ ဓားကို ဆုပ်ကိုင်ထားပုံက စစ်သွေးစစ်မာန်ပါဘိတော့။

"မောင်မောင်...ဒီဘက်ပုံကို ထပ်ကြည့်ဦး..."

သူက တစ်ဖက်နံရံမှာချိတ်ဆွဲထားသော ပန်းချီပုံတူကြီးကို ပြသဖြင့် ကြည့်လိုက်မိပြန်တော့ မောင်မောင်သိန်းဆိုသူနှင့် ပပဆိုသော မိန်းကလေး တို့ တွဲလျက် ပန်းချီပုံတူကြီး။ ထိုပုံထဲ၌ မောင်မောင်သိန်း ဆိုသူက ညာဘက်လက်မှာ သူ့လက်သုံးတော်ဓားကို ခပ်တင်းတင်း ဆုပ်ကိုင်ထား ပြီး ဘယ်ဘက်လက်က သူ့ချစ်သူ ပပဆိုသော မိန်းကလေး၏ ပခုံးကို သိုင်းဖက်ထားပုံဖြစ်သည်။

"မောင်မောင်...အခု မောင်မောင်က ပပကိုလည်း သတိမရ၊ ကိုယ့်ဘဝကိုယ်လည်း သတိမရလို့ ဘယ်လိုပဲ အောင်မျိုးဆိုတာ ဖြစ်ဖြစ် ...အခု ဒီပုံတွေကြည့်ပြီး မောင်မောင်ဟာ မောင်မောင်သိန်းဆိုတာ ယုံပြီမဟုတ်လား"

သူက ကျွန်တော့်အား မောင်မောင်သိန်းဖြစ်ကြောင်း ယုံခိုင်းနေ ချေပြီ။ ခက်သည်က သူပြသော မောင်မောင်သိန်းနှင့် ကျွန်တော် အကြောင်းများ သည်မျှ ခွဲမရအောင်တူနေရသည်လဲ။ ပပဆိုသော မိန်းကလေးနှင့် စ,တွေ့စဉ်က ကျွန်တော့်အား မောင်မောင်သိန်းဟု ပြောနေခြင်းကို လောကမှာ လူတူမရှား နာမည်တူမရှားဟု ခပ်ပေါ့ ပေါ့ပင် တွေးမိသည်။ ယခုတော့ သည်မျှ ကျွန်တော်နှင့်တူသူ တစ်ယောက်၏ ပုံတူပန်းချီပုံကြီးကိုမြင်ရတော့ မိမိကိုယ်ကိုယ် မှန်ထဲ မှာ ပြန်မြင်နေရသလို ခေတ်ကာလဆံပင်ယဉ်ရှုံးဖွဲ့မှု အဝတ်အစား အသွင်ကွာနိုင်ကလွဲလို့ ရုပ်ရည်က သည်မျှတူလွန်းသည်ကို မအံ့ဩမိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်ခဲ့။

"မောင်မောင်...ပယကို စကားလေးဘာလေးပြောပါဦး...မောင်မောင်ရဲ့..."

"ဘယ်လိုပြောရမလဲမသိဘူး"

"မောင်မောင် စဉ်းစားရခက်နေပြီလား။ မောင်မောင်ရယ်...လောကမှာ တစ်ယောက်နဲ့တစ်ယောက် လူချင်းတူတယ်ထား။ အခုလောက်အထိတော့ မတူပါဘူး မောင်မောင်ရယ်..."

သူက ကျွန်တော်ထိုင်နေရာအနီးမှ အသာထွက်သွားပြီး ကျောက်စားပွဲပေါ်တွင်တင်ထားသော စောင်းကောက်ကြီးအား အဝတ်စတစ်ခုနှင့် ဖုန်တွေဘာတွေခါသည်။ ဖုန်တွေက အလိမ်းလိမ်းလွင့်ပျံလျက်။ ပြီးတော့...စောင်းကောက်ကြီးကို အသာ မ,ယူလာသည်။

"ရော့...မောင်မောင်၊ မောင်မောင့်ရဲ့စောင်းကောက်ကြီးဟာ သခင်မဲ့နေတာ ကြာပါပြီ။ နည်းနည်းလေး လက်တို့စမ်းရင်း ကြိုးညှိပြီး တီးလိုက်ပါဦး"

ကျွန်တော် စောင်းတီးတတ်သည်ဖြစ်သော်လည်း ယခု၌မတီးရဲ။ အကယ်၍ ယခုတီးပြခဲ့လျှင် ကျွန်တော်သည် မောင်မောင်သိခ်မို့လို့ ယခုလို တီးပြနိုင်ခြင်းဖြစ်သည်ဟု သူ့အစွဲအလမ်းစိတ်က ပို၍စွဲမြဲသွားချေတော့မည် အမှန်။ သို့ကြောင့်-

"တို့ အဲဒါကြီး မတီးတတ်ပါဘူးကွယ်"

"ဟင်...မောင်မောင် တကယ်ပြောတာလား"

"တကယ့်ပေါ့၊ တို့မှ မတီးတတ်တာ"

"မောင်မောင်ရယ်...မောင်မောင် ဒီ့စောင်းကောက်ကြီးကို မတီး



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူးဆိုတာ ပပ မယုံဘူး။ ပပကို တီးမပြချင်တာဖြစ်မယ်... မောင်မောင်''

သူ့အသံက ပြောရင်း စိုနင့်နင့်လေး ဖြစ်လာကာ နောက်ဆုံး 'မောင်မောင်'လို့ခေါ်လိုက်သည့်အသံက ရှိုက်ငင်ငင်လေးပင် ဖြစ်နေသည်မို့ ကျွန်တော် သူ့မျက်နှာကို သေချာကြည့်လိုက်မိသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်များ ရစ်လည်လျက်နှင့်–

''မောင်မောင်...ပပကို ချစ်သေးရဲ့လားဟင်''

ခက်ပြီ...ပို၍ခက်လာချေပြီ။ သည်မေးခွန်းက အဖြေရအခက်ဆုံး။ ကျွန်တော့်မှာ ချစ်သူဟူ၍ မရှိဖူးခဲ့။ သူ့ ရုပ်ရည်အနေအထားနှင့် ကရုဏာဖြစ်ဖွယ်ကောင်းနေခြင်းအတွက် ယောက်ျားတစ်ယောက်အနေနှင့် ချစ်နိုင်လောက်သည်အမှန်။ သို့သော် ကျွန်တော်သည် သူ အင်မတန်ချစ်သော မောင်မောင်သိခ်မဟုတ်သလို မောင်မောင်သိခ်အမှတ်ဖြင့်တော့ သူ ပြန်ချစ်သည့် အချစ်မျိုးကို ကျွန်တော် မလိုချင်သည်က အမှန်။ သို့အတွက် သူ့အမေးစကားကို ကျွန်တော့်ထံမှ အဖြေမထွက်ဖြစ်ခဲ့သဖြင့်–

''မောင်မောင်ရယ်...ဒီလောက် သက်သေတွေနဲ့ပြနေတာတောင် မောင်မောင် ပပပြောတာ လက်မခံသေးဘူးလား။ ပပကို သတိမရသေးဘူးလား။ ထားပါလေ...မောင်မောင် တစ်နေ့ သတိရလာမှာ။ ပပကတော့ မောင်မောင့်ကို အမြဲချစ်နေရသူကို...အင်း...မောင်မောင်လည်း သတိပြန်ရလာရင် ပပကိုချစ်မှာပါ။ ဘာလို့လဲဆိုတော့ မောင်မောင်နဲ့ ပပတို့ သစ္စာပြုခဲ့ကြဖူးတာပဲ။ မောင်မောင်နဲ့ ပပတို့ ဘယ်ဘဝရောက်ရောက် မောင်မောင်လည်း ပပကလွဲလို့ ဘာသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မှ မချစ်နိုင်ပါစေနဲ့၊ ဘယ်သူနဲ့မှ မပေါင်းဆုံနိုင်ပါစေနဲ့၊ ပပလည်း မောင်မောင်ကလွဲလို့ ဘယ်သူ့ကိုမှ မချစ်နိုင်ပါစေနဲ့ မပေါင်းဆုံနိုင်ပါစေနဲ့လို့လေ။ အဲဒီလို နှစ်ဦးသဘောတူပြုခဲ့ကြတဲ့ သစ္စာကတိကြောင့် မောင်မောင် ပပကို အခု သတိမရသေးပေမယ့် မောင်မောင်ဟာ ဘယ်သူ့ကိုမှ ချစ်နိုင်မှာလည်း မဟုတ်ဘူး၊ ပေါင်းဆုံနိုင်မှာလည်း မဟုတ်ပါဘူး မောင်မောင်ရယ်...''

သည်တစ်ခါတော့ အရင်လိုခံစားမှုအသံမျိုးမဟုတ်။ အေးဆေးလေးနက်စွာသော ကျွန်တော့်နှင့် သူ သစ္စာပြုခဲ့ပုံတွေကို ပြောပြသည်။ ထိုသို့ပြောပြသူက ဘာမှဖြစ်ဟန်မပြပေမယ့် ကျွန်တော်က နားထောင်ရင်း လည်ချောင်းထဲ ခြောက်ကပ်ကပ်ဖြစ်၍ ရေဆာလာသည်။ နောက် အသက်ရှူလည်း ကျပ်၍ မောပန်းလာသည်ကို သတိပြုမိခြင်းမှ ပတ်ဝန်းကျင်ကို အကဲခတ်သလိုကြည့်မိသည်။ ကညင်ဆီးမီးခိုးငွေ့တို့ ဂူထဲတွင် လှိုင်နေသည်ကို မြင်ရခြင်းကြောင့် ထိုမီးခိုးအငွေ့များကြောင့် အသက်ရှူကျပ်ခြင်းဟု နားလည်စိတ်နှင့်အတူ ရုတ်တရက် ထိုင်ရာမှ ထလိုက်ပြီး ဂူပြင်သို့ ပြေးထွက်သည်။

''မောင်မောင်...မောင်မောင်''

ပပဆိုသောမိန်းကလေးခေါ်သံကိုကြားပေမယ့် ကျွန်တော် လှည့်မကြည့်မိ။ အသက်ရှူက တဖြည်းဖြည်းပိုကျပ်လာသည်မို့ အပြင်အပလေ ရှူနိုင်ခွင့်အတွက် လောလောဆယ် ဂူအပြင်ရောက်ဖို့ အရေးကြီးသည်။

''မောင်မောင်...မောင်မောင်...ပပကို နောက်တစ်ကြိမ်ထားရစ်ခဲ့ဦးမလို့လား မောင်မောင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



ပပဆိုသောမိန်းကလေး၏ သနားစရာ အော်ဟစ်ပြောဆိုသံထဲတွင် ငိုသံတို့က အလိမ်းလိမ်းကပ်ငြိပါလာသည်ကို သိသော်လည်း ကျွန်တော် ကျောက်ရုပ လှေကားထစ်များကို ပြေးဆင်းနေမိသည်။ လှေကားထစ်တစ်ခုကို ကျော်နင်းပြေးဆင်းမိပြီးမှ အားလွန်၍ ကျွန်တော် လှေကားထစ်များအတိုင်း လိမ့်ကျသွားခြင်းကြောင့် အလန့်တကြား အော်လိုက်မိသည်။

"အား..."



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"အား..."

"ဟင်...သား...သား"

"ကိုကို...ကိုကို"

ကျွန်တော် အလန့်တကြားအော်လိုက်မိခြင်းနှင့်အတူ ပထမဆုံး အနီးကပ်ကြားလိုက်ရသည့်အသံများက ကျွန်တော့်အမေခေါ်လိုက်သံ။ နောက် မရှေးမနှောင်း ကျွန်တော့်ညီမလေးရဲ့ ခေါ်နေကျအသံ။ လုံးဝ မကြားရတော့သည်က ကျောက်ဂူကြီးထဲတွင် ကျန်ရစ်ခဲ့သည့် မှုပဆိုသော မိန်းကလေး၏ အသံဖြစ်သည်။ ပပတစ်ယောက် အသက်ရှုကျပ်ပြီး မခေါ်နိုင်တော့ဘူးဟု အတွေးဖြစ်မိကာ ကျွန်တော် မျက်လုံးကို တဖြည်းဖြည်းဖွင့်ကြည့်မိသည်။

"သား...သား...သတိရလာပြီနော်၊ ဝမ်းသာလိုက်တာ သားရယ် ...ဝမ်းသာလိုက်တာ"

"ကိုကို...ဝမ်းသာလိုက်တာကိုကိုရယ်၊ ညီမလေး ဝမ်းသာလိုက် တာ"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရဲ့ ဝမ်းသာအားရပြောပုံ၊ ညီမလေးမြနှင်းမိုးရဲ့ ဝမ်းသာနေသည့် မျက်နှာများအား ပထမဆုံးမြင်ခွင့်ရလိုက်သလို သူတို့၏မျက်နှာများပေါ်တွင် မျက်ရည်များက စွတ်စိုနေဆဲ။ နောက် ပတ်ဝန်းကျင်ကို မျက်စိကစား၍ ကြည့်မိသည်။ ပပဆိုသောမိန်းကလေးကိုကား မတွေ့ရ။

"ဟင်း..."ခနဲ သက်ပြင်းမောတစ်ခုကို အပြင်အပသို့ ထုတ်ပစ်လိုက်မိပြီး အနံ့အသက်တစ်ခုကို ရှူရှိုက်မိလိုက်သည်နှင့် ကျွန်တော်တို့ ဗိုလ်ချုပ်ဈေးအသစ်ထဲမှ 'ဇေ' ဆေးမျိုးဆိုင်ကဖြန့်ချိသော "ဆက်ဂျီတောလ်"ပိုးသတ်ဆေးအနံ့သင်းသင်းလေးကို မှတ်မိသွားခြင်းနှင့် ပုဂ္ဂလိကဆေးရုံတစ်ရုံဖြစ်ကြောင်းပါ ရဉ်းစားမိသွားသည်။

တကယ်ပင် ကျွန်တော်ရောက်နေသည်က သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခန်းထဲမှ ခုတင်တစ်လုံးပေါ်မှာ။ အခန်းထဲရှိ စားပွဲတစ်လုံးပေါ်တွင် ဟောလစ်ပုလင်း၊ ဘီစကစ်ထုပ်၊ ပန်းသီး၊ လိမ္မော်သီးများ...။ နောက်...ကြိုးလ်တုစလော်င်းနှင့် ဆက်သွယ်ထားသော တီဗီမှလွှင့်ထုတ်နေသည့် နိုင်ငံခြားအဆိုတော်များဆိုနေသည့် ရုပ်ပုံရိပ်နှင့် သီချင်းများ၊ အခန်းကြမ်းခင်းကို အပြည့်ခင်းထားသော အစိမ်းရောင်ကုံနီကော်ဇော။ ကျွန်တော်လှဲနေရသည့် ခုတင်ပေါ်မှ မွေ့ရာက အိညက်နေသော ဆိုဖာမွေ့ရာနှင့် သန့်ရှင်းဖြူလွနေသော မွေ့ရာခင်း။ ပြီးတော့ အဲယားကွန်းအရသာ အေးမြမြလေး။

"ကျွန်တော် ဘယ်လိုဖြစ်ပြီး ဆေးရုံရောက်နေတာလဲ"

"သားနေမကောင်းဖြစ်လို့ ဒီဆေးရုံရောက်လာတာလေ၊ ဒီကိုရောက်မှ သားက သတိလစ်မေ့မြောနေလို့ အမေဖြင့် အသက်မှ

www.burmeseclassic.com



ပြန်လည်ပါဦးမလားလို့ စိုးရိမ်ပြီး ငိုလိုက်ရတာ သားရယ်''

''ဟုတ်ပါရဲ့ကိုကိုရယ်...ညီမလေးလည်း ကိုကို့အတွက် ငိုလိုက်ရတာ''

ဟုတ်သည်ပေါ့။ ကျွန်တော်နေမကောင်းဖြစ်ခဲ့သည်ပဲ။ အပြင်ဆေးခန်းမှာ ရောဂါမသက်သာဘဲ ပိုပိုဆိုးလာလို့ သည်ဆေးရုံကို တင်ခဲ့သည့်အဖြစ်များကို ပြန်သတိရလာမိသည်။

''သားသူငယ်ချင်းတွေလည်း သားကို စိုးရိမ်ပြီး နေ့တိုင်း လာလာကြည့်ကြတယ်ကွဲ့။ ဟို သားသူငယ်ချင်း ထက်ကျော်ကလေ သူကလက္ခဏာတွေ ဗေဒင်တွေတတ်သလားမသိဘူးကွဲ့။ သားသတိလစ်နေတုန်း သားလက်ဝါးကို ယူကြည့်ပြီး မစိုးရိမ်ပါနဲ့အဒေါ်ရယ်၊ ဒီကောင်ပြန်သတိရလာမှာပါလို့ ပြောတယ်ကွဲ့။ အင်း...တချို့ကလည်း အာရုံကြောပြတ်သွားတာလိုလို ပြောသူကပြော၊ တချို့ကလည်း ဝိညာဉ်လည်ပြီး မြောနေတာတဲ့။သူ့ ဝိညာဉ်လည်နေရာက အထိတ်တလန့်ဖြစ်သွားတဲ့အချိန်၊ သူ့ဝိညာဉ်က ဒီမှာပြန်ကပ်မယ်တဲ့။ အမျိုးမျိုးပါပဲသားရယ်...''

အမေပြောပြသော လွင့်ပါးပြီး လည်မြောနေသည့်ဝိညာဉ် အထိတ်တလန့်ဖြစ်သွားတဲ့အချိန်ဆိုသည့်စကားကြောင့် ကျွန်တော် ကျောက်ဂူကြီးရဲ့ လှေကားထစ်မှ ခြေချော်လိမ့်ကျပြီး အလန့်တကြားအော်လိုက်မိပုံကို ပြန်အမှတ်ရမိသည်။

ဘယ်နေရာမှန်းမသိသည့်...

တောနှင့်တောင်တန်း...

ပြီးတော့...



www.burmeseclassic.com

www.burmeseclassic.com



ပပ...ဆိုသော နန်းပပဆွေ...

နောက်...

ဦးဒီပ၊ ဒေါ်ကြီးဒေါ်သုဇာ အရုပ်ဆိုးဆိုးလူထွားကြီးရယ်၊ ကျောက်ရုကြီးရယ်၊ ကျွန်တော်နှင့် ပုံတူပန်းချီကားကြီးများရယ်၊ ဖုန်အလိမ်းလိမ်းနှင့် စောင်းကောက်အိုကြီးတစ်လက်ရယ် မျက်စိထဲ တစ်ခုချင်း ပြန်မြင်မိနေသည်။

"ဩော်...သူသတိရလာပြီလား"

အခန်းတံခါးဖွင့်သံနှင့်အတူ အံ့ဩသောအသံတစ်သံက အပြေးဝင်လာသဖြင့် ကျွန်တော်လှမ်းကြည့်မိတော့ နပ်စ်ဆရာမဝတ်စုံနှင့် သူနာပြုဆရာမလေး။

"ဟုတ်တယ်ဆရာမ၊ ဆရာမ ထမင်းစားလည်းထွက်သွားရော ကိုကို ပြန်သတိရလာတာ"

"ဝမ်းသာတယ်...ဝမ်းသာတယ်၊ ကျွန်မလည်း တာဝန်ကျစောင့်ပေးနေရင်း ကိုယ့်လူနာအတွက် ပြန်သတိရပြီး ကောင်းပါစေလို့ ဆုတောင်းနေရတာ..."

သူနာပြုဆရာမလေး၏ ပြောစကားကို ညီမလေးက ဝမ်းသာအားရ ပြောလိုက်သလို၊ သူနာပြုဆရာမလေး၏ မျက်နှာကလည်း ဝမ်းသာသွားသည့် အပြုံးနှင့်တွေ့လိုက်ရတော့ ကျွန်တော် သတိလစ်နေချိန်မှာ သူတို့တစ်တွေ မည်မျှစိတ်သောကများဖြင့် စိုးရိမ်ပူပန်နေကြသည်ကို ခန့်မှန်းစဉ်းစားကြည့်၍ရခဲ့သည်။

"ကိုကို...ဗိုက်မဆာဘူးလား၊ ဘာစားမလဲပြော...ညီမလေး သွားဝယ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးမြနှင်းမိုးပြောလိုက်မှ ကျွန်တော် လည်ချောင်းထဲမှာ ခြောက်ကပ်ပြီး ရေဆာနေသည်ကို သတိရလိုက်သည်မို့–

"ရေ...ရေသောက်ချင်တယ် ညီမလေးရယ်..."

ညီမလေးက ပျာပျာသလဲ ရေအိုးကိုယူပြီး ဖန်ခွက်နှင့် ရေထည့်ပေးသည်။ ကျွန်တော် ရေငတ်ငတ်နှင့် နှစ်ခွက်လောက် ဆင့်သောက်လိုက်သည်။

"သား...အားရှိသွားအောင် ဟောလစ်သောက်လိုက်ဦးနော်၊ အမေ ဖျော်လိုက်မယ်"

အမေကလည်း ကျွန်တော်ပြန်သတိရလာခြင်းကို ဝမ်းသာအားရ ဖြစ်ကာ ဟောလစ်ပုလင်းကိုဖွင့်၍ ဓာတ်ဘူးထဲမှ ရေနွေးနှင့် ကြွေကိုင်းခွက်နှင့် ဖျော်ချပေးပြန်သဖြင့် ကျွန်တော် ယူသောက်ရင်း–

"ကျွန်တော် သတိလစ်သွားတာ ဘယ်လောက်ကြာလဲ"

"တစ်ပတ်တောင် သားရဲ့။ အဲဒါကြောင့် အမေတို့ အရမ်းစိုးရိမ်ပြီး ငိုရတာပေါ့။ သမီးလေး...သမီးအစ်ကိုကြိုက်တတ်တဲ့ ကြေးအိုးတစ်ခွက်လောက် သွားဝယ်လိုက်ပါကွယ်။ တစ်ပတ်တောင် အစာမဝင်တော့ သား ဆာနေမှာကွဲ့..."

"ဟုတ်ကဲ့အမေ...ဟုတ်ကဲ့"

ညီမလေးက ပြောပြောဆိုဆို တစ်လုံးစတီးချိုင့်ကိုဆွဲ၍ အခန်းထဲမှ ထွက်သွားသည်။ သူတို့ပြောမှ ကျွန်တော့်ဗိုက်က တကယ်ဆာလာသည်။ ပြီးတော့ ကျွန်တော် သတိလစ်နေသည်မှာ တစ်ပတ်ဟုဆိုသည်။ ကျွန်တော်ရောက်ခဲ့သော တောထဲတောင်ထဲတွင် ကျွန်တော် တစ်ပတ်ကြာခဲ့သည်လား။ သို့မဟုတ် ဘယ်တွေရောက်ခဲ့သေးသည်



www.burmeseclassic.com

www.burmeseclassic.com



လဲ...ကျွန်တော်မသိ။ မှတ်မှတ်ရရ သိခဲ့သည်က ဘယ်နေရာမှန်းမသိသည့် တောနှင့်တောင်။ ပြီးတော့ ပပဆိုသောမိန်းကလေး၊ ဦးဒီပနှင့် ဒေါ်ကြီးတစ်ယောက်၊ ရုပ်ဆိုးဆိုးလူထွားကြီး၊ ကျောက်ဂူကြီးနှင့် ကျွန်တော့် ရုပ်ပုံတို့ ပန်းချီကားကြီးများရယ်၊ ဖန်အလိမ်းလိမ်း စောင်းကောက်အိုတစ်လက်ရယ်...သည်မျှပဲ ကျွန်တော်မှတ်မိနေခဲ့သည်။

"ဟာ...အောင်မျိုး...သတိရနေပြီ"

"ဟာ...အောင်မျိုး...ဝမ်းသာလိုက်တာကွာ"

အခန်းတံခါးဖွင့်သံနှင့်အတူ ထက်ကျော်နှင့်မြဦးဆွေတို့နှစ်ယောက်ဝင်လာရင်း ခုတင်ပေါ်တွင်ထိုင်နေသော ကျွန်တော့်ကိုတွေ့ရခြင်းမှ ဝမ်းသာအားရ ပြောဆိုလိုက်ကြသည်။

"အဒေါ်...ကျွန်တော် သူ့လက္ခဏာကြည့်ပြီး ဟောထားတာ မှန်တယ်မို့လား...ပြန်ကောင်းလာမှာပါလို့..."

"ဟုတ်ပါတယ်ကွယ်...ဟုတ်ပါတယ်၊ ဟို မောင်ဒွေးဦးရော ပါမလာဘူးလား"

"ဒွေးဦးက သူ့အဖေခိုင်းထားလို့ အပြင်သွားနေတယ်၊ ဘယ်အချိန် ပြန်ရောက်မှန်းမသိတာနဲ့ ကျွန်တော်တို့ သူ့ မခေါ်ဘဲ နှစ်ယောက်တည်း လာကြတာ"

ထက်ကျော်က အမေ့ အမေးစကားကို သွက်လက်စွာ ဖြေကြားကာ ကျွန်တော့်အနီး ခုတင်ပေါ်တွင် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြရင်းမှ မြဦးဆွေက စပ်ဖြဲဖြဲနှင့်-

"အဒေါ်...ဟိုတုန်းတည်းက လူကြီးတွေပြောစကားရှိတယ်နော်၊ တစ်ခါတစ်ခါ ကလေးစကား အရှူးစကားဟာ မှန်တတ်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ မောင်မြဦးဆွေရဲ့..."

"ဒီကောင် ထက်ကျော် လက္ခဏာဟောထားတာလေ"

"ဟာ...ဟော့ကောင်...ဆရာမှန်းသမားမှန်းမသိ..."

ထက်ကျော်က မြဦးဆွေလက်မောင်းကို ရယ်ကျဲကျဲနှင့် မနာအောင် ထိုးသည်။ အမေက သဘောကျစွာရယ်သည်။ ကျွန်တော်လည်း သူတို့ နှစ်ယောက်ကိုကြည့်၍ ရယ်မိသည်။ ထိုစဉ် ညီမလေးက ကြေးအိုးချိုင့်ကိုဆွဲ၍ အခန်းတံခါးကိုဖွင့်ဝင်လာသည်။ နောက် ကြွေပန်းကန်လုံးတစ်လုံးထဲထည့်ကာ ဇွန်းနှင့်သစ်သားတူနှင့် ကြေးအိုးသောက်ရန် ပေးသည်။

"သူငယ်ချင်းတို့...မင်းတို့လည်း သောက်ကြဦး"

"မင်းက အရေးကြီးတယ်၊ တစ်ပတ်လောက် မင်းက သတိလစ်ပြီး ဘာမှစားရတာမဟုတ်ဘူး။ အားနာပြီးမနေါ်နဲ့၊ မြဦးဆွေအကြောင်း မင်းသိသားနဲ့၊ နောက်သလိုပြောင်သလိုနဲ့ တကယ်ဝင်စားမှာ"

"ဟော...မင်းကလဲ...ငါက အငတ်ကြီးကျနေတာပဲ"

ထက်ကျော်စကားကြောင့် မြဦးဆွေက မျက်လုံးပြူးမျက်ဆံပြူးပြန်ပြောလိုက်ပုံကိုကြည့်၍ အမေနှင့်ညီမလေးပင်မက သူနာပြု ဆရာမလေးပင် ထရယ်မိကြသည်အထိ။ ထိုအခန်းလေးထဲတွင် လူမမာ အခန်းဆိုပေမယ့် ရယ်မောပျော်ရွှင်မှုတို့နှင့် လိုင်နေသည်။ ကျွန်တော် သတိမရခင်ရက်များက မည်သို့ရှိနေကြမည်လဲဆိုသည်ကို ကျွန်တော် စဉ်းစားကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

၄

ကျွန်တော် ကျန်းမာရေးကောင်းလာသည်ဖြစ်၍ ဆေးရုံမှ ဆင်းလာခဲ့သည်။ ညီမလေးက ဗိုလ်ချုပ်ဈေးသစ်ထဲမှ အထည်ဆိုင်တွင် ဆိုင်ပြန်ထွက်သည်။ အမေက ကျွန်တော်ခံတွင်းတွေ့စေရန် အစားအစာများ ဖွယ်ဖွယ်ရာရာ လုပ်ကိုင်ကျွေးသည်ဖြစ်၍ ယခင် ကျန်းမာစဉ်က အတိုင်း ပုံမှန်နီးပါးပြန်ဖြစ်လာသည်။

"မောင်မောင်..."

ကျွန်တော် သတိလစ်၍ ဝိညာဉ်လွင့်မြောစဉ်က တွေ့ဆုံခဲ့သည့် ထိုဆိုသောမိန်းကလေး၏ ခေါ်သံလေးက မကြာခဏ ကြားနေမိ သဖြင့် အကယ်လာခေါ်ခြင်းလား။ ကျွန်တော့်စိတ်မှ စွဲလမ်း ကြားယောင် နေခြင်းလား ဝေခွဲ၍မရခဲ့။ သည်သို့မှ ညကဖြစ်သည်...

ညက ရွှန်းပပလသည် လောကကို ပြည့်ပြည့်ဝဝကြီး အလင်းပေး အားချမ်းနေစေသလို၊ ကျွန်တော်သည် လသာညများကို တွယ်တာ တတ်သည်ဖြစ်ရာ အိပ်ခန်းပြတင်းတံခါးကိုဖွင့်လိုက်သည်။ နောင်း မတီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကြာပြီဖြစ်သော စောင်းကောက်ကြီးကိုယူ၍ "ချစ်သမျှကိုပတ်ပျိုး" ကြီးကို တီးနေမိသည်။ ပိုးကြိုးကိုခတ်လိုက်သဖြင့် ထွက်လာသော အသံချိုချိုလေးက ပြတင်းပေါက်မှ ခုန်ထွက်၍ လရောင်တန်းရှိရာ သို့ပြေးသည်။ ညလေပြည်အေးတို့က အသံမပေးဘဲ သစ်ရွက်များကို တို့ဆွဆော့မြူးသဖြင့် အိပ်ပျော်နေသောသစ်ရွက်ကလေးများ လန့်နိုးလျက် လှုပ်ရွရွဖြစ်လာ သည်။

ညလေပြည်နှင့်သည် စောင်းသံကို ကြည်နူးမိရာမှ လအရိပ်မှာ အိပ်ပျော်နေကြသော သစ်ရွက်ကလေးများအား နားထောင်ကြည်နူး ကြစေချင်၍ အိပ်ရာမှနိုးလိုက်ခြင်းလည်းဖြစ်မည်။ ခြံထောင့်တွင်ရှိသော ခရေပင်ကြီး၏ သစ်ရွက်များကြားတွင် ပုန်းခိုအိပ်နေကြသော ကျေးငှက် တို့၏ အသံပင် တီးတိုးပြောနေကြဟန် ကြားရသည်။ ထိုစဉ် ရနံ့တစ်ခု က သင်းခနဲ ပြေးဝင်လာသဖြင့် ရှူရှိုက်မိလိုက်သည်။ အနံ့က စံပယ် ရနံ့။ သို့ကြောင့် ခရေဆိုရင်တော့ ဟုတ်ပါရဲ့...ခရေပင်ကြီးရှိနေလို့၊ ယခုဟာက စံပယ်ရနံ့။ ကျွန်တော်တို့ခြံအတွင်း၌ စံပယ်ပင်မရှိ။ ကြံ ကြံဖန်ဖန် စံပယ်ရနံ့က..ဘယ်ကဘယ်လိုရောက်လာတာလဲဟူသော အတွေးဖြစ်မိသော်လည်း လက်မနှင့် လက်ညှိုးက စောင်းပိုးကြိုးပေါ် မှာ တို့ခတ်နေဆဲ။ ညင်းပျံ့ပျံ့ဂီတသံက ဌာန်နှင့်ဟန်နှင့်။ လရောင်ဆီ သို့ ပြေးလွှားလျက် ပတ်ဝန်းကျင်ကို ပျံ့နှံ့လွင့်မြောနေဆဲမှာ ကျွန်တော် ရုတ်တရက် လက်မနှင့် လက်ညှိုးကို ပိုးကြိုးများပေါ်တွင် ရပ်တန့်သွားစေ ခဲ့သည်။

"ဟင်...ဟ..."

ဟုတ်သည်။ မျက်နှာကို မသဲကွဲပေမယ့် ခြံထောင့်ခရေပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အနီးတွင်ရှိသော ဒန်းလွှဲပုခက်ပေါ်မှာထိုင်လို့။ ကျွန်တော် စောင်းတီးနေသည်ကို ခပ်ငေးငေးကြည့်ရင်း နားထောင်နေသည်။ ကျွန်တော်စောင်းကို စားပွဲပေါ် အသာတင်ကာ ပြတင်းတံခါးဆီ တိုးကပ်၍ သေချာကြည့်လိုက်သည်။ ဖြာကျနေသောလရောင်နှင့် ပပမျက်နှာ မှုန်မှိုင်းမှိုင်းကို မြင်လိုက်ရသဖြင့် ကျွန်တော် အခန်းထဲမှ အပြင်ခန်းသို့ ထွက်လာသည်။

"ကိုကို...ဘယ်လဲ"

"ဩော်...ညီမလေး...မအိပ်သေးဘူးလား"

"ကိုကိုရဲ့စောင်းသံကြားရလို့ မကြားရတာကြာပြီဖြစ်တဲ့ ကိုကို့လက်သံကို ညီမလေးအခန်းထဲက နားထောင်နေတာ နားထောင်လို့ကောင်းနေတုန်း ကိုကိုက ရပ်လိုက်ပြီး အခန်းတံခါးချက်ဖွင့်သံကြားလို့ ဘာများလဲဆိုပြီး ညီမလေး ထွက်ကြည့်တာ"

"ဩော်...မဟုတ်ပါဘူးကွာ၊ အိမ်အပြင်ခဏထွက်ချင်လို့..."

"အို...ကိုကိုကလဲ...အချိန်မရှိအခါမရှိ ညဘက်ကြီး ဘာလုပ်ဖို့ထွက်မှာလဲ၊ အခုမှ နေပြန်ကောင်းလာကာရှိသေးတယ်၊ အအေးတွေ ဘာတွေ ပတ်ပါမယ်ကိုကိုရယ်..."

ကျွန်တော့်မြင်တွေ့မှုအတွက် ညီမလေးကို ဘယ်လိုပြောရမှန်း ဆိုသဖြင့် ဦးတည်မိရာပြောသည်ကို ညီမလေးက စိုးရိမ်စွာဖြင့် တားသည်။

"ဒီလိုလေ ညီမလေးရဲ့...အပြင်မှာ လကြီးသာနေတယ်လေ၊ အဲဒီ လရောင်ကြားမှာ ခြံထဲဆင်းပြီး လမ်းလျှောက်ချင်စိတ် ဖြစ်လာလို့"

"အို...ကိုကိုကလည်း အရင်လည်း အဲဒီလို လသာရင် စောင်းတစ်လက်နဲ့ ခြံထဲမှာဆင်းတီးလိုက်၊ သီချင်းဆိုလိုက်နဲ့လုပ်လို့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အအေးပတ်ပြီး အခုလို အသည်းအသန်ဖြစ်ခဲ့တာမို့လား။ မထွက်ရဘူး... မထွက်ရဘူး။ ပြောမရရင် အမေ့ကိုသွားနှိုးပြီး ပြောလိုက်မယ်"

"အမေ့တော့ မနှိုးပါနဲ့ ညီမလေးရယ်၊ ဘာမှမဟုတ်ဘဲနဲ့ အမေ အိပ်ရေးပျက်နေပါ့မယ်၊ ခဏလေးမှ ခဏလေးပါ"

"မသွားပါနဲ့ ကိုကိုရယ်၊ ကိုကိုနေမကောင်းပြန်ဖြစ်မှာစိုးလို့ပါ ကဲ...လာပါ...ကိုကို့အခန်းထဲပြန်ဝင်ပြီး အိပ်ပါနော်"

ညီမလေးက အတင်းဆွဲခေါ်လာသဖြင့် သူ့ရဲ့စိုးရိမ်မှုကို မဆန့် ကျင်ရက်။ ကျွန်တော် သတိလစ်မေ့မြောနေစဉ်က ကျွန်တော့်အတွက် ပူပန်စိတ်နှင့် ဘယ်လောက်ငိုထားကြရသည်မသိ။ သို့ကြောင့် ညီမလေး ဆွဲခေါ်ရာသို့ ပြန်လိုက်လာကာ အိပ်ခန်းသို့ပြန်ဝင်လိုက်သည်။ အခန်း ထဲရောက်၍ ပြတင်းပေါက်မှ ခရေပင်အနီးရှိ ဒန်းလွှဲပုခက်ဆီကို ကြည့်လိုက်တော့ ဘယ်သူမှမရှိတော့။ ဘေးအနီးအပါး ရှိလိုရှိငြား ပြတင်းပေါက်မှ ခေါင်းပြူ၍ လှည့်ပတ်ကြည့်သည်။ ဘာမျှမတွေ့။ ပ ဘယ်ရောက်သွားသည်လဲ။

ထိုသို့ ညကအဖြစ်...။ သည်အဖြစ်သည် ကျွန်တော်ကြုံခဲ့ခြင်း ပပဆိုသူလေးအပေါ် ကရုဏာအစွဲအလမ်းစိတ်ကြောင့်ဖြစ်ခြင်းလား ပပဆိုတာ တကယ်ရှိနေသလား။ သည်အတွေးက စဉ်းစားစရာဖြစ်လာ သည်။

"ဟာ...ငိုင်ငိုင်ကြီးထိုင်နေပုံကကွာ၊ ရည်းစား လင်နောက်လိုက် သွားလို့ ဖြစ်နေတဲ့ပုံစံကြီးကျနေတာပဲ"

ပြေးဝင်လာသည့် ထက်ကျော်အသံကြောင့် အိမ်ဝကိုကြည့်လိုက် တော့ ထက်ကျော်၊ မြင့်ဆွေ၊ ဒွေးဦး...သူတို့သုံးယောက်၏ အပိုးမကျိုး



www.burmeseclassic.com

www.burmeseclassic.com



သော စပ်ဖြဲဖြဲမျက်နှာကို မြင်လိုက်ရသဖြင့် ကျွန်တော့် စဉ်းစားနေမှု အကြောင်းကို ရပ်လိုက်ပြီး ပြန်ရယ်ပြလိုက်ရသည်။

"မင်းကတော့နော်...သူများသားသမီးကို မဦးမချတ်၊ ရည်းစား တောင် မထားရသေးဘူး။ ရည်းစားကွဲတဲ့မျက်နှာတဲ့။ အတော် မဆင် မခြင်ပြောတဲ့ကောင်"

ကျွန်တော့်အနီးရှိခုံများတွင် ဝင်ထိုင်လိုက်မိသည်နှင့် ဒွေးဦးက ထက်ကျော်ကိုပြောလိုက်သည်။ မြဦးဆွေက စပ်ဖြဲဖြဲနှင့်ကြည့်ရင်း–

"ဒီကောင်က သူ့ကြိုက်မယ့်သူမရှိတိုင်း သူများတွေ ရည်းစားနဲ့ ဘာနဲ့ ဖြစ်လာမှာ အရမ်းကြောက်နေတာကွ"

"ဟ...မင်းက ငါ့ကို အထင်သေးလှချည်လား"

"အထင်မသေးပါဘူး ထက်ကျော်ရာ...အထင်ကြီးလို့ပြောတာပါ။ လူပျိုကြီးဖြစ်မယ့်မင်းကို အထင်ကြီးပါတယ်"

"ဟား...ဟား...ဟား...ဟား..."

ကျွန်တော်တို့က မြဦးဆွေရဲ့စကားကို သဘောကျစွာ ဝိုင်းရယ်မိ ကြသည်။ ထက်ကျော်က ကျွန်တော့်တို့ ဝိုင်းရယ်သည်ကို မကျေမနပ် ဖာန်နှင့်ကြည့်ပြီး–

"အံမာ...မင်းတို့က ငါ့ကိုများ လူပျိုကြီးဖြစ်မယ်တဲ့၊ ဘယ်တော့မှ မဖြစ်ဘူး။ ငါကိုယ်ငါ တွက်ချက်ထားပြီးသား။ မိန်းမရမယ်၊ သားသမီး သေးယောက်ရမယ်၊ အဲ...လိုလိုမယ်မယ် နောက်ထပ်မိန်းမ တစ်ယောက် ဆောင် အဆင်ပြေရင် ပြေသလို ထပ်ရှိဦးမှာ..."

"ဟား...ဟား...ဟား...ဟား..."

ဒွေးဦးနှင့် မြဦးဆွေတို့က ထက်ကျော်ရဲ့စကားကို ဝိုင်းရယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထက်ကျော်က တကယ့်ဆရာကြီးပုံစံနှင့် ခပ်တည်တည်ကြည့်ရင်း–

"မင်းတို့ မရယ်ကြနဲ့၊ ငါတို့ လေးယောက်ထဲမှာ တကယ်မိန်းမ မရဘဲ လူပျိုကြီးဖြစ်မှာက ဒီကောင်"

ထက်ကျော်က သူ့စကားကို အဆုံးသတ်ရင်း မိန်းမ မရဘဲ လူပျိုကြီးဖြစ်မှာက ဒီကောင်ဟု ကျွန်တော့်ကို လက်ညှိုးထိုးပြီး ပြောလိုက်သဖြင့်–

"ဟာ...ဟေ့ကောင်...ဘယ့်နှယ့်...မဆီမဆိုင် ငါ့ဘက်လှည့်လာရတာလဲ"

"မင်း ဆေးရုံမှာ သတိလစ်နေတုန်းက အခိုက်အတန့်ပါ၊ ပြန်ပြီး ကောင်းလာမှာ မစိုးရိမ်ပါနဲ့လို့ မင်းလက္ခဏာကို ငါကြည့်ပြီး ဟောခဲ့တာ၊ အဲဒီမှာကတည်းက မင်းလက္ခဏာမှာက မိန်းမရမယ့်ကိန်းမရှိဘူး လေ၊ လူပျိုကြီးဇာတာပါနေတာ ငါတွေ့ရတယ်"

ထက်ကျော်က သူလေ့လာထားသော လက္ခဏာပညာနှင့် ကျွန်တော့်အား အသေအချာပြောနေချေသည်ကို...မြဦးဆွေက–

"မင်းက မင်းလက္ခဏာပညာကို သိပ်ယုံကြည်နေလား"

"ဟာ...မြဦးဆွေရာ...ကိုယ်လေ့လာဆည်းပူးထားတဲ့ပညာကို မယုံကြည်တဲ့သူ ဘယ်သူရှိလဲ"

"ကောင်းပြီ...အောင်မျိုး မိန်းမ,မရနိုင်ဘူးလို့ မင်းပြောတယ်နော် လူပျိုကြီးဖြစ်မယ်ပေါ့ကွာ"

"ဟုတ်တယ်လေ...လူပျိုကြီးဖြစ်မှာ သိပ်သေချာတယ်"

"ကဲ...တကယ်လို့ အောင်မျိုး မိန်းမရခဲ့ရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွာ"

"အဲဒီလိုမဟုတ်ဘူးလေ...ရခဲ့ရင်"

"လောင်းမယ်ကွာ"

"ပြော...ဘယ်လိုလောင်းမလဲ"

"ဝမ်းတောဘယ်လ်"

"အဲဒါတော့ ငါစိတ်ဝင်စားတယ်ဟေ့..."

ထက်ကျော်နှင့် မြဦးဆွေတို့က အပြန်အလှန်ပြောနေကြသည်ကို စပ်ဖြဲဖြဲအကြည့်နှင့် နားထောင်နေသော ဌေးဦးက နောက်ဆုံးဝင်ပြော လိုက်သည်ကို ထင်ကျော်က–

"မင်းကတော့ အချောင်စားရမယ်ဆိုရင် အင်မတန်သွက်တဲ့ ကောင်"

"အချောင်မဟုတ်ဘူး...အချောင်မဟုတ်ဘူး ငါက အောင်မျိုးဘက် ကပါမှာ၊ မြဦးဆွေပြောသလို အောင်မျိုး မိန်းမရရင် မင်းကျွေးတဲ့ ဝမ်းတောဘယ်လ်ကိုတော့ ငါတို့လည်း စားကြသောက်ကြမှာပေါ့ကွာ၊ အကယ်လို့ အောင်မျိုး မိန်းမ,မရဘဲ လူပျိုကြီးဖြစ်ရင် အောင်မျိုးရဲ့ ဖွဲမှာ ငါလည်း စိုက်ရှင်းမယ်"

"ဟုတ်တယ်၊ အောင်မျိုးအတွက် စိုက်ရှင်းဖို့ ငါလည်း ရှယ်ယာ ပါတယ်"

မြဦးဆွေကပါ အလောင်းအစားစကားဝိုင်းမှာ ဝင်ပါလာသဖြင့် ထက်ကျော်က ခေါင်းကို သာသာခါယမ်းလိုက်ပြီး...

"အဲဒီလိုတော့ မရဘူးလေ၊ ငါရဲ့ဆည်းပူးလေ့လာထားတဲ့ ပညာ က မင်းတို့ရှယ်ယာတွေဝင်တာနဲ့ မဆိုင်ဘူး။ အောင်မျိုး မိန်းမ,မရပဲ



www.burmeseclassic.com

www.burmeseclassic.com



...လူပျိုကြီးဖြစ်ရင် တစ်ယောက်ဆီလုပ်လေ။ တကယ်လို့ အောင်မျိုးမိန်းမရသွားရင် မင်းတို့သုံးယောက်စလုံးကို ငါက ကျွေးမယ်၊ ဘယ်လောက်ကုန်ကုန်ကွာ...''

''အောင်မျိုး ဘယ်လိုသဘောရလဲ''

ဒွေးဦးက ကျွန်တော့်ဘက်သို့ လှည့်၍ မေးလိုက်သည်။ မြဦးဆွေကလည်း ကျွန်တော့်ကို ခပ်ပြုံးပြုံးကြည့်သည်။ ထက်ကျော်ကတော့ ဆရာကြီးပုံစံနှင့်၊ ဟန်တစ်လုံးမာန်တစ်လုံး ခပ်တည်တည်ကြည့်သည်။

''မင်းတို့က ငါ့ကို အတင်းမိန်းမယူဖို့ တိုက်တွန်းနေတာလား''

''မဟုတ်ပါဘူးကွာ၊ မင်းဟာမင်း မိန်းမကို ယူချင်တဲ့အချိန်မှယူ အသက်ငါးဆယ် ခြောက်ဆယ်ပြည့်မှယူလည်း အဲဒါ မိန်းမရတာပဲ အခုဟာက မင်း မိန်းမ ရ,မရ လောင်းနေတဲ့ကိစ္စကွ''

''ဟ...မိန်းမဆိုတာ ယူမယ်ဆိုရင်တော့ ရမှာပေါ့''

''ဒါပေါ့ကွ...မင်းတို့ ငါတို့ ဘွဲ့ရပြီးသားလူငယ်တွေ မယူချင်သေးလို့ မရတာ၊ ဟော့ကောင်...ထက်ကျော်...လာ...လောင်းကြေးကို လက်ဝါး ရိုက်မယ်''

ဒွေးဦးက ပြောပြောဆိုဆို ထိုင်နေရာမှထ၍ ထက်ကျော်နှင့်လက်ဝါး ချင်းရိုက်သည်။ မြဦးဆွေကလည်း ထရိုက်ရင်း...

''ဟော့ကောင်...ကာယကံရှင်ကလည်း လက်ဝါးရိုက်ဦးလေ...''

''ဒါများ...အဆန်းလုပ်လို့...ရပါတယ်ကွာ''

ကျွန်တော်က ပြောပြောဆိုဆို ထိုင်ရာမှထ၍ ထက်ကျော်နှင့် လက်ဝါးချင်း ရိုက်လိုက်သည်။

''ကဲ...ကဲ...မင်းတို့တွေ ပြောရတာမောရော့မယ်၊ ရော့...



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုတ်နဲ့ ရေနွေးကြမ်းလေး သောက်လိုက်ကြဦး"

အမေက အိမ်နောက်ဖေးခန်းဘက်မှ ထွက်လာရင်း လက်ဖက်သုပ်နှင့် ရေနွေးပန်းကန်ကို ကျွန်တော်တို့အရှေ့ စားပွဲပေါ်လာချပေးသည်။

"ဟာ...အဒေါ်ကလည်း...အားနာစရာကြီး။ လက်ဖက်သုပ်ကအချဉ်လေးရော ညှစ်လာလား"

"ဟော့ကောင်...မင်းကတော့လေ...ဒီလိုပဲ...အဒေါ်ရ...ထက်ကျော်ဆိုတဲ့အကောင်က လူကြီးလူငယ်မကြည့်ဘူး။ အင်မတန် ရွှတ်ပြက်ပြက်သုပ်တဲ့ကောင်"

"ရပါတယ်ကွယ်၊ သူက ပျော်တတ်တာကို၊ အဒေါ်တို့ ဗိုလ်ချုပ်ဈေးသစ်ထဲက ဖိုးထောင်လိုပေါ့။ မဟုတ်တာရော၊ ဟုတ်တာရော အင်မတန် ရယ်စရာပြောတာ၊ ဈေးထဲမှာ ဖိုးထောင်စကားဝိုင်းဆိုရင် ဘယ်တော့မှ အတည်ပြောလို့မရဘူး။ သူ ရွှတ်ပြက်ပြက်တွေ လျှောက်ပြောတာနဲ့ ပျက်ရော..."

"ဟုတ်တယ်အဒေါ်...ဟုတ်တယ်၊ ဒီကောင်လည်း အဲဒီလိုပဲ"

"သွားပါပြီအဒေါ်ရယ်...အခု အဒေါ်ပြောမှပဲ ကျွန်တော်က ရွှတ်ပြက်ပြက်လူဖြစ်ရော..."

"ဟား...ဟား...ဟား...ဟား..."

ထက်ကျော်ရဲ့ ရှုံ့ရှုံ့မဲ့မဲ့ပြောလိုက်ပုံကို ကျွန်တော်တို့က သဘောကျစွာ ဝိုင်းရယ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ရင့်ကျက်လာသည့် လဆန်းညသည် ညည့်လွှာရုံကမ္ဘာလာကို စောစီးစွာဖွင့်လှစ်၍ လကိုပွဲထုတ်လိုက်သဖြင့် ညကာလကို အခွင့်ကောင်းယူတတ်သည့် အမှောင်သည် မဝံ့စားရဲခြင်းနှင့်အတူ ဖယ်ကြဉ်နောက်ဆုပ်ပေးလိုက်ရသဖြင့် ကျေနပ်ဟန်မတူ။

ဟုတ်တော့လည်းအဟုတ်သား။ လောက၏ ဖွဲ့စည်းမှုကိုက နေ့သည် အလင်းနှင့်၊ ညသည် အမှောင်နှင့်။ ထိုသို့ အလင်းအမှောင်ရှိမှလည်း နေ့နှင့်ည ခွဲခြားသတ်မှတ်၍ ရမည်ပင်မဟုတ်လား။ ယခုညဆို နေ့အလင်း ဆုတ်ခွာသွားသဖြင့် အမှောင်သည် ညကိုသိမ်းပိုက်ရန် ချီတက်လာစရှိသေး။ လသည် အရှေ့မျက်နှာစာမှ အလင်းစင်သည်တို့နှင့် ညကာလကို အားချင်း သိမ်းပိုက်ယူလိုက်ပြန်သဖြင့် အမှောင်သည် အင်အားချည့်နဲ့စွာ အရှုံးပေး ဆုတ်ခွာခဲ့ရသည်မဟုတ်လား။ သည်တော့လည်း ကျေနပ်နိုင်စရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်းကြည့်...။ လကိုချစ်သည်။ အလင်းရောင်ကို မက်မောသည်၊ အမှောင်ကိုမနှစ်မြို့ကြ။ ထိုသို့ လူတွေမနှစ်မြို့သော အမှောင်သည်လည်း လောကကြီးက အချိန်တစ်ခုသတ်မှတ်ပေးခဲ့ထား ခဲ့လေတော့ သူ့အချိန်နှင့်သူတော့ နေရာယူ မင်းမူချင်မည်ပင်။ သို့သော် ရင့်ကျက်လဆန်း ညက လကို စောစီးစွာ ပွဲထုတ်လိုက်တာကြောင့် လကလည်း အလင်းရောင်တို့ကို ဖြန့်ကြက်လျက်။ ညကာလကို ဟန်ထည့်ထည့်နှင့်။

ခြံထောင့်မှ ခရေပင်အုံ့ဆိုင်းနှင့် အိမ်ခေါင်းရင်းဘက်ရှိ ပိန္နဲပင်ကြီး များပေါ်သို့ နေဝင်စကမှ တကျီကျီအော်မြည်ပြီး အိပ်တန်းဝင်ကြသော ကျေးငှက်တို့သည် တစ်ချက်တစ်ချက် အတောင်ခတ် လှုပ်ရှားရုံမှလွဲ၍ ငြိမ်သက်လျက်။ အိပ်ပျော်နေကြပြီထင်၏။

လကိုနှစ်သက်၍ အလင်းရောင်ကိုမက်မောသော ကျွန်တော့်အတွက် အိပ်ရာဝင်ရမှာ နှမြောနေမိသည်မို့ အိမ်ရှေ့ ခြေရင်းဘက် ခြံဝန်းထဲတွင် ရှိသော မကျည်းပင်ကြီးအောက် ခုံတန်းလျားပေါ်ထိုင်ရင်း လရောင်ကို ခံစားနေမိသည်။ ညလေပြည်က တစ်ချက်တစ်ချက် သာသာရှူရှူ ပြေးဝင် ပွတ်သတ်လာသည်။

"သား...မအိပ်သေးဘူးလား"

"အမေ့ရဲ့ ညင်းဖွဖွအသံလေးက အနီးအပါးမှာဖြစ်၍ ကျွန်တော် ကြည့်မိတော့ ဘယ်အချိန်က အမေ ကျွန်တော့်နားရောက်နေသည်မသိ"

"အိပ်မှာပေါ့အမေရယ်...စောပါသေးတယ်"

"မစောဘူးသားရဲ့...ဆယ့်တစ်နာရီထိုးနေပြီ"

အမေပြောသည့် ဆယ့်တစ်နာရီဆိုမှ သည်အချိန်သည် အမေ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းထဲတွင် ဘုရားရှိခိုး ပုတီးစိပ်၍ပြီးသဖြင့် ဘုရားခန်းမှထွက်သည့်အချိန်ပါလားဆိုသည်ကို သိလိုက်ခြင်းနှင့် သည့်နေရာ၌ ကျွန်တော်ထိုင်နေသည်မှာ အတော်ကြာနေပြီဆိုသည်ကိုပါ နားလည်လိုက်မိသည်။

"ကဲ...ထ...သား...အပြင်မှာ အအေးပတ်မယ်၊ နေထိုင်မကောင်းဖြစ်မယ်၊ သား မအိပ်ချင်သေးလည်း အိပ်ရာမှာ တုံးလုံးလှဲနေ၊ အိပ်ချင်တဲ့အချိန် အိပ်ပျော်သွားလိမ့်မယ်"

အမေခေါ်သဖြင့် ကျွန်တော် အမေနှင့် အိမ်ထဲပြန်ဝင်လာခဲ့သည်။ မျက်လုံးက အိပ်ချင်စိတ် လုံးဝမရှိသေး။ စိတ်က လသာညကိုစွန့်ပစ်ပြီး အိပ်ရာဝင်ရမှာကို မနှစ်မြို့ချင်။ သားသမီးအပေါ် စိုးရိမ်စိတ်ရှိသော အမေ့ မေတ္တာတရားကိုသိသဖြင့် မငြင်းဆန်ရက်။

ကျွန်တော် အိပ်ခန်းထဲဝင်လာပြီး ခေါင်းရင်းပြတင်းပေါက်ကိုဖွင့်လိုက်သည်။ လရောင်ချိုမြမြက ဝမ်းသာအားရ၊ ပြတင်းတံခါးမှ ပြေးဝင်လာရင်း လေပြည်လေညှင်းပါ အဖော်ခေါ်လာခဲ့သေးတော့ ပြတင်းတံခါးကို ဖွင့်လိုက်သည်နှင့် ပထမဆုံးတွေ့လိုက်ရသည်က ခရေပင်အုပ်အုပ်ကြီးကို အပေါ်ပိုင်း လရောင်ပတ်ထားခြင်းနှင့် အတွင်းသို့ယိုဆင်းဖြာစီးနေသော အလင်းတန်းအချို့၊ ခရေပင်ရဲ့ ဘယ်ဘက်သေးမှကွမ်းသီးပင်၊ အုန်းပင်တို့က ခပ်တည်တည် မားမားရပ်လျက်၊ ခြံစည်းရိုးတန်းမှ အမေစိုက်ထားသည့် ငွေလာဂမုန်းပင်အနွယ်တို့က ကွေ့ပတ်ဖြာတက်ရင်း လရောင်အောက်မှာ စည်းစိမ်ခံ ငြိမ်သက်နေကြသည်။

ကျွန်တော် လအလင်းက ညအခင်းကို အလှပြင်ထားပုံအား ငေးမောရင်း–

တမြိုင် xx ဂုလိုဏ် xx စကားသစ္စာတိုင် xx သံသာဧပ

www.burmeseclassic.com



xx ကမ်းတိုင် xx တူပြိုင်လေ xx ကူးမယ် xx ဆုထူးငယ်
xx ပန်ရှုယ်သွန်း xx

ရုတ်တရက် စိတ်ထဲပေါ်လာသည့် သီချင်းအပိုဒ်လေးကို သာသာ ညင်းညင်း ဆိုညည်းနေရင်းမှ သတိပြန်ထားလိုက်မိသည်။ ကျွန်တော် ဆိုညည်းနေသော သီချင်းက "ချစ်သမျှကို"သီချင်းဖြစ်သည့် သစ္စာ တိုင် ပတ်ပျိုးဖြစ်နေသည်ကို နားလည်လိုက်မိခြင်းမှ ကြက်သီးများ ဖြန်းခနဲထသွားသည်။ နောက်...

"ပြောရဦးမယ်...မောင်မောင်၊ မောင်မောင့်အနားမှာ ပပထိုင်နေ ရင် အဲဒီစောင်းကောက်ကြီးကို ထယူပြီး 'ချစ်သမျှကို' ပတ်ပျိုးကို မောင်မောင်က အမြဲဆိုပြတယ်"

ကျွန်တော် ဝိညဉ်မြောလွင့်စဉ်က ပပဆိုသောမိန်းကလေးပြောပြ သော စကားကို သတိစိတ်က မှတ်ဉာဏ်ကိုတွန်းပို့လိုက်သည်ဖြစ်၍ ကျွန်တော့်ရဲ့ ဘေးဘီကို မလုံမလဲ လှည့်ပတ်ကြည့်မိသည်။ ပြီးတော့ သည်သီချင်းပိုဒ်လေး ညည်းညူရွတ်ဆိုမိအောင် မည်သို့သော စိတ်ကူးက ပို့ဆောင်လိုက်သည် မသိတော့။ တစ်ခုတော့ ရှိသည်။ ထိုသီချင်းအား စောင်းတီး၍ဆိုရသည်မှာ နှစ်မြိုက်သဘောတွေ့နေမိခြင်းကြောင့်လည်း ရုတ်တရက် စိတ်ကူးတွင် သီချင်းဆိုချင်မှုမှ ဆိုဖြစ်ခြင်းလည်း ဖြစ်နိုင်သည်။

"ဟာ..."

ကျွန်တော့်အဆွေး၏ ဖွဲ့စည်းမှုနှင့် ပြတင်စာခါးမှ ခြံဝန်းထဲကို ခပ်ငေးငေးဖြစ်နေစဉ် ရုတ်တရက် သင်းပျံ့ပြီးဝင်လာသော စံပယ်နံ့နှင့် အတူ တစ်ပတ်လျှိုဆံထုံးမှ ဆံမြိတ်ရှည်ရှည်ကို တွဲလဲချလျက်၊ အရပ်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ရုတ်တရက်ထွက်လာပြီး အိမ်ခြေရင်းဘက်သို့ ပြတ်လျှောက်သွားသူတစ်ယောက်ကို တွေ့လိုက်သဖြင့် ကျွန်တော့်နှုတ်မှ အံ့ဩတကြီး 'ဟာ' ခနဲ လွတ်ထွက်သွားသည်။

ကျွန်တော် အိပ်ခန်းတံခါးကိုဖွင့်၍ အိမ်ရှေ့ခန်းဘက်သို့ ခပ်သွက်သွက် ထွက်လာခဲ့သည်။

"သား...သား...ဘယ်လဲ"

အမေနှင့် ညီမလေးတို့ အိပ်သည့်အခန်းမှ တံခါးချက်ဖွင့်သံနှင့် အတူ အမေ့အသံကို ကြားလိုက်ရသည်။

"အမေ...ညီမလေး အိပ်နေသလား"

"အိပ်နေတာ ကြာပြီလေ သားရဲ့...ဘာဖြစ်လို့လဲ"

"မိန်းကလေးတစ်ယောက် ခြံထဲမှာ ဟိုခေါင်းရင်းဘက်ကနေ ခြေရင်းဘက်ကို ပြတ်လျှောက်သွားတာ တွေ့လိုက်လို့...ညီမလေးများ ခြံထဲမှာ ရှိနေသလားလို့"

"ဟုတ်ရဲ့လား သားရယ်...အခန်းထဲမှာ မင်းညီမက အိပ်ပျော်နေတာ ကြာပြီပဲဟာ"

"ဒါဆို ကျွန်တော် ခဏထွက်လှေ့လာကြည့်ဦးမယ်"

ကျွန်တော်က ပြောပြောဆိုဆို အိမ်မတံခါးသော့ကိုဖွင့်၍ အိမ်အပြင် ထွက်သည်။ အမေလည်း ကျွန်တော့်အနောက်မှ ကပ်ပါလာသည်။ အပြင်မှ လရောင်ပက်ဖျန်းထားသဖြင့် ဝင်းပလင်းထိန်လို့။ ဟိုဟို သည်သည် အကဲခတ်ကြည့်တော့လည်း လူရိပ်လူခြေမတွေ့။

"သားထင်လို့ပါ သားရယ်...ဘာမှမရှိပါဘူး။ ကဲ...လာ...သာ... သား...အိမ်ထဲဝင်"



www.burmeseclassic.com

www.burmeseclassic.com



အမေက ပြောဆိုခေါ်သဖြင့်သာ ကျွန်တော် အိပ်မ်ထဲပြန်ဝင်ပြီး တံခါးပိတ် သော့ခတ်ရပေမယ့် စိတ်ထဲက ဘဝင်မကျ။ သေချာမှ သေချာတွေ့လိုက်သော မိန်းကလေး။ ပြီးတော့ စံပယ်နံ့လေးပင် ပေးသွားသေးတော့။

ကျွန်တော် အိပ်ခန်းထဲပြန်ဝင်လာခဲ့ပြီး ပြတင်းတံခါးကို ပိတ်လိုက်ရပေမယ့် အပြင်မှာကျန်ရစ်ခဲ့သော လအဆင်းနှင့် ညခင်းရဲ့အလှကို နှမြောနေမိသည်။

ကျွန်တော် သေချာမြင်လိုက်သည်။

သို့သော် ဘယ်သူမှန်းမသိ။

စံပယ်ပန်းအနံ့က သင်းခနဲမွှေးလာပြန်သည်။ ဟုတ်ပြီ။ စံပယ်နံ့ မှတ်မိပြီ။ ညတစ်ညက ပယ်နံ့နှင့်အတူ ပပကိုတွေ့လိုက်သည်။ ခရေပင် အောက်က ဒန်းလွှဲပုခ ပေါ်မှာထိုင်လို့။ ထိုစဉ် ဘေးခြံမှ မွေးထားသော ခွေးသုံးကောင်က ဆွဲဆွဲငင်ငင်အူလိုက်သဖြင့် ရုတ်တရက် ရင်ထဲ ထိတ်ခနဲဖြစ်ကာ ကြက်သီးများထသွားသည်။ သင်းပျံ့ပျံ့လေးမွှေးနေသော စံပယ်နံ့လည်း ပျောက်သွားသည်။ ခွေးများအူသံကြောင့် သစ်ပင်များပေါ်မှ အိပ်ပျော်နေကြသောငှက်များလှုပ်ရှား၍ အတောင်ခတ်သံတို့ ကြားနေရသလို မာကအော်သံများကလည်း တိုးကျိုးတိုးကျိုး။ သူတို့ အိပ်ပျော် နေကြမှုကို ပတ်ဝန်းကျင်၏ အဆင်ခြင်မဲ့ဆူညံသံတို့က အနှောင့်အယှက် ပေးနိုင်ရန်ကောဟု မကျေမနပ် ပြောဆိုနေကြဟန်။

ကျွန်တော် အိပ်ရာတွင်လှဲရင်း ပပဆိုသောမိန်းကလေးကို စဉ်းစားမိပြန်သည်။ ပပဟာ ဘာလဲ။ တကယ် ခြံဝန်းထဲလာတာလား။ ဒါမှမဟုတ် ကျွန်တော့်ရဲ့ ကရုဏာစိတ်က စွဲလမ်းမှုနှင့် ထင်မြင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လား။ ခက်သည်က လူတစ်ယောက်နှင့်တစ်ယောက် တွေ့ကြုံမိ၍ အမှတ်မထင်သော ကရုဏာဖြစ်စရာ အကြောင်းကြောင့် စွဲလမ်းမိသည်ဆိုဟုတ်သေး၏။ ယခုဟာက အိပ်မက်လိုအဖြစ်ထဲတွင် တွေ့ဆုံမှုကြောင့် ယခုလို အစွဲ အလမ်းဖြစ်မည်တဲ့လား။

ပြီးတော့…

"မြရွှန်းရည်"

ကျွန်တော် မြရွှန်းရည်ကို သတိရမိသွားပြန်သည်။ မြရွှန်းရည်သည် ညီမလေး၏ ကျောင်းနေဘက်သူငယ်ချင်း။ ပြီးတော့ အိမ်မှာဝင်ထွက်ရင်းက ကျွန်တော့်ကို ညီမလေးခေါ်သလို ကိုကို…ဟု ခေါ်သည်။

မြရွှန်းရည်က အသားညိုရောင်သမ်းသည်၊ ဆံနွယ်ကြော့ကြော့ကရှည်လျား သွယ်ပျောင်းပြီး မျက်နှာသွယ်သည်။ ရွှန်းလဲ့လဲ့မျက်ဝန်းအစုံကို မျက်ခုံးကွေးကွေးလေးနှင့် တန်ဆာဆင်ထားသလို၊ သွယ်ဆင်းနေသောနှာတံ၊ ပန်းနုသွေးသမ်းနေသောနှုတ်ခမ်းအစုံရယ်၊ ရွှေရင်မို့အိအိကို သွယ်လျသောခါးက ခပ်စွင့်စွင့်တင်လေးနှင့် လှပအောင် ချိတ်ဆက်ထားသည်။

ပြီးတော့ မြရွှန်းရည်အကြည့်တို့က ကျွန်တော့်ကို အစ်ကိုအရွယ်မို့ အစ်ကိုတစ်ယောက်အဖြစ် ကြည့်သည့်အကြည့်မျိုး မဟုတ်။ အဓိပ္ပာယ်တို့ ဖြာထွက်နေတတ်သည်။ နောက် ညီမလေးကလည်း…

"ကိုကို…ညီမလေးသူငယ်ချင်း မြရွှန်းရည်ဟာ သူငယ်ချင်းအဆင့်မဟုတ်တော့ဘဲ ယောက်မ တော်ရမယ်နဲ့တူတယ်၊ အဲဒါလည်းကောင်းတာပါပဲလေ၊ ငယ်သူငယ်ချင်းဆိုတော့ အမျိုးတော်ရတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိတွေမို့ ပိုကောင်းတာပေါ့''တဲ့။

သည်တုန်းက ''ဟာ...ညီမလေးကလည်း ပေါက်ကရတွေပြောတော့မယ်''ဟု ကျွန်တော် ခပ်မာန်မာန်လေးပြောလိုက်ရသည်။ သို့ပေမယ့် သည်သုံး,လေးလမှာ မြရွှန်းရည် အိမ်လာရင် ကျွန်တော့်အပေါ် လိုက်လျောမှု၊ ဆက်ဆံမှုတွေ ထူးခြားနေတာ အကဲခတ်မိခဲ့သည်ပင်။

ပြီးတော့ ကျွန်တော်ကိုယ်တိုင်သည်လည်း မြရွှန်းရည် ညီမလေးနှင့် အိမ်လိုက်လာလျှင် အကဲခတ်ကြည့်နေမိသည်။ သူ့ရဲ့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံမှုကို စိတ်ထဲကြည်နူးမိသလိုလို ဖြစ်မိတော့ ကျွန်တော့်ဘက်ကလည်း ပြောင်းလဲမှုစိတ်တွေဖြစ်နေပြီလားဟု ပြန်စဉ်းစားမိပြန်သည်။

ယခုတော့...

အိမ်မက်ထဲက...ပ...

လက်တွေ့ဘဝက...မြရွှန်းရည်...

ကျွန်တော် သက်ပြင်းမောတစ်ခုကို ဆွဲချလိုက်ရင်း မျက်လုံးအစုံကို မှိတ်လိုက်သည်။ လသာသည့်ညလေးက အိမ်အပြင်လောကမှာ အေးချမ်းပြီး တိတ်ဆိတ်နေလျက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"ဘာ…အောင်မျိုး…မင်းအမေက မင်းကိုစေ့စပ်ပေးတော့မယ်"

"ဟုတ်တယ်"

မြဦးဆွေက ကျွန်တော့်စကားကြားသည်နှင့် ထက်ကျော်ဘက်ကို စောင်းငဲ့၍ မျက်လုံးလှန်ကြည့်လိုက်သည်။ သူ့အကြည့်က "ဘယ်လိုလဲ၊ လက္ခဏာဗေဒဆရာကြီး ထက်ကျော်ရဲ့"ဆိုသော အသံမဲ့ ပြောလိုက်သည့် အကြည့်။ ထက်ကျော်က မှုန်ကုပ်ကုပ်နှင့် ပြန်ကြည့်ပြီး ဘာမှပြန်မပြောဘဲ ခေါင်းကို ဖြည်းဖြည်းလေးခါယမ်းနေသည်။

"ဘယ်ကမိန်းကလေးလဲ"

"ညီမလေးမြနှင်းမိုးရဲ့ သူငယ်ချင်း မြရွှန်းရည်နဲ့တဲ့၊ ငါက မဖြစ်နိုင်တာလို့ ငြင်းပါသေးတယ်၊ အမေက မြရွှန်းရည်ဟာ မင်းအပေါ် သဘောကျနေပုံလည်းရပါတယ်။ မင်းညီမနဲ့ သူတို့သူငယ်ချင်းချင်း ဘာတွေပြောလို့ ဘာတွေသိထားတယ်တော့ မသိဘူး။ မင်းညီမကိုယ်တိုင်က ကိုကို့အတွက် မြရွှန်းရည်နဲ့ဆိုရင် သဘောတူတယ်ဆိုပြီး စေ့စပ်နိုင်းဖို့ ပြောတယ်လို့ အမေက ပြောပြတာပဲကွ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...အောင်မျိုး...စိတ်ကူးမလွဲနဲ့ အဲဒီကောင်မလေး မဆိုးဘူး တစ်ခါ မင်းတို့အိမ်မှာလေ၊ မင်းနားမှာ ကန္တဲ့ကလျနဲ့ ပြောနေတာကို ငါတွေ့ဖူးတယ်၊ အဲဒီတည်းက ဒီကောင် လူပျိုကြီးဘဝက ကျွတ်တော့မယ်ဆိုတာ ငါ သဘောပေါက်ပြီးသား"

"ဟား...ဟား...ဟား...ဟား..."

ဗွေဦးပြောပြသောစကားကို ထက်ကျော်မှလွဲ၍ ရယ်မိကြသည်။ ဤသည်ကို မြဦးဆွေက...

"ထက်ကျော်...မင်းကြားတယ်နော်"

"ခရီးမဆုံးသေးပါဘူးကွာ..."

ထက်ကျော်က မဲ့ပြုံးပြုံး၍ မခံချင်စိတ်နှင့် ပြန်ပြောလိုက်သည်။ သူပြောပုံက "ခရီးမဆုံးသေးပါဘူး"တဲ့။ ဟုတ်တော့လည်း ဟုတ်သား။ ခေ့စပ်ကြောင်းလမ်းသည်ဆိုခြင်းက သည်ယောကျ်ားလေးနှင့်သည်မိန်းကလေး နှစ်ဦးနှစ်ဖက်ရဲ့ ကျေနပ်သဘောတူမှုရှိနေကြပါပြီ၊ တစ်နေ့ သက်ထပ်မည်ဆိုသောအဓိပ္ပာယ်တစ်ခုသာ သက်ရောက်သည်ဖြစ်၍ သက်ထပ်ပြီးစီးကြခြင်းတော့ မဟုတ်ချေ။

"မင်းပြောတဲ့ ခရီးမဆုံးဘူးဆိုတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် ခေ့စပ်ကြောင်းလမ်းမယ်ဆိုတာ အကြင်လင်မယားဖြစ်ရေးရဲ့ သုံးချိုး နှစ်ချိုးတော့ နင်းပြီးပြီနော်၊ ဗေဒလက္ခဏာကာဝိကြီး သိဖို့ပြောတာပါ"

မြဦးဆွေက ထက်ကျော်ရဲ့စကားကို ခပ်ရိရိလေးပြောလိုက်ပြန်သဖြင့် ဗွေဦးက မရယ်ရုံတမယ် အားရပါးရကြီး ပြုံးလိုက်သည်။

"ငါ့ရဲ့ အောင်မျိုးအတွက် ဟောကိန်းကို ငါ လုံးဝ အာမခံရဲတယ်။ လောင်းကြေးထပ်တိုးလို့ရသေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထက်ကျော်က သူ့ပညာအပေါ် သူ လုံးဝယုံကြည်စိတ်က ခိုင်မာစွာဖြင့် ထပ်ဆင့်ပြောလိုက်သည်။ မြဦးဆွေနှင့် ဌေးဦးတို့က သဘောကျစွာပြုံးရင်း ခေါင်းတညိတ်ညိတ်...

သည်နေ့ သည်လိုနှင့် ထက်ကျော်ကို ဝိုင်းစ,ကြရင်း လမ်းခွဲကြသည်။ ကျွန်တော်သည်သာ မြရွှန်းရည်အကြောင်း စဉ်းစားနေမိသည်။ တစ်နေ့ရယ်ပေါ့။ ကျွန်တော်စိတ်ကူးရ၍ စောင်းကောက်ကြီးကိုယူပြီး အိမ်ရှေ့ညေ့ခန်းမှာ တီးခတ်ရင်း သီချင်းဆိုနေမိသည်။ ကိုယ့်အာရုံ ကိုယ့်ခံစားမှုနှင့် ဘာမျှသတိမထားမိသောအချိန်မှာ...

"ကိုကိုက သီချင်းဆိုအရမ်းကောင်းတာပဲ၊ ခုနကလို ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံး...အဲ...အဲ...အဲဒါလေး ပြန်ဆိုပြပါဦး။ နားထောင်လို့ကောင်းလို့"

ထိုသို့ပြောရင်း သူက ကျွန်တော့် ညာဘက်ဘေးမှာ နီးနီးကပ်ကပ် ဝင်ထိုင်လိုက်ကာ လက်မောင်းလေးကို ဆုပ်နယ်ပြီးပြောသည်ကို မြေ အမှတ်ရမိသည်။ နောက် သည် "ချစ်သမျှကို"ပတ်ပျိုးကို သူတကယ် ကြိုက်ခြင်းလား...ဒါမှမဟုတ် သူ့ကို အနုပညာဝါသနာပါသည်ဟူသော ဂရုစိုက်စေမှုနှင့် ပြောသည်လားတော့ ကျွန်တော် မသိ။ သို့ပေမယ့်...

ကျွန်တော်ကြိုက်သော
ချစ်သမျှကိုပတ်ပျိုး...
ပပဆိုသောမိန်းကလေးကြိုက်သော
ချစ်သမျှကိုပတ်ပျိုး...

ယခု မြရွှန်းရည်ကလည်း ချစ်သမျှကိုပတ်ပျိုးကို ကြိုက်သည်ဆိုလာပြန်တော့ တိုက်ဆိုင်မှုတို့က ဘယ်လိုဆုံစည်းကြခြင်းလဲ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



...ပပသည် မြွှန်းရည်လား၊ မြွှန်းရည်သည် ပပပဲလား...စဉ်းစားစရာတွေက တိုက်တိုက်ဆိုင်ဆိုင်ပင် ဖွဲ့စည်းလာသည်။

ထိုညက အိပ်ရာဝင်တော့ မြွှန်းရည်ရဲ့ ကန္တဲ့ကလျှလေး မြင်ယောင်နေသည်။ ကျွန်တော့ ကျန်းမာရေးချို့တဲ့ပြီး ဆေးရုံမှာ သတိလစ်နေစဉ်ကလည်း ဆေးရုံကို မကြာခဏလာပြီး ညီမလေးနှင့်အတူ သူကပါ ခံစားနေရမှုစကားတွေပြောသည်။ ထိုစဉ်က အမှုမဲ့ အမှတ်မဲ့ ရှိခဲ့ပေမယ့် ကျန်းမာကာစမှာ ကျွန်တော့်အတွက် ဓာတ်စာ ပန်သီးတို့ လိမ္မော်သီးတို့ ဝယ်လာပြီး သူကိုယ်တိုင်ခွဲစိတ်ကာ ဂရုတစိုက် ကျွေးမွေးပုံတွေကို ကြည့်ပြီး ညီမလေးက မြွှန်းရည်ဟန်ပန်နှင့် အပြောအဆိုများကို သဘောပေါက်မိလာသည်ဟု ပြောပြသည်။

ပြောမယ်ဆို ကျွန်တော် ကျန်းမာရေးကောင်းကာစက မြွှန်းရည်၏ ဂရုစိုက်မှုများအား စိတ်သာယာမိခဲ့သည် အမှန်။ သို့ပေမယ့် အမှတ်မဲ့ပင် နေလိုက်သည်။ အစကတည်းက သူငယ်ချင်းတွေနှင့်ပဲ ပျော်နေတတ်သူဖြစ်၍လည်း မိန်းကလေးတစ်ယောက်နှင့် ထိတွေ့ခြင်း၏ သာယာမှုသည် ယာယီဘဝနှင့်ပျောက်ဆုံးသွားတတ်သည်ပင်။ ယခုတော့ မြွှန်းရည်က ကျွန်တော့အတွက် စဉ်းစားစရာဖြစ်လာခဲ့သည်။

ကျွန်တော် မြွှန်းရည်အကြောင်း စဉ်းစားရင်းမှ မျက်စိကို အသာမှိတ်လိုက်သည်။ မျက်စိမှိတ်မင့် မြွှန်းရည်မျက်နှာလေးက အာရုံထဲမှာ ထင်နေဆဲ။ မြွှန်းရည်ရဲ့ ချိုချိုလေးပြုံးတတ်သည့် အပြုံးလေးက သူလုပပ။ ထိုစဉ် ကြည်လဲ့နေသော မြွှန်းရည်မျက်နှာလေးက ချက်တရက်ဆိုသလို ပြောင်းလဲသွားသဖြင့် ဘာဖြစ်တာလဲဟု အံ့သြတ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြည့်မိတော့ မြရွှန်းရည့် မျက်နှာလေးက တဖြည်းဖြည်း ပပမျက်နှာ လေး ဖြစ်သွားသည်။ ပပမျက်နှာလေးက ရွှန်းလဲ့မှုတော့မရှိ၊ အားငယ် နေဟန် တမ်းမော်လွန်းစွာသော အလွမ်းမျက်နှာနှင့်။ ပြီးတော့ သူ ကျွန်တော့ကိုကြည့်နေရင်း သူ့မျက်ဝန်းအစုံ၌ မျက်ရည်တို့ ပြည့်လျှံလာသည်။

"မောင်မောင်..."

ပပရဲ့အသံက ရှိုက်ငင်ခြင်းလှိုင်းကျံစွာ လွင့်လာသည်။ ပြီးတော့ ကျွန်တော့ကို အားကိုးတကြီးဟန်နှင့် ကြည့်ရင်း...

"ပပအနေနဲ့ မောင်မောင်ကလွဲလို့ ဘယ်သူ့မှ မချစ်နိုင်ပါစေနဲ့ မောင်မောင်ကလည်း ပပကလွဲလို့ ဘယ်သူနဲ့မှ မချစ်နိုင်ပါစေနဲ့ မပေါင်း နိုင်ကြပါစေနဲ့လို့ သစ္စာပြုပြီး ဆုတောင်းခဲ့ကြဖူးတယ်နော်"

ပပက ကြေကြေကွဲကွဲအသံနှင့် ပြောပြရင်း မျက်ဝန်းထဲမှာ ပြည့်လျှံ လာသောမျက်ရည်တို့အား သိမ်းဆည်းနိုင်စွမ်းမရှိခြင်းမှ ပါးပြင်ပေါ်သို့ စီးကျလာကြသည်။ ကျွန်တော် ပပကိုကြည့်ရင်း ရုတ်တရက်ဘာပြော မည်၊ ဘာလုပ်ရမည်မသိခြင်းနှင့် ခပ်ငေးငေးအံ့အားသင့်နေမိစဉ် ဆွဲ ငင်ငင်အူလိုက်သော တစ်ဖက်သောခြံမှ ခွေးအူသံကြောင့် အိပ်ရာ လန့်နိုးသွားသည်။ အိပ်ခန်းထဲမှ ပြာလဲ့လဲ့မီးရောင်လေးက လင်းလျက် ဘာရယ်မသိ။ ရင်ထဲမှာ လှိုက်ဖိုနေမိသည်။

ဘယ်လိုအိပ်မက်ပါလိမ့်...။

ရင်ထဲမှာ ထိုသို့ပဲ စဉ်းစားကြည့်လိုက်မိသည်။ တကယ်ဆိုလျှင် ကျွန်တော် မြရွှန်းရည်အကြောင်း စဉ်းစားရင်း အိပ်ပျော်သွားခြင်း ပါလျက် အစွဲအလမ်းစိတ်သည် အိမ်မက်ဖြစ်စေတယ်ဆိုရင် မြရွှန်းရည်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အိမ်မက်,မက်သင့်သည်။ ယခု ဘယ်နှယ့်တယ်လို...စိုညာဥ်မြေ ဆိုက တွေ့ထိခဲ့သော ပပသည် မကြာခဏဆိုသလို ခြံဝန်းထဲမှာ ထိုင်နေသည်ကို မြင်သည်။ အိမ်မက်ထဲသို့ဝင်လာတတ်သည့်တို့ကို ဘယ်လိုကြီးလဲဟုလောက်သာ စဉ်းစား၍ရခဲ့သည်။

ကျွန်တော် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ခေါင်းကို ခါယမ်းလိုက်သည်။ သည်တော့လည်း ကျွန်တော့်ညီမလေးက ကျွန်တော့်ကိုခေါ်သလို "ကိုကို"ဟုပင် ခေါ်တတ်သော မြရွှန်းရည်ကို ပြန်သတိရမိလာခြင်းနှင့်အတူ...

"ကိုကို...မြရွှန်းရည်ကနော် ကျောင်းမှာဆို မျက်နှာကြော သိပ်တင်းတာ၊ အဲဒါကြောင့် ကျောင်းတုန်းက သူ့ကို အပျိုကြီးဖြစ်မယ့် မိန်းမ မျက်နှာမျိုးဆိုပြီး သူ့ကိုစ,ကြ နောက်ကြတယ်။ အဲဒါ ကျောင်းပြီးတဲ့အထိ၊ သူ့ကို ဘယ်ယောကျ်ားလေးမှ မကပ်ဘူး။ အခု ကိုကိုနဲ့တွေ့မှ သူ့မျက်နှာ ဘယ်လိုချိုလာမှန်းတောင် မသိဘူး"

မြရွှန်းရည်နှင့်ပတ်သတ်၍ ညီမလေးပြောပြသော စကားလေးကို ပြန်ကြားယောင်လာမိခဲ့သည်။ တစ်နေ့...မှတ်မိသေးသည်။ ကျွန်တော် အိမ်မှာနေရတာပျင်းသဖြင့် သူငယ်ချင်းတွေဆီသွားရန် အဝတ်အစား များ လဲနေစဉ်–

"မြနှင်းမိုး...မြနှင်းမိုးရေ..."

မြရွှန်းရည်၏ အိမ်ရှေ့မှခေါ်သံကြားသဖြင့် ကျွန်တော် အခန်းထဲမှာ အဝတ်အစားလဲပြီး အိမ်ရှေ့ခန်းထွက်လာကာ...

"ညီမလေးမရှိဘူးကွ"

"ဟင်...ဘယ်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အမေက သူ့သူငယ်ချင်းတစ်ယောက် နေမကောင်းဘူး ကြားလို့ သတင်းမေးဖို့သွားတာနဲ့ ညီမလေးက ဆိုင်သွားထွက်တယ်"

"ဟယ်...သူကတော့...လုပ်ပြီ..."

မြရွှန်းရည်က စောစောကကြည်လင်နေသော မျက်နှာလေး ချက်ချင်း မှိုင်းမှုန်သွားပြီး နှုတ်ခမ်းလေးစုရင်း ခြေကလေးဆောင့်ကာ ပြောလိုက်သဖြင့်...

"ဘာဖြစ်လို့လဲ...ချိန်းထားလို့လား"

"ချိန်းထားတာပေါ့၊ ဒီနေ့ သမ္မတရုံကကားသွားကြည့်မယ်ဆိုပြီး သေချာချိန်းထားတာ"

"ဒီနေ့ အမေကလည်း လူမှုရေးကိစ္စ အားချင်းပေါ်လာပြီး ထ သွားရတော့ ညီမလေး ဆိုင်သွားထိုင်ရလို့ပါ၊ နောက်နေ့မှ ကြည့်ကြ ပေါ့"

သူက မျက်နှာမကြည်မသာနှင့် တစ်ဖက်ကိုစောင်းငဲ့ပြီး ခပ်တွေတွေ လုပ်နေရာမှ-

"လက်မှတ်က ကြိုဝယ်ထားတာ"

"ဟင်...လက်မှတ်က ကြိုဝယ်ထားတာ"

"ဟုတ်တယ်၊ တစ်ယောက်တည်းလည်း မကြည့်ချင်ဘူး။ ဟော့ ...ဒီ...ဒီလိုလုပ်...ကိုကိုလိုက်ခဲ့"

"ဟာ...ကြဲကြဲဖန်ဖန်...လိုက်ရမလား"

"လာပါကိုကိုရယ်...ဒီနေ့မှသွားမကြည့်ရင် လက်မှတ်က အလ ကား ဖြစ်တော့မှာ၊ လိုက်ခဲ့နော်...ကိုကို...လိုက်ခဲ့နော်..."

သူက ကန္တဲ့ကလျှနှင့် ကျွန်တော့်လက်မောင်းကို ဆွဲတင်းဆွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ငြင်းမရဘဲ သူနှင့်ကျွန်တော် ရုပ်ရှင်တစ်ခါကြည့်ဖူးခဲ့သည်။ ယခုတော့ သည်ကောင်မလေး မြရွှန်းရည်နှင့် ကျွန်တော့်ကို စေ့စပ်တော့မည်ဆိုတော့–

"ဝုန်း..."

"ဟာ"

ကျွန်တော် အလန့်တကြား အိပ်ရာပေါ်လှဲနေရာမှ လူးလဲထလိုက်သည်။ ကျွန်တော့်အိပ်ခန်းထဲတွင်ရှိသော ထိုင်ခုံက လဲပြိုကျလျက်–

"သား"

"ကိုကို"

အမေ့ခေါ်သံနှင့် ညီမလေးခေါ်သံတို့က မရှေးမနှောင်းဆိုသလို ဆင့်ကဲပေါ်လာသဖြင့်–

"သားရှိတယ်အမေ"

"ဘာဖြစ်တာလဲ"

"အခန်းထဲကခုံ လဲကျတာပါ"

ကျွန်တော် ထိုမှပြောရင်း ခေါင်းရင်းပြတင်းတံခါးကို ကြည့်တော့လည်း ပြတင်းတံခါးက ပိတ်လျက်။ အခန်းထဲမှာလည်း ဘာမှမတွေ့။ ဘယ်လိုဖြစ်တာပါလိမ့်။ သည်ထိုင်ခုံသည် အလိုအလျောက် မည်သို့မျှ လဲမကျနိုင်။ ထိုစဉ် စံပယ်အနံ့လေးက ခပ်သင်းသင်းလေးမွှေးလာသဖြင့် ကြက်သီးများ ဖြန်းခနဲထသွားသည်။ အပြင်မှ ရှဲခနဲမြည်၍ သစ်ရွက်သစ်ကိုင်းများ လှုပ်ခတ်သွားအောင် လေဝှေ့လိုက်သည် ထင်၏။ သစ်ပင်ပေါ်တွင် အိပ်မောကျနေကြသော ငှက်များ အလန့်တကြားဖြင့် တောင်ပံခတ်သံတို့ ကြားလိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိုင်ခုံလဲကျခြင်းရဲ့ ထူးဆန်းမှုကို ဘဝင်မကျ ဖြစ်နေမိသဖြင့် ထိုင်ခုံကိုဆွဲထူရင်း ခုတင်အောက်သို့ အသာငုံ့ကြည့်မိသည်။ အမှောင်မှာ ဝင်းလက်နေသော မျက်လုံးအစုံနှင့် ကျွန်တော့်ကို စူးစူးစိုက်စိုက်–

"ဟာ...ဒီကြောင်ကွာ"

ကျွန်တော့်အနီးမှာတွေ့သော တုတ်ကိုဆွဲ၍ ရိုက်မည်ပြုမှ ကြောင်က ခုတင်အောက်မှ ပြေးထွက်၍ ကျွန်တော့်အိပ်ခန်းတံခါးပေါင်ပေါ်ခုန်တက်၍ အပြင်သို့ထွက်သွားသည်။

"ဘာလဲ...သား..."

"ကြောင်...အမေရေ့...ဘယ်ကကြောင် အထဲဝင်လာမှန်းမသိဘူး"

ကျွန်တော် အမေ့စကားကိုဖြေလိုက်ပြီး သက်ပြင်းမောတစ်ခုကို အတင်းမျိုချလိုက်ရသည်။ သို့သော် ထိတ်လန့်သွားသောရင်ကတော့ ခုန်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ကျွန်တော်နှင့် မြရွှန်းရည်တို့ စေ့စပ်ပွဲအား အကျဉ်းရုန်း၍ပင်။ နှစ်ဖက်မိဘ မိသားစုနှင့် ကျွန်တော့်သူငယ်ချင်းများဖြစ်သည့် ထက်ကျော်၊ မြဦးဆွေ၊ ဌေးဦး...သည်မျှနှင့်ပင်။ ကျွန်တော်တို့အိမ်၌ စီစဉ်ကြသည်။

ကျွန်တော် မြရွှန်းရည်၏ အဖေနှင့် အမေတို့ ထိုင်နေသည်ကို ကြည့်ရင်း ကျွန်တော့်မိဘနေရာ၌ အမေတစ်ယောက်တည်း ထိုင်နေသည်ကိုမြင်ရတော့ ကွယ်လွန်ခဲ့တာကြာပြီဖြစ်သော အဖေ့ကို ပြေးသတိရမိသည်။ အမေနှင့် မြရွှန်းရည်မိဘများကလည်း ရင်းနှီးပြီးသားဖြစ်လေတော့ သားသမီးများအတွက် ကျေနပ်ပီတိများနှင့်။ ညီမလေး မြနှင်းမိုးနှင့် မြရွှန်းရည်...သူတို့သူငယ်ချင်းနှစ်ယောက်၏ မျက်နှာလေးများက လန်းဆန်းရွှင်ပျလို့။ မြရွှန်းရည်၏ အစ်မနှစ်ယောက်က စင်ကာပူမှာ အလုပ်သွားလုပ်နေသဖြင့် သိပေမယ့် မလာနိုင်ဟုဆိုသည်။

ဌေးဦးနှင့် မြဦးဆွေတို့က ထက်ကျော်ကို ကြည့်၍ စပ်ဖြဲဖြဲလုပ်နေကြသည်။ ထက်ကျော်က မရယ်မပြုံး ခပ်တွေတွေနှင့်။ ထိုစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"ထက်ကျော် ကတိတည်တယ်နော်"

မြဦးဆွေက လှမ်းစ,သဖြင့် ထက်ကျော်က မဲ့ပြုံး,ပြုံးပြသည်။ ဒွေးဦးက အသံတိုးတိုးဖြင့်–

"ဒီလိုပဲ...မမှားသောရှေ့နေ၊ မသေသောဆေးသမားဆိုတဲ့စကား ကြားဖူးတယ်မို့လား"

"အေး...ဘာဖြစ်လို့လဲ"

"အခု ထက်ကျော် ဗေဒလက္ခဏာကဝိဖြစ်မှ အဲဒီစကားပုံကို ထပ်တိုးရဦးမယ်ကွ...မမှန်သောဗေဒလက္ခဏာကဝိဆိုတာမျိုးလည်း ရှိတယ်လို့"

"ဟား...ဟား...ဟား...ဟား..."

မြဦးဆွေက တစ်ဖက်က ခပ်တိုးတိုးပြောသော်လည်း သူ့သဘောကျသော စကားဖြစ်သွား၍ထင်ရဲ့...အားရပါးရ ထရယ်လိုက်သဖြင့် အားလုံး ဘာများလဲဆိုသောအကြည့်နှင့် ဝိုင်းကြည့်ကြသည်။ ပြီးမှ အမေက–

"ဟဲ့...ဘာတွေများ သဘောကျနေကြတာလဲ..."

"မ...မဟုတ်ပါဘူး အဒေါ်ရယ်...ဟို...ဟိုလေ...ထက်ကျော်...သူက အင်မတန်ရယ်စရာ ပေါက်ကရပြောတတ်တဲ့သူ အခုတော့ လင်းတကြီး ဆေးမိထားသလို ဖြစ်နေလို့ သဘောကျပြီး ရယ်တာပါ"

"ဟ...ဟော့ကောင်...ငါ့များ လင်းတနဲ့နှိုင်းရသလား။ ဟသာနဲ့ဆို တော်သေး..."

"ဟား...ဟား...ဟား...ဟား..."

ထက်ကျော်ပြန်ပြောပုံ အမူအရာကြောင့် ကျွန်တော်ကိုယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များ ဝိုင်းရယ်မိပြန်သည်။

"မင်းပုံစံလည်း မင်းပြန်ကြည့်ပါဦး၊ ဟသ်ာနဲ့မှ မတူတာ၊ ဟသ်ာက လှတယ်၊ မင်းက လည်ပင်းကြီးခေါက်ကွေးပြီး ငိုင်ငိုင်ကြီးဖြစ်နေတာ၊ တူရင်းတူ လင်းတနဲ့ပဲတူမှာပေါ့"

"သူတို့သူငယ်ချင်းတွေက အဲဒီလို တွေ့လို့ ဆုံလို့ကတော့ တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင်ရယ်မောနေကြတာပဲ"

အမေ့စကားကြောင့် မြရွှန်းရည်၏မိဘများက ခပ်ပြုံးပြုံးကြီးနှင့်ကြည့်ကြသည်။ မြရွှန်းရည်က ကျွန်တော်တို့ သူနှင့်ပတ်သက်၍ တစ်ခုခု ပြောသည်ဟု အထင်ရှိသွားဟန် မျက်နှာလေးရှက်သွေးဖြန်းကာ စောစောက ရယ်မောပျော်ရွှင်နေသော မျက်နှာလေးကို အသာငုံ့သွားရှာသည်။

"ကဲ...ကဲ...မင်းတို့သူငယ်ချင်းတွေလည်း လက်ဖက်ရည်သောက်ကြပါဦး..."

"ကျွန်တော်တို့က လက်ကျမြန်တယ်၊ သောက်ပြီးပြီ၊ ထက်ကျော်တစ်ယောက်ပဲ လက်ဖက်ရည်သောက်ရင် မျိုမကျမှာစိုးလို့ မသောက်သေးတာ"

"မျိုကျအောင် သောက်ပေါ့ကွယ်...အရည်မှ မျိုမကျရင်တော့ မောင်ထက်ကျော် ဆရာဝန်နဲ့ပြကြည့်သင့်တယ်နော်"

အမေပြောလိုက်သောစကားကြောင့် ကျွန်တော်တို့ ထပ်ရယ်မိကြပြန်သည်။

"အဒေါ်...ဒီကောင်တွေပြောတဲ့စကား ယုံလို့လား။ ကျွန်တော်က လက်ဖက်ရည်သောက်ဖို့ မုန့်ကနည်းနေလို့ စဉ်းစားနေတာပါ"

"ဟုတ်တယ်...ဟုတ်တယ်...ညီမလေးက မုန့်ထည့်ပေးတာနည်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး...ဒီကောင်က မရုက်မကြောက် အူယားဖားယား စားတတ်တာ... ရှိသေးရင် ထပ်ထည့်ပေးပါဦး ညီမလေးရာ"

ကျွန်တော်က ထက်ကျော်ပြောသောစကားကို ဝင်၍ အရွှန်းဖောက် ပြောလိုက်သဖြင့် ထက်ကျော် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်း သားနှင့်ဖြစ်သွားသည်။ မြဦးဆွေနှင့် ဒွေးဦးတို့က ပြုံးပြုံးကြီး ကြည့်နေ သည်။ ညီမလေးမြနှင်းမိုးက ကျွန်တော် တကယ်ပြောသည်ထင်ပြီး လက်ကျန်မုန့် ရှိ၊မရှိတော့မသိ၊ မုန့်ထယူရန်ပြုသဖြင့်–

"ဟဲ့...ဟဲ့...မြနှင်းမိုး...နင်ကလဲ နင့်အစ်ကိုအကြောင်း သိရဲ့သား နဲ့ ဘာလဲ...မုန့်ထပ်ယူဖို့ ထတာမို့လား"

"ဟုတ်တယ်လေ၊ မုန့်က နည်းတယ်ဆိုတော့ နောက်ထပ် နှစ် ပန်းကန်လောက် ထပ်ထည့်ပေးမလို့..."

"ဒီလိုလုပ်ပါဟာ...နင် မုန့်ထပ်ယူရင် ကျွတ်ကျွတ်အိတ် တစ်အိတ်ပါ ယူခဲ့ပါ"

"ဟင်...ဘာလုပ်ဖို့လဲ"

မြနှင်းမိုးက ထက်ကျော်စကားကို နားမလည်သလို ပြန်မေးလိုက် သဖြင့်–

"ပိုတာတွေ ငါ အိမ်ထည့်ယူသွားမှာပေါ့"

"ဟား...ဟား...ဟား...ဟား..."

ကျွန်တော်နှင့် မြရွှန်းရည်တို့ စေ့စပ်ပွဲဝိုင်းက ယခုမှ စိုစိုပြည်ပြည် ပျော်ပျော်ရွှင်ရွှင်ဖြစ်လာသည်။ မြရွှန်းရည်ပင် စောစောက ရှက်သဖြင့် ဖြစ်သွားသော်လည်း ကြာကြာမရှက်နိုင်။ ရယ်မောနေချေပြီ။ မြရွှန်းရည် မိဘများက ကျေကျေနပ်နပ်ကြီးပြုံးရင်း မြရွှန်းရည်အပေ–



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ကွယ်...ကောင်းတယ်၊ သူငယ်ချင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် စိတ်မဆိုးကြေး အခုလို ပျော်ပျော်ရွှင်ရွှင်နေကြတာဟာ အင်မတန်ရင်းနှီးမှုသဘောကို ဆောင်တာပဲကွဲ့...သမီး"

မြရွှန်းရည်အဖေက ကျွန်တော်တို့ကိုပြောရင်း ရုတ်တရက် သူ့သမီးဘက်ကို လှမ်းကြည့်ပြီး ခေါ်လိုက်သဖြင့်–

"ရှင်...ဖေဖေ"

"မောင်အောင်မျိုးနဲ့ သမီးတို့က အခု စေ့စပ်ပြီး နောက် အိမ်ထောင်သည်တွေဖြစ်လာကြမယ်၊ အဲဒီမှာ မောင်အောင်မျိုးနဲ့ သူ့သူငယ်ချင်းတွေဟာ တစ်ယောက်နဲ့တစ်ယောက် အလွန်ရင်းနှီးပြီး နောက်တတ်ပြောင်တတ်ကြတယ်ဆိုတာ ကိုယ်က သဘောပေါက် နားလည်ထားရမယ်။ သူတို့က ရင်းနှီးလာတာနဲ့အမျှ နောက်နောက်ပြောင်ပြောင်နေကြမှာယ့်လူတွေဆိုတော့ သမီးနဲ့လည်း နောက် ရင်းနှီးကြမှာနော်... နားလည်လား"

"သမီးသဘောပေါက်ပါတယ်ဖေဖေ၊ သမီးသူငယ်ချင်း မြနှင်းကလည်း သူ့အစ်ကိုသူငယ်ချင်းတွေဟာ အိမ်လာရင် လူရွှင်တော်တွေကျနေတာပဲ၊ အားကြီးရယ်ရတယ်လို့ ပြောပြထားဖူးပါတယ်"

"ဟာ...သွားပြီ"

သည်တစ်ခါ 'ဟာ...သွားပြီ' ဆိုသောအသံက ဖြေဦး၊ ထက်ကျော်၊ မြဦးဆွေ...တို့ရဲ့ တိုင်ပင်မထားဘဲနှင့် ရွတ်ဆိုလိုက်သောအသံများက တစ်ပြိုင်တည်းလိုလို ထွက်ပေါ်လာသည်။ အမေ့မျက်နှာက သဘောကျလွန်းသည့် အပြုံးဖြစ်သော်လည်း ရင်ထဲမှာ ရယ်နေဟန်၊ ခန္ဓာကိုယ်က လှုပ်ခါနေသည်။ မြရွှန်းရည်ရဲ့ မိဘများကတော့ ပြုံးပြုံးကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်...အောင်မျိုး"

မြဦးဆွေက ရှုံ့ရှုံ့မဲ့မဲ့မျက်နှာနှင့် ကျွန်တော့်ကိုခေါ်လိုက်သည်။ သူတို့သုံးယောက်စလုံးရဲ့ မျက်နှာတွေက မသက်မသာပုံစံတွေဖြစ်လို့ ကျွန်တော်လည်း သူတို့သုံးယောက်ကို လှမ်းကြည့်လိုက်သည်တွင်–

"မင်းညီမပြောမှဘဲ ငါတို့သုံးယောက်လည်း လူရွှင်တော်တွေ ဖြစ်ကုန်ပြီ။ မင်းသားတွေနဲ့တူတယ်ဆိုရင် ဒီရုပ်ဒီရည်နဲ့ ခံသာသေးတာ ပေါ့ကွာ"

မြဦးဆွေက ဟန်နှင့်ပန်နှင့် ရှုံ့မဲ့ပြောသဖြင့် မြရွှန်းရည်နှင့် ညီမလေးမြနှင်းမိုးတို့က တခစ်ခစ်ရယ်သည်။ လူကြီးများကတော့ ဣန္ဒြေဆည်၍ ပြုံးပြုံးကြီးနေကြပေမယ့် ခန္ဓာကိုယ်တွေလှုပ်နေသည်ကို ကြည့်ခြင်းဖြင့် ရင်ထဲမှာ ရယ်နေသည်ကို သဘောပေါက်မိသည်။

"ဟုတ်တယ်ကွာ၊ မင်းညီမကိုပြောပါဦးကွာ...နည်းနည်းတော့ ပြန်ပြင်ခိုင်း... ခေါင်းဆောင်မင်းသား မဖြစ်တောင် ဒုတိယပေါ့ကွာ။ ဒုတိယမင်းသား အဆင့်လောက်တော့ ငါတို့ဖြစ်သင့်ပါတယ်ကွာ–

ထက်ကျော်က စတိုင်အပြည့်နဲ့ ထပ်ပြောလာပြန်သည်ကို ဖွေဦး က စောင့်ကြည့်ပြီး–

"ဟုတ်တယ်...ဟုတ်တယ်...ငါတို့ရဲ့ရုပ်ရည်တွေကိုလည်း ကြည့်ပါ ဦးကွာ၊ ဒီနေ့ မင်းသားတွေက သူတို့ရဲ့ပတ်သတ်ရာပတ်သတ်ကြောင်း ရယ်၊ ထုတ်လုပ်သူတွေရဲ့သားဖြစ်လို့ရယ်...မင်းသားဖြစ်နေကြတာပါ။ ငါတို့ကတော့ ဘာအဆက်အသွယ်မှမရှိလို့ မင်းသားမဖြစ်ကြတာ၊ ငါတို့သာ ရုပ်ရှင်လောကထဲဝင်လိုက်ရင် လက်ရှိမင်းသားတွေ ကင်မရာရှေ့မှာ ဘယ်သူမှ လာပြီး သရုပ်ဆောင်ရဲကြမှာ မဟုတ်ပါဘူးကွ...ဘယ်ရဲ့လား..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖွေးဦး...ဘာဖြစ်လို့လဲ"

ညီမလေးမြနှင်းမိုးက ရယ်ကြဲကြဲနှင့်မေးလိုက်သည်။ အားလုံးက ဝိုင်းကြည့်နေကြသည်။ ဖွေးဦးက မာန်အပြည့်နှင့် ထ၍ ပြောလိုက်သည်။

"လာသရုပ်ဆောင်ရင် ငါက ရိုက်လွှတ်မှာပေါ့"

သည့်တစ်ခါတော့ ညှော်ခန်းထဲမှာရှိနေသော လူအားလုံး ဖွေးဦး၏ ဟန်နှင့်မာန်နှင့်ပြောပုံကိုကြည့်၍ ဝိုင်းရယ်ကြသည်။ ဣန္ဒြေပင်မဆောင်နိုင်ကြတော့...။

ထိုနေ့က ကျွန်တော်နှင့် မြရွှန်းရည်၏ စေ့စပ်ကြောင်းလမ်းပွဲလေးက ရယ်မောပျော်ရွှင်လျက်နှင့်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

"ကိုကို"

မြရွှန်းရည်၏ ခေါ်သံက ချိုသာညင်ပြေလွန်းသည်။ သူ့ကို ကျွန်တော် ချစ်မိသည့်စိတ်ဖြစ်မိသွားခြင်းကြောင့်လားတော့ မသိ။ ပြီးတော့ သူက ကနွဲ့ကလျှဟန် နွဲ့ဆိုးလေးများနှင့်–

ယခုလည်း လျှောက်လည်ချင်သည်ဆိုပြီး အိမ်မှာအတင်းလာခေါ်၍ လိုက်ခဲ့ရသည်။ သူခေါ်လာသော သည့်သစ်ရိပ်များက အရိပ်အာဝါသ ကောင်းလှသည်။ အပင်တွေက သရက်ပင်များချည်းဖြစ်ပြီး နှစ်ရှည်ပင်ကြီးများဖြစ်နေသဖြင့် မြစ်ဆုံကြီးများက ခန့်ညားထည်ဝါလှ၍ ထိုမြစ်ဆုံတွင် ကျွန်တော်တို့နှစ်ယောက် ထိုင်မိကြသည်။

"ကိုကို"

သူက ထပ်ခေါ်ပြန်သဖြင့် ထိုနေရာပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေသော အဲ့ာရုံကိုရပ်၍ သူ့ကိုကြည့်လိုက်မိသည်။

"ကိုကိုက စကားလည်းမပြောဘူး"

"ဘာပြောရမလဲ"

"ဟင်...မြရွှန်းနဲ့ပတ်သတ်ပြီး ဘာမှပြောစရာမရှိတော့ဘူးလား ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမှန်းမှ မသိတာ"

"မြရွှန်းကို ကိုကို့အနေနဲ့ မိဘက သဘောတူလို့ စေ့စပ်ပွဲကို လက်ခံလိုက်တာလား။ တကယ်ချစ်လို့ လက်ခံတာလား"

"ချစ်ပါတယ်"

"တကယ်ရောဟုတ်ရဲ့လားကိုကိုရယ်"

သူက ကျွန်တော့်ကို အကဲခတ်ကြည့်ရင်း သူသိချင်မှုကို မေးလာသည်။ သူ့အကြည့်မျက်လုံးများက ကျွန်တော်ချစ်ပါတယ် ဆိုသော စကားအပေါ် သံသယငွေ့တို့ ရစ်ပတ်နေသည်ဟု နားလည်လိုက်မိခဲ့သဖြင့်–

"ချစ်လို့ စေ့စပ်တာ လက်ခံခဲ့တာပေါ့"

"တကယ်နော်ကိုကို"

ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ သူက ချိုမြိန်မွှယ် အပြုံးနှင့် ကျွန်တော့်ကို ကြည့်နေစဉ် ဝေါခနဲ မြည်ဟည်းသွားသော အသံနှင့်အတူ သစ်ရွက်, သစ်ကိုင်းတို့ ကြွေမြေပျက်လောက်အောင် သုပ်ယမ်းခါသွားသဖြင့် ကျွန်တော် မြရွှန်းရည်လက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်ပြီး ထိုင်နေရာမှ ထရပ်လိုက်သည်။

ဖြောင်းခနဲ...ဖြောင်းခနဲ မြည်ဟည်းသွားသောအသံနှင့်အတူ ဝုန်းခနဲ ကျိုးကျလာသော သစ်ကိုင်းတို့ကို တွေ့ရသဖြင့် အလျင်အမြန် ပြေးထွက်ခဲ့ရကို ဆုတ်ဆိုင်းစဉ်းစားရသည်။ ကိုယ်ပြေးသောလမ်းမှ သစ်ကိုင်း ကျိုးကျလာလျှင် သက်သာမည်မဟုတ်။ လေကြမ်းက ဘယ်လိုရာသီ အောက်ပြန်၍ ရောက်ရှိလာသည်မသိ။ တဝေါဝေါ မြည်နေဆဲ။

နေ့၏ ပကတိအလင်းတို့ ကြေပျက်သွားခြင်းကြောင့် သစ်ရိပ်



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ခပ်မှိုင်းမှိုင်း ကျွန်တော်တို့ ရပ်နေသော သစ်ပင်ကြီး၏ သစ်ကိုင်းများ ကျိုးမကျခြင်းက ကျွန်တော်တို့အတွက် ကံကောင်းနေခြင်းပင်။

"အ...မ...လေး..."

ကျွန်တော် ပြေးရမည့်လမ်းကို အာရုံစိုက်စဉ်းစားနေစဉ် မြရွှန်းရည်၏ ထိတ်လန့်တကြားအော်သံကြောင့် လှည့်ကြည့်လိုက်တော့ အရပ်ခြောက်ပေကျော်ကျော်ရှိမည်ထင်ရသော ရုပ်ကြမ်းကြမ်း လူကြီးတစ်ယောက် ကိုယ်လုံးကိုယ်ထည်က ဂျပန်နပန်းသမားကြီးနှယ်...အသားက ညိုညစ်ညစ်၊ ဆံပင်က မသပ်မခြေ၊ မျက်လုံးက အနီရောင်သမ်း၍ ပြူးကျယ်သည်။ သွားများပေါ်အောင် သူ့ပါးစပ်ပြဲပြဲကြီးကို ဖြဲထားလိုက်သေး၏ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ရှိရာ တည့်တည့်သို့ တစိုက်မတ်မတ် တိုးဝင်လာနေသည်။

"ကိုကို...ကိုကို...လုပ်ပါဦးကိုကိုရဲ့...ဘယ်လိုဟာကြီးလဲ...မြရွှန်း ကြောက်တယ်...ကြောက်တယ်..."

ကျွန်တော် စူးစိုက်စွာ လူကြမ်းကြီးကိုကြည့်သည်။ လူကြမ်းကြီးက နည်းနည်းမှ ဂရုစိုက်မည့်ဟန်မပေါ်။ ထိုလူကြမ်းကြီးနှင့် ရင်ဆိုင်ဖို့က လက်နက်မရှိဘဲ မရနိုင်ဟု နားလည်လိုက်မိခြင်းမှ အနီးပတ်ဝန်းကျင်တွင် တုတ်သော်လည်းကောင်း၊ ခဲသော်လည်းကောင်း ရှာဖွေမိသည် မတွေ့။ စောစောက ကျိုးကျသောသစ်ကိုင်းကျိုးများက အတော်ခပ်ဝေးဝေး လှမ်းမှာ။

ဘယ်ကြိုလ် ဘယ်ကမ္ဘာမှ ရုတ်တရက်ရောက်လာမှန်းမသိသော သည်အရုပ်ဆိုးဆိုးလူကြမ်းကြီးက ကျွန်တော်တို့နှစ်ယောက်အနီးသို့ တိုး



www.burmeseclassic.com

www.burmeseclassic.com



ကပ်လာသဖြင့် ကျွန်တော် မြရွှန်းရည်ကို အနောက်ဘက်တွန်းပြီး ကျွန်တော်ရပ်၍ ရင်ဆိုင်လိုက်သည်။ သူ့မျက်လုံးနီရဲရဲက ကျွန်တော့်ကိုကျော်၍ မြရွှန်းရည်ကိုကြည့်သည်။ ပြီးတော့ ဘေးမှကွေ့၍ မြရွှန်းရည်ကိုလုရန် ကြိုးစားသဖြင့်–

"အ...မ...လေး...လုပ်ပါဦးကိုကိုရဲ့"

မြရွှန်းရည်၏ အထိတ်တလန့်အော်သံက တဝေါဝေါနှင့် တိုက်ခတ်နေသော လေထုကိုပင် ထွင်းဖောက်သွားသည်ထင်ရ၏။ ကျွန်တော် ထိုလူကြီးကို စတင်တိုက်ခိုက်မှုအဖြစ် လက်သီးတစ်လုံးကို အားယူ၍ထိုးလိုက်သည်။ သူက မတုံ့ပြန်။ ကျွန်တော့်အား သူ့လက်ကြီးနှင့် ဆွဲဖယ်လိုက်သဖြင့် ကျွန်တော် ဘေးကိုယိမ်းယိုင်၍ သစ်မြစ်ဆုံနှင့်တိုက်မိကာ လဲကျသွားသည်။

"ဟာ...ကိုကို"

မြရွှန်းရည်၏ဆိုးရိမ်သံ၊ ကျွန်တော့်ဆီသို့ အပြေးအလွှား ရောက်လာသည်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ ရုပ်ဆိုးဆိုးလူကြမ်းကြီးက မြရွှန်းရည်ကို ဆွဲ၍ ပြေးသည်။

"ကိုကို...ကိုကိုရေ..."

ကျွန်တော် လဲနေရာမှ ကမန်းကတန်းထလိုက်သည်။ ရုပ်ဆိုးဆိုးလူကြမ်းကြီးက ခန္ဓာကိုယ်ကြီး ကြီးသလောက် ပြေးတော့လည်း မြန်ဆန်လှသည်။ မြရွှန်းရည်၏ ရုန်းကန်မှုကြောင့် ပြေးရမှု နှောင့်နှေးနေသည်။ မြရွှန်းရည်ခန္ဓာကိုယ်ကို ရုတ်တရက် ပွေ့ချီလိုက်ပြီး ပြေးပြန်သည်။ သူပြေးပုံက လေအလျင်ကဲ့သို့။ ကျွန်တော် အပြေးလိုက်ရာမှ မြရွှန်းရည်ကို ပွေ့ချီပြေးသွားသည့်နောက်...လူကြမ်းရုပ်ဆိုးကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည်။

ခက်ပြီ။ အစအနပျောက်သွားခြင်းအတွက် လိုက်ရသည့်မှာ မည်သည့်ဘက်သို့ လိုက်ရမည်မသိ။ တောအုပ်က ကျယ်ဝန်းသည်။ အလင်းရောင်က ခပ်မှိုင်းမှိုင်း။ တော်သေးသည်။ ကြမ်းတမ်းလှသောလေက ပြေလျော့စပြုပြီ။ ကျွန်တော်မှန်းဆ၍ မြရွှန်းရည်ကို တွေ့အောင်ရှာမည်။ မရှာ၍လည်း မဖြစ်။ ကျွန်တော်နှင့်အတူလာခဲ့ကြပြီး သူ့ကိုမတွေ့ဘဲ ကျွန်တော် ပြန်၍မဖြစ်။ ယခုလိုဖြစ်ပျက်မှုကို သူ့မိဘများအား ပြန်ပြောပြလျှင်လည်း ယုံမည်မဟုတ်။ မြရွှန်းရည်ပျောက်ဆုံးခြင်းက ကျွန်တော့်အတွက် တကယ့်ပြဿနာ။

ကျွန်တော် မှန်းဆ၍လိုက်ရှာသည်။ သစ်ပင်ကြီးကြီးများဆိုလျှင်လည်း ကွေ့ပတ်ကြည့်သည်။ တောအုပ်ကမကျယ်ဟု ထင်မိသော်လည်း တကယ် လှည့်ပျောက်လိုက်ရှာရတော့ အကျယ်အဝန်းသား။ သစ်ရိပ်များဆုံးတော့ တောင်ကမူတစ်ခုကိုတွေ့ရသည်။ ထိုတောင်ကမူပေါ်တွင်စေတီဖြူဖြူလေးတစ်ဆူကို ဖူးတွေ့လိုက်ရသည်။

ဖြစ်နိုင်ချေရှိသည်ထင်မိသော ထိုတောင်ကမူဆီသို့ ချုံနွယ်များကြား ကွေ့ရှောင်ကျော်ဖြတ်လာခဲ့ရာမှ ကျောက်တုံးကျောက်ခဲများနှင့် ချောင်းငယ်တစ်ခုကို တွေ့ရသည်။ တော်သေးသည်။ ချောင်းက ရေတိမ်တိမ်သဲချောင်းဖြစ်နေသဖြင့် ကျွန်တော် ချောင်းကိုဖြတ်ကူး၍ ကုန်းကမူမြင့်ပေါ်တွင်ရှိသော စေတီဖြူဖြူလေးဆီသို့ တက်ခဲ့သည်။ စေတီတက်လမ်း လှေကားထစ် အုတ်အကျိုးအပျက်များဖြစ်နေသည်ကို တွေ့ရခြင်းကြောင့် ထိုစေတီသည် ပြုပြင်မည့်သူမရှိခြင်း၏ နှစ်ပေါင်းမည်မျှရှိမည်လဲ နောက် တစ်ခုခုသော အမှတ်တရ စေတီရော မပြန်နိုင်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိပြန်သည်။

ကျွန်တော် စေတီဘုရား၏ ရင်ပြင်ပေါ်ရောက်သည်နှင့် ပျောက်ဆုံးနေသော မြရှန်းရည်ကို ပြန်တွေ့ရပါလို၏ဟု ရှိခိုးဆုတောင်းမိသည်။ နောက်...စေတီရင်ပြင်ကို လှည့်ပတ်ကြည့်ရှုရင်း စေတီတောင်ကုန်း၏ အစ်ဖက် သစ်ပင်များကြားမှ တက်လာသော စောစောက ရုပ်ဆိုးဆိုးလူကြမ်းလူထွားကြီးကို မြင်လိုက်ရသည်။ ပြီးတော့ စောစောက မြရှန်းရည်ကို ပွေ့ချီထားသည့်အတိုင်းပင်။ ဘုရားကုန်းပေါ်သို့ တက်လာနေသဖြင့် ကျွန်တော် စေတီတစ်ဖက်တွင် အသာကပ်၍ စောင့်ကြည့်နေလိုက်သည်။

ရုပ်ဆိုးဆိုးလူကြမ်းကြီးက လူတစ်ယောက်ကိုပွေ့ချီ၍ ကုန်းပေါ် တက်လာရသည်ကို မောပန်းဟန်မရှိ။ ခြေလှမ်းက ခပ်သွက်သွက်ပင်။ ပွေ့ချီခံထားရသူက သူ့လက်ထဲမှာ ပျော့ခွေခွေလေး။ မြရှန်းရည် တစ်ယောက် ကြောက်လန့်လွန်း၍ မေ့မြောနေလောက်ပြီ ဟူသော အတွေးဖြစ်မိခြင်းမှ မြရှန်းရည်ကို သနားစိတ်တို့ဖြစ်မိသည်။ စေတီ ရင်ပြင်ပေါ်သို့ ရုပ်ဆိုးဆိုးလူကြမ်းကြီး လှမ်းတက်လိုက်သည်နှင့် ကျွန်တော် စေတီဘုရား၏ တစ်ဖက်ဘေးတွင် ပုန်းနေရမှ ရုတ်တရက် ထွက်လိုက်သည်။

ရုပ်ဆိုးဆိုးလူကြမ်းကြီးက ကျွန်တော့်မြင်သည်နှင့် ပွေ့ချီထားသော သူကို ရုတ်တရက် ကုန်းကမူပေါ်မှ ပစ်ချလိုက်ပြီး သူက တစ်ဖက် ကုန်းကမူဘေးမှ လျှင်မြန်စွာဆင်းပြေးသည်။

"ဟာ...ရက်စက်လိုက်တာ...မြရှန်းရည်တော့ သေပါပြီ"

ကျွန်တော် ပြောပြောဆိုဆို မြရှန်းရည်ကိုပစ်ချသော ကုန်းကမူ အောက်သို့ အပြေးဆင်းလိုက်မိသည်။ မြရှန်းရည်အတွက် စိုးရိမ်သော



www.burmeseclassic.com

www.burmeseclassic.com



ဖောစိတ်ကြောင့် အပြေးဆင်းလာရင်းမှ အုတ်လှေကားဖျက်ကို ခလုတ်တိုက်၍ ကုန်းပေါ်မှ အရှိန်ပြင်းပြင်းနှင့် လိမ့်ကျသွားသည်မို့–

"အား..."

ကျွန်တော် အလန့်တကြားထလိုက်သည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ပြာလဲ့လဲ့မီးရောင်လေးထဲက ကျွန်တော့်အိပ်ခန်း၊ ရင်ထဲ မော၍ တလှပ်လှပ်ဖြစ်နေသည်မို့ ခုတင်ဘေးရှိ စားပွဲပေါ်မှ ရေဘူးကို လှမ်းယူ၍ မော့သောက်မိသည်။

"ဘယ်လိုအိမ်မက်ကြီးပါလိမ့်"

BURMESE CLASSIC

ကျွန်တော် ရင်ထဲကပြောနေမိသည်။ တကယ်ပင် ဘယ်လိုအိမ်မက်ကြီးမှန်းမသိ။ နေ့လယ်ကမှ ကျွန်တော်နှင့် မြရွှန်းရည်တို့၏ စေ့စပ်ကြောင်းလမ်းပွဲကို ပျော်ပျော်ရွှင်ရွှင်နှင့် ပြီးခဲ့ကြသည်။ ယခု မြရွှန်းရည်နှင့်ပတ်သတ်၍ ဘယ်လိုအိမ်မက်မျိုး ရွေးမက်ရသည်လဲ။ တကယ်ဆိုရင် ကျွန်တော်နှင့် မြရွှန်းရည်တို့၏ ကြည်နူးပျော်ရွှင်စရာလေးများသာ အိမ်မက်အနေနှင့် မင်သင့်သည်မဟုတ်လား။

မြရွှန်းရည်ရော သည်ည ဘယ်လိုအိမ်မက်တွေ မက်နေမည်လဲ။ မည်သို့ပဲဖြစ်ဖြစ် ကျွန်တော်မက်သော ရွံရှာထိတ်လန့်ဖွယ် အိမ်မက်မျိုးဖြင့် မမက်ပါစေနှင့်ဟု ဆုတောင်းမိလိုက်သည်။

ဪ...ညဆိုတာ ညပါပဲလေ။

အိမ်မက်ဆိုတာလည်း အိမ်မက်ပါပဲ။

တကယ်မှ မဟုတ်နိုင်တာ။

ဗွလုံစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

BURMESE CLASSIC

ထက်ကျော်အဖေသည် ဝန်ထမ်းဖြစ်သလို ရာထူးတက်၍ မန္တလေး ပြောင်းရမည်။ ထက်ကျော်ပါ မန္တလေးပြောင်းသွားတော့မည်ဆိုသော အသိကြောင့် ကျွန်တော်တို့သူငယ်ချင်းတွေ စိတ်မကောင်းဖြစ် မိကြသည်။

ကျွန်တော်တို့လေးယောက် ရှစ်တန်းနှစ်မှာ အတူဆုံဖြစ်ကြသည်။ ခပ်ပျော်ပျော်နေချင်သောစိတ်နှင့်အတူ ဆုံစည်းမိကြရင်းမှ ခင်မင်ရင်းနှီးခဲ့ကြကာ တက္ကသိုလ်နောက်ဆုံးနှစ်အထိ။ အသီးသီးဘွဲ့ရပြီးကြတော့လည်း မိဘများ၏ စီးပွားရေးအဆင်ပြေမှုကတစ်ကြောင်း၊ အလုပ်အကိုင်အခက်အခဲနှင့် ကိုယ်လုပ်ချင်မှု မဖြစ်ခြင်းကြောင့် လေးယောက်သားတတွဲတွဲနှင့် ခပ်ပျော်ပျော် အေးအေးဆေးဆေးနေခဲ့ကြရာမှ ထက်ကျော်က ယခု လူစုခွဲ၍ထွက်ပြီ။ သည်တော့လည်း "ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံးရှိဘိတည်း" ဆိုသော ဆုံးမသြဝါဒစာတန်းလေးကို သတိရမိခဲ့သည်။

သည်နေ့ ထက်ကျော် မန္တလေးသွားရေးအတွက် ကျွန်တော်တို့သူငယ်ချင်းတွေ လိုက်ပို့ကြမည်။ လိုက်ပို့မည်က မန္တလေးအထိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်ကျော်ကလည်း သူ့မိတ်ဆွေအရပ်ပြောင်းနှုတ်စေ၍ သူငယ်ချင်းတွေနှင့် အတူသွားချင်သဖြင့်နေခဲ့သည်မို့ သည်ညနေ ရထားဆင်းကြမည်။

"သား...မန္တလေးရောက်ရင်တော့ မဟာမြတ်မုနိဘုရားကြီးကို ဖူးဖြစ်အောင် ဝင်ဖူးနော်"

"ဖူးမှာပေါ့ အမေရ"

ကျွန်တော်က ခရီးထွက်ဖို့ပြင်ဆင်ရင်း အမေ့ရဲ့ဆန္ဒကို အပြေပြေး လိုက်သည်။ ပြောရလျှင် ကျွန်တော် ယခုလိုခရီးဝေး တစ်ခါမှခရီးမထွက် ဖူး။ ထက်ကျော်ကိစ္စဖြစ်မှ မန္တလေးရောက်ဖြစ်မည့် အခြေအနေ။ သို့ကြောင့် ယခုခရီးက ဘုရားဖူးနှင့် လေ့လာရေးလည်းဖြစ်၊ သူငယ်ချင်း လည်း လိုက်ပို့ရာဖြစ်သဖြင့် တစ်ချက်ခုတ် သုံးလေးချက်ပြတ်သဘောပင်။ အဝတ်အစားများ ပြင်ဆင်ပြီးသဖြင့် ကျွန်တော် ဘုရားကိုရှိခိုးသည်။ အမေ့ကိုရှိခိုးသည်။

"ငါ့သားလေး သွားလေရာခရီး ဘေးမသီရန်မခဘဲ ကျန်းမာ ချမ်းသာစွာ ရှိပါစေကွယ်"

အမေ့ဆုပေးသံက ကြည်လင်လှိုက်လှဲလွန်းသည်။ သားအတွက် တကယ့် လှိုက်လှဲသောစိတ်စေတနာနှင့် အန္တရာယ်ကင်းဝေးအောင် ဆုပေးနေခြင်းဖြစ်သည်။ "အမေပေးတဲ့ဆုနဲ့ပြည့်ပါစေ"ဟု ကျွန်တော် စိတ်ထဲမှာပြောနေမိသည်။ ပြီးသည်နှင့် ခရီးဆောင်အိတ်ဆွဲ၍ ကျွန် တော် အိမ်မှထွက်ခဲ့သည်။

ရန်ကုန်ဘူတာကြီးရောက်တော့ ထက်ကျော်၊ မြဦးဆွေနှင့် ဇော်ဦး တို့က ရောက်နေကြပြီ။ ကျွန်တော့်မြင်တော့ စပ်ဖြဲဖြဲနှင့် ကြည့်နေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ခရီးသွားဖို့အတွက် မြရှန်းရည်မျက်နှာလေး သေချာသွားကြည့်ပြီး နှုတ်ဆက်နေရသေးလို့ ကြာနေတာလား"

ကျွန်တော်အနားရောက်သည်နှင့် မြဦးဆွေက စပ်ဖြဲဖြဲနှင့်ကြည့်ပြီး မေးလိုက်သည်။

"ဒီလိုပဲ…အသက်ကြီးမှ မိန်းမရတော့မယ်ဆိုတော့ အငြိုးငြင် မခံနိုင်ဘူး။ ဂရုစိုက်ရတယ်ကွ"

ဒွေးဦးက မြဦးဆွေစကားကို ဆက်၍ပို့ပေးလိုက်ရင်း သူတို့ရယ်ကြသည်။ ကျွန်တော်က ရယ်ကြဲကြဲနှင့်ကြည့်ရင်း–

BURMESE CLASSIC

"နေစမ်းပါဦး…မင်းတို့က ငါ့ကို အသက်ကြီးမှတဲ့ အခုမှ အသက်သုံးဆယ်စွန်းရုံရှိသေးတာ၊ အသက်ကြီးမှ ဖြစ်ရမလား။ လူငယ်ကွ။ ပြီးတော့ မင်းတို့ထင်သလိုမဟုတ်ဘူး။ ငါ အခု ခရီးထွက်တာ သူ သိတောင်မသိဘူး"

"ဟုတ်ရဲ့လား အောင်မျိုးရာ…မင်းသွားတွေ့လည်း တွေ့သင့်ပါတယ်။ ကောင်မလေးမျက်နှာ ခဏမြင်လိုက်ရရင်ကို မင်းအတွက် ဒီညစာတောင် မစားဘဲ အာဟာရပြည့်သွားနိုင်ပါတယ်"

"အေး…ဟုတ်တယ်အောင်မျိုး။ တကယ်မတွေ့ရသေးဘူးဆိုရင် အခု ငါတို့လိုက်ပို့ပေးမယ်"

"အံ…မယ်…မယ်…အစကတော့ ဒီကောင့်ကို လူပျိုကြီးဖြစ်ရမယ်လို့ ဟောထားပြီး အခုမှ စေတနာတွေပိုနေပြန်ပြီ"

"အေး…ဟုတ်သားပဲ"

ထက်ကျော်ရဲ့စကားကို မြဦးဆွေက ဝင်ပြောလိုက်သဖြင့် ဒွေးဦးကလည်း ထက်ကျော် ကျွန်တော့်အား မိန်းမ,မရနိုင်ဘူးဟု လှောင်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဟောဂကိန်းထုတ်ထားတာကို သတိရပြီး ဝင်ပြောလိုက်သည်။ ထိုစဉ် ဘူတာမှ ရထားထွက်တော့မည့်အကြောင်း ကြေညာသဖြင့် ကျွန်တော်တို့လူစု စကားဖြတ်၍ ရထားအထူးတန်းတွဲပေါ် တက်ခဲ့ကြသည်။ ထိုင်ခုံတွင် ဝင်၍ထိုင်မိကြသည်နှင့်–

"ဟော့ကောင်...ဒီအထုပ်တွေက ဒီမှာပဲထားမှာလား"

"ဒါက တို့ရဲ့ ဒီညခရီးမှာ အသုံးပြုပစ္စည်းတွေ"

"ဟ...များလှချည်လား...ဘာတွေလဲ"

"ဘီယာဘူးတွေနဲ့ ကြက်ကြော်တွေ"

"မင်းက သူငယ်ချင်းတွေအတွက်တော့ အတော်အလိုက်သိတဲ့ကောင်"

"မဟုတ်ဘူးဟော့...ဒါ...သူ့ကတိအတိုင်း လျော်ကြေး"

ကျွန်တော်နှင့် ထက်ကျော်စကားကိုဖြတ်၍ မြဦးဆွေက ဝင်ပြောလိုက်သဖြင့် ထက်ကျော်က မျက်လုံးပြူးပြီး လှမ်းကြည့်သည်။ မြဦးက တစ်ခုခု သတိရသွားဟန် စက်ဖြုံဖြုံနှင့်။

"အေး...ဟုတ်တယ်...ဟုတ်တယ်။ ဒီကောင် အောင်မျိုး မိန်းမမရဘူးလို့ ဟောထားတာ၊ အောင်မျိုးက မိန်းမရတော့မယ်ဆိုတော့ သူ့ ကတိအတိုင်း ညှော်ခံတဲ့သဘောပေါ့"

ရထားက ဥဩရှည်ဆွဲ၍ ရန်ကုန်ဘူတာကြီးမှ ဘီးစလိမ့်ထွက်သည်။ ပလက်ဖောင်းပေါ်မှ လက်ပြနှုတ်ဆက်သူတွေက တဖြည်းဖြည်းနှင့် ဝေးကျန်ခဲ့သည်။ ဘူတာရုံကြီးကတော့ သူ့ ရင်ခွင်မှထွက်ခွာသွားသော သူ့သားသမီးကို တစ်နေ့ သူ့ရင်ခွင် ပြန်ရောက်လာမည်ဟု ယုံကြည်မှုနှင့် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင်။ ရထားက



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း အရှိန်မြင့်လာသည်နှင့် ပတ်ဝန်းကျင် မြင်ကွင်းတို့က တရိပ်ရိပ်။

"ရှူး...ဖောက်"

ကျွန်တော် ရထားပေါ်မှ ဘေးပတ်ဝန်းကျင်ကြည့်နေစဉ်မှာ အနီးမှ အသံကြောင့် လှည့်ကြည့်လိုက်တော့ ဘသားချောတို့က ဘီယာဘူးတွေ တစ်ယောက်တစ်ဘူးကိုင်၍ ဖောက်နေကြပြီ။ ကြက်ကြော်ဘူးကလည်း အဆင်သင့်ဖွင့်လျက်။ သို့ကြောင့် ကျွန်တော်လည်း တစ်ဘူးယူဖောက်လိုက်သည်တွင်–

"ကဲ...စောစောကစကားကို ငါပြောမယ်"

"ဘာလဲ"

"အခု ငါ မင်းတို့ကိုညွှန်ခဲ့တာဟာ ငါ့ကို မန္တလေးရောက်အောင် လိုက်ပို့တဲ့အတွက်။ ငါတို့သူငယ်ချင်းတွေ ပျော်ဖို့ ညွှန်ခဲ့တဲ့ပွဲ။ ခု ငါ ထပ်ပြောမယ်။ အောင်မျိုး မိန်းမ မရစေရဘူး"

"ဟ...မင်းက အခုထိ မလျှော့သေးဘူး"

"ငါပြောတာ နားထောင်လေ"

"ပြောပါစေကွာ...သူ့ရဲ့လွဲချော်မှုအတွက် ရှက်ရမ်း,ရမ်းပြီး ဖွတ်ပြောနေရတာ။

"နိုး...နိုး...နိုး...ဘယ်တော့မှ ဖွတ်မပြောဘူး။ ဒီလက္ခဏာဗေဒင်ဆိုတာ ဗုဒ္ဓဘုရားရှင် မပွင့်ခင်ကတည်းက ရှိတယ်ဆိုတာ မင်းတို့လည်း ဗဟုသုတ မနည်းပါဘူး...သိကြမှာပါ"

"ဟာ...ထက်ကျော်ရ...မင်းက ဘီယာတောင် တစ်ဝက်မှ မသောက်ရသေးဘူး...လေရှည်ပြီ၊ ကဲ...မင်းဟာမင်းဆက်ပြော၊ ငါတော့သောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြဦးဆွေက ပြောပြောဆိုဆို ဘီယာဘူးကို မော့သောက်လိုက်သဖြင့် ကျွန်တော်နှင့် ဋ္ဌေးဦးတို့လည်း မော့သောက်ကြသည်။ ပြီးတော့ ကြက်ကြော်ကို ဖဲ့ရွဲ့စားကြသည်။ ထက်ကျော်က သူ့စကားကို ဆက်ပြောနေဆဲ–

"ငါက တစ်နေ့ နာမည်ကျော်ဗေဒလက္ခဏပညာရှင်ကြီးဖြစ်မှာဆိုတော့ အခုတည်းက ကိုယ့်ဟောချက်ကို ရဲရဲဝံ့ဝံ့ရှိရမှာပေါ့။ အောင်မျိုး မြရွှန်းရည်နဲ့ လက်ထက်ပြီးရင် မင်းတို့ကို ဒီထက်ကောင်းတဲ့ရှယ် ထပ်ပြီး တာဝန်ယူမယ်။ အဲဒါ လောင်းကြေး"

ထက်ကျော်က သူ့ပညာအတွက် တကယ်ယုံကြည်စိတ်ချထားဟန်။ အတည်အငြိမ်ပြောသည်။ ပြီးမှ သူဖောက်ထားသော ဘီယာဘူးကို မော့သောက်သည်။

"ဟော့ကောင် ဋ္ဌေးဦး...ငါတို့တော့ ကံကောင်းပြီးရင်း ကံကောင်းရင်း ဖြစ်တော့မယ်"

"ဘာဖြစ်လို့လဲ"

"အောင်မျိုးလက်ထပ်ပြီးရင် ထပ်သောက်ရဦးမယ်လေ။ ရှယ်နော် ရှယ်။ မင်းကတိတော့..."

မြဦးဆွေက ထက်ကျော် မခံချင်အောင် ဟန်အမူအရာများနှင့် ပြောလိုက်သည်။ ပြီးတော့ ထပ်မော့သောက်ပြန်သည်။ ကျွန်တော်က သူတို့ကိုကြည့်၍ ရယ်နေရသဖြင့် ဘူးထဲမှ ဘီယာကို ဆက်မသောက်ဖြစ်။ သူတို့က တစ်ဘူးကုန်သွား၍ နောက်ထပ်တစ်ဘူး ယူချင်နေကြသဖြင့် ကျွန်တော့်ကိုကြည့်သည်။ ထိုသို့မှ ထက်ကျော်က ကြက်ကြော်ကို ဝါးနေရာမှ မျိုချလိုက်ပြီး...။

ဖွာလုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကတိသစ္စာ တည်သောခါဝယ် နွယ်မြက်သံစိပင် ဆေးဖက်ဝင်တယ်ကွ၊ အဲဒါကြောင့် ငါက ဒီလို ပြန်စပ်ဆိုထားတယ်။ ကတိသစ္စာလေးနက်ပါမှ နှုတ်ထွက်စကား စွမ်းရည်များ၏၊ ကတိမတည် နှုတ်မညီက စိတ်ကာယတ်ကုံး ခြယ်မှုန်းဖွယ်ရာ ပြောဆိုပါလည်း သိက္ခာမလုံ လူမယုံတော့ ...အဲဒီလို ငါ ပြန်ပြီးစပ်ဆိုထားတယ်"

"အံမယ်...မင်းက ကဗျာတွေဘာတွေစပ်တယ်ပေါ့"

"ဟ...မင်းတို့ငါတို့ မြန်မာစာနဲ့ ပြီးလာကြတာလေ၊ အေး...တစ်ခုတော့ရှိတယ်။ မြန်မာစာနဲ့ပြီးတာ ပြီးတာပဲ၊ ညံ့တဲ့လူတွေကျတော့ ကဗျာစာပေဆိုတာ ဘယ်နားလည်နိုင်မလဲ"

ဟ...အရှုံးက တစ်မူးသာပြီ"

"ဟား...ဟား...ဟား...ဟား..."

ဖြေဦးမေးလိုက်သောစကားကို ထက်ကျော်က ပြန်ဖြေရင်း ဆရာကြီးပုံစံနှင့် ပြောလိုက်သဖြင့် မြဦးဆွေက ရုတ်တရက် ကောက်ကာင်ကာ ပြောလိုက်ခြင်းမှ ဝါးခနဲ ထရယ်မိကြသည်။ ထိုစဉ် ပတ်ဝန်းကျင်က ကျွန်တော်တို့ကို အလိုက်မသိခြင်းဟု မြင်၍လား။ အတော်ပျော်တတ်သူတွေဟု မြင်၍လားတော့မသိ။ ဟိုမှသည်မှ ကြည့်ကြသည်၊ ဟုတ်တော့လည်း ဟုတ်သည်၊ ရထားခုတ်မောင်းသံထက် ကျွန်တော်တို့လေးယောက်အသံက ဆူညံသွားသည်။

"ဟော့ကောင်...အောင်မျိုး မင်းတစ်ဘူးက သောက်လို့မပြီးတော့ဘူးလား"

"သောက်ပါမယ့်ကွာ...မင်းတို့ကလဲ"

ကျွန်တော်က မြဦးဆွေရဲ့ သတိပေးပြောစကားကြောင့် လက်



www.burmeseclassic.com

www.burmeseclassic.com



ကျန်ကို မော့သောက်လိုက်ပြီး ဘူးကို ရထားအပြင် ပစ်လိုက်သည်။ နောက်တစ်ဘူးစီယူ၍ ဖောက်ကြပြန်သည်။ ယခုမှ မြရွှန်းရည်အား အရုပ်ဆိုးဆိုး လူထွားကြီး ပွေ့ချီပြေးသွားသော အိမ်မက်ကို ပြန်သတိရမိလာသည်မို့ ဘီယာဘူးကို နည်းနည်းငုံသောက်ပြီး ရထားပြတင်းမှ အပြင်ကို ကြည့်လိုက်မိသည်။ ဝါရွှေအဆင်းနှင့် လမင်း၏အလင်းက လောက ကြီးထဲသို့ ဖြန့်ကြလျက်။

"ဒီလိုပဲကွ...ကောင်မလေးနဲ့ စေ့စပ်ပြီးကာစအချိန်မှာ ခွဲလာရတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံကြည်နူးရမယ့်အချိန်မှာ ခွဲလာခဲ့ရတော့ လွမ်းနေမှာပေါ့ကွာ"

မြဦးဆွေရဲ့စကားကြောင့် ကျွန်တော် လရောင်သွေးကို ငေးကြည့်နေမိရာမှ ရုတ်တရက် သူတို့ဘက်လှည့်လိုက်စဉ် ဌေးဦးက–

"သိပ်လွမ်းမနေနဲ့ အောင်မျိုး ထက်ဂေ့ဂ်က မင်းကို မန္တလေးမှာ အကြာကြီးခေါ်မထားဘူး"

"ဟာ...မင်းတို့ကလဲ...ငါက သာနေတဲ့လကို ခံစားပြီး ကြည့်နေတာကွ၊ မင်းတို့က အနုပညာဆန်ဆန်လည်း မခံစားတတ်ဘဲနဲ့"

"လကိုကြည့်ပြီး ခံစားတာ သေချာတယ်နော်၊ ဒီလိုလသာတဲ့ညလေးမှာများ မြရွှန်းရည်နဲ့ လရောင်အောက်မှာ အတူထိုင်ပြီး စကားပြောနေရရင် ဘယ်လောက်ကြည်နူးစရာကောင်းမလဲလို့ စိတ်ကူးနေတာတော့ မဟုတ်ဘူးမို့လား"

"ဖြစ်နိုင်တယ်၊ ဒီကောင်က ဂီတသမား၊ ပြီးတော့ ချစ်သမှုကို ပတ်ပျိုးကို သိပ်ပြီး သဘောကျတာ။ အခုလို လသာတဲ့ညမှာ လရောင် အောက်မှာ သူ့စောင်းကောက်ကြီးနဲ့ ချစ်သမျှကိုပတ်ပျိုးလေးတီး



www.burmeseclassic.com

www.burmeseclassic.com



မြရွှန်းရည်က သူ့ပခုံးလေးမှီပြီး နားထောင်နေမှာပဲလို့ စိတ်ကူးယဉ်နေမှာပေါ့ကွာ''

သူတို့ပြောသောစကားကြားမှ ပပ...ဆိုသောမိန်းကလေး ပြောခဲ့သော စကားများကို ပြန်အမှတ်ရမိသွားပြန်သည်မို့ ကျွန်တော် ဣန္ဒြေမပျက် သူတို့ကို ရယ်ကြဲကြဲကြည့်ရင်း ဘီယာဘူးကို ထပ်မော့လိုက်သည်။ လူက နည်းနည်းရိုတိုတိနှင့် မူးလာသည်။

''မင်းတို့က မင်းတို့စိတ်မျိုးအတိုင်းထင်ပြီး ပြောနေကြတာကို၊ ငါ့မှာ မင်းတို့နဲ့လိုက်လာပြီး ပျော်နေတာပဲ အာရုံကရှိနေတာ''

''ဒါနဲ့ မင်းကိုမေးရဦးမယ်''

''ဘာလဲ''

''မင်းကောင်မလေးနဲ့ မင်းနဲ့ စေ့စပ်ပြီးမှ နှစ်ယောက်ချင်းဆုံဖူးမှာပေါ့''

ကျွန်တော်က မြဦးဆွေအမေးစကားကို ခေါင်းညိတ်ပြလိုက်ရင်း လက်ကျန်ဘီယာကို မော့ချလိုက်ပြီး ကြက်ကြော်ကို ယူဝါးနေလိုက်သည်။ သူတို့က ဘီယာဘူး နောက်တစ်ဘူးစီယူကြပြီး ကျွန်တော့်ကို တစ်ဘူး လှမ်းပေးသည်။ ဌေးဦးက စပ်ဖြဲဖြဲကြည့်ကာ–

''မင်းကောင်မလေးက မင်းကို ဘယ်လိုခေါ်လဲ''

''ဟာ...မင်းကလဲ...မောင်မောင်တို့ဘာတို့ ခေါ်မှာပေါ့ကွာ''

မြဦးဆွေက ဝင်ပြောလိုက်သည်၊ ထက်ကျော်က စပ်ဖြဲဖြဲကြည့်ရင်း–

''ဟ...အဲဒါ သူတို့အချင်းချင်းကိစ္စတွေ၊ ဘာလဲ...ခြင်ထောင်ထဲက ကိစ္စတွေပါ ဒီကောင် မိန်းမရပြီးရင် မေးကြည့်ဦးမလို့လား''

''မေးကြည့်တာပါကွာ၊ မြဦးဆွေပြောသလို ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လို့ ခေါ်သလားလို့"

"မဟုတ်ဘူး၊ မောင်မောင်လို့ခေါ်တာတစ်ယောက်"

"ဘာ...မောင်မောင်လို့ခေါ်တာ တစ်ယောက်"

"ဘီယာမူးပြီး ကျွဲခိုးပေါ်ပြီ"

"ဟေ့ကောင်...မောင်မောင်လို့ခေါ်တာတစ်ယောက်ဆိုတော့ ဒီကောင် အေးမယ်ထင်နေတာ မအေးဘူး၊ လုပ်စမ်းပါဦး...လုပ်စမ်းပါဦး၊ အဲဒီ တစ်ယောက်က ဘယ်သူလဲ"

သူတို့ အူယားဖားယားနှင့် အတင်းမေးမှ စောစောက ကျွန်တော် မူးမူးနှင့် "မောင်မောင်လို့ခေါ်တာတစ်ယောက်" ဟုပြောမိသောစကား ကို ပြန်စဉ်းစားမိသွားပြီး မှားသွားမှန်းသိခဲ့သည်။ သို့ကြောင့်–

"မြရှန်းရည်က ငါ့ညီမလေးခေါ်သလို 'ကိုကို'လို့ခေါ်တာပါ၊ မင်းတို့ကို သက်သက်နောက်တာ"

"အဲဒါ နောက်တာမဖြစ်နိုင်ဘူး၊ သူ့အတွင်းကြိတ်ကိစ္စတစ်ခုမှာ မူးမူးနဲ့ ပွင့်ထွက်လာတာ"

"ဟုတ်တယ်၊ မင်း အခုပြောတာ နောက်ပြီးပြောတဲ့ပုံစံမျိုး မဟုတ် ဘူး၊ ငါတို့သူငယ်ချင်း အရင်းကြီးတွေကွာ...ပွင့်ပွင့်လင်းလင်းတော့ ရှိဖို့ကောင်းတာပေါ့"

"သူ့မှာ ပြောမဖြစ်တဲ့ အတွင်းကြိတ်အကြောင်း ရှိလို့နေမှာပေါ့"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြောကြပေမယ့် နောက်ဆုံး ထက်ကျော်ပြောသလို ကျွန်တော့်အကြောင်းက အတွင်းကြိတ် အကြောင်း။ ပြီးတော့...အကောင်အထည်မရှိသောအကြောင်း။ ထို အကောင်အထည်မရှိသော အကြောင်းသည်ပင် ကျွန်တော့်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားစရာတွေ ဖြစ်စေခဲ့သည်။

ထို မောင်မောင်...ဟုခေါ်ဆိုခြင်းအကြောင်းကို သူတို့က အတင်းမေးပေမယ့် ကျွန်တော်က မပြောဖြစ်၊ ပြော၍လည်းမဖြစ်၊ ပပအကြောင်းပြောပြလျှင် သူတို့ဝိုင်းရယ်မောကြဦးမည်ဖြစ်၍ ကျွန်တော်က မပြော။ သို့မှ ဘီယာကို တစ်ဘူးပြီးတစ်ဘူး သောက်ကြသည်။ ကြက်ကြော်ကလည်း တစ်ကောင်ပြီးတစ်ကောင်၊ မျက်လုံးတွေလည်း မှုးယစ် လေးဆင်းလာသည်။ ရထားကြီးက ညခရီးကို သက်လုံကောင်းစွာ တစ်မြို့ပြီးတစ်မြို့ ဖြတ်ပြေးလျက်၊ တစ်ချက် တစ်ချက် ရထားကြီးက သံလမ်းများပေါ် ပြေးနေရင်း ခုန်ပေါက်နေသေးတော့။

မျက်လုံးများလည်း တဖြည်းဖြည်းမှေးစင်းလာဟန်ရှိသည်။ မြဦးဆွေနှင့် ဌေးဦးတို့က တစ်ချိန်လုံး နောက်ပြောင်လာရာမှ မောသွားကြဟန်မူးမူးနှင့် အိပ်ပျော်သွားကြသည်။ ထက်ကျော်လည်း အိပ်ပျော်နေသည်လား၊ ငြိမ်နေသည်လား မသိ။ သို့ကြောင့် ကျွန်တော် မျက်လုံးကို မှိတ်လိုက်မိသည်။ ရထားကြီးကတော့ မောရမှန်းမသိသေး...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ကျွန်တော် မန္တလေးမြို့က ပြန်လာကတည်းက မဟာမြတ်မုနိဘုရားကြီးကို ကြည်ညိုဖူးမြော်ရခြင်းအတွက် စိတ်ထဲ ကြည်လင်နေသည်။ ပြီးတော့ ထိုမဟာမြတ်မုနိဘုရားကြီးအားဖူးရင်းလည်း အရင်က ဖူးခဲ့ရမှု ရှိဖူးသလိုလို စိတ်ထဲ တစ်မျိုးကြီး လွမ်းဆွတ်စရာလိုလည်း ခံစားမိသည်။ ဘုရားကြီး၏ မျက်လုံးတော်အစုံကလည်း လာရောက်ဖူးမြော်သူများအား ကရုဏာတော်အကြည့်နှင့် ကြည့်နေသည်ကို ခံစားခဲ့ရ၏။

သည်တော့လည်း မဟာမြတ်မုနိဘုရားကြီးသည် မြတ်စွာဘုရားရှင်၏ ရင်ငွေ့လှုံ၍ ဗုဒ္ဓဓာတ်ကူးယူခဲ့သည်ဆိုခြင်းကို ကြားဖူးထားသဖြင့် ဟုတ်နိုင်သည်ဟုလည်း တွေးမိသည်။ မြတ်စွာသောဘုရားရှင်သည် လောကသုံးပါး၏ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်မဟုတ်ပါလား။ မေတ္တာတော် အနန္တရှင်ဖြစ်သလို၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးအပေါ် ရင်ဝယ်သားကဲ့သို့ တစ်ပြေးတည်းသော မေတ္တာတော်၊ ကရုဏာတော်ဖြင့် ထားခဲ့ကြသည်ဖြစ်ရာ ယခုလည်း ဗုဒ္ဓဓာတ်ကူးယူဝင်စားနေသော မဟာမြတ်မုနိဘုရားကြီးသည်လည်း လာရောက်ဖူးမြော်သူအားလုံးအပေါ်

www.burmeseclassic.com



မေတ္တာကရုဏာအကြည့်များ ယိုစီးနေပေမည်ပေ့ါ။ ကျွန်တော် မဟာမြတ်မုနိဘုရားကြီး၏ ကြည်ညိုဖွယ်ရာကို မြင်ယောင်မိခြင်းနှင့် ခုတင်ဘေးစားပွဲပေါ်မှာ တင်ထားသော စောင်းကောက်ကြီးကို ယူလိုက်မိသည်။ ဖွင့်ထားသော အိပ်ခန်းပြတင်းမှ မြင်နေရသော ရင့်ကျက်သည့် လဆန်းည၏ လအလင်းက ဝင်းပပ ကြည်လင်လျက်–

ထူး xx မခြားနား xx မီးရှုံသား xx ရောင်တော်တွေပြား
xx ပြောင်းလိုလို xx များတွေ ထူးတွေတည့် xx အံ့ရာသော်ပ်
xx ရွှန်းရွှန်းလင်း xx စိမ်းပြာဖြူဝင်း နေရောင်ခြည်လင်း
xx ထွန်းလိုလို့ရွှန်းဝေ xx များတွေတည့် xx အံ့ရာပင်
ဘုန်းတန်ခိုးလည်း xx နှိုင်းဆိုရာပဲ xx တူမည်မှာလည်း xx
ရဲရဲဝင်းပြောင် xx နေမင်း လမင်း xx သိန်းရာထောင် xx
ယှဉ်ဆောင်ပြိုင်ခိုင်း xx နှိုင်းရာတူပဲကိုး xx...

မဟာမြတ်မုနိဘုရားကြီးအား မြင်ယောင်၍ ထူးမခြားနားရောင်ခြည်တော်ဘွဲ့ကို သီဆိုပူဇော်နေမိသည်။ ညက လရောင်နှင့်ငြိမ်သက်လှပလျက်။ ထိုစဉ် ကြေးစည်သံက ဒူဝေ...ဝေ...ဒူဝေဝေ...ဟု ကြားလိုက်ရသဖြင့် ကျွန်တော် အဆိုရော အတီးရော ရပ်ပစ်လိုက်သည်။ ယခုမှ ကျွန်တော် သတိထားမိသွားသည်။ ကျွန်တော် စောင်းတီး၍ သီချင်းဆိုနေစဉ် အမေပုတီးစိပ်နေချေပြီ။ ယခု ပုတီးစိပ်ပြီးသဖြင့် သတ္တဝါများအပေါ် မေတ္တာပို့ရင်း ကြေးစည်တီးခတ်သည်ဖြစ်၍ အမေ၏ ကုသိုလ်ကောင်းမှုပြုသည်ကို ကျွန်တော် နှောင့်ယှက်ခဲ့မိချေပြီ။

ကျွန်တော် စောင်းကောက်ကြီးကို စားပွဲပေါ်တွင် နေရာချပြန်ထားလိုက်ပြီး အိပ်ခန်းတံခါးဖွင့်၍ ထွက်ခဲ့ကာ အမေရှိရာ ဘုရားခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

"အမေ့ပုတီးစိတ်တာ သားတော့ နှောင့်ယှက်မိသွားပြီ"

"ကိစ္စမရှိပါဘူး သားရယ်၊ သားဆိုနေတာကလည်း ဘုရားဘွဲ့ ပဲဟာ၊ အမေ့အတွက် အာရုံမပျက်ပါဘူး"

အမေက သားသမီးအပေါ်ထားသည့် မေတ္တာအတိုင်း အပြစ်မပြော။ ဘုရားဘွဲ့မို့လို့ အာရုံမပျက်ပါဘူးတဲ့လေ။

"ကဲ...ကဲ...သား...သွားအိပ်တော့"

"ဟုတ်ကဲ့အမေ၊ သားလည်း မန္တလေးမှာဖူးခဲ့ရတဲ့ မဟာမြတ်မုနိဘုရားကြီးကို မျက်စိထဲပြန်မြင်မိနေတာနဲ့ ကြည်ညိုစိတ်ဖြစ်ပြီး ဒီသီချင်းကို သီဆိုပြီး ပူဇော်မိသွားတာပါ"

"ကောင်းပါတယ်သားရယ်၊ သား အာရုံသွင်းထားတာလည်း တကယ့်ကုသိုလ်စိတ်နဲ့ဆိုတော့ ကောင်းတာပါပဲကွယ်၊ သားစိတ်ထဲမှာ ဘာမှအနှောင့်အယှက်မဖြစ်ရဲ့ ဘုရားရဲ့ ဂုဏ်တော်တွေ ဖွဲ့ဆိုထားတဲ့သီချင်းကို နားထောင်ပြီး ပုတီးစိပ်ရတာ ပိုပြီး အဆင်ပြေသွားတာပေါ့"

အမေက သူ့ရဲ့ခွင့်လွှတ်နိုင်စွမ်းမှုတို့ကို ပြောပြလာသဖြင့် ကျွန်တော်အမေ့ရှေ့မှထွက်လာပြီး အိပ်ခန်းထဲပြန်ဝင်ခဲ့သည်။

"သားရဲ့ လူတစ်ဖက်သား ကုသိုလ်မှုပြုနေချိန်မှာ အသံနဲ့သော်လည်းကောင်း အပြုအမူနဲ့သော်လည်းကောင်း စိတ်အနှောင့်အယှက်ဖြစ်မိအောင် ပြုမိရင် အဲဒါ မကောင်းမှုအကုသိုလ် ကျူးလွန်ခြင်းပဲ အင်မတန်မှ အပြစ်ကြီးတယ်"

အမေ ကျွန်တော့်ကို ဆုံးမပြောပြမှုသော စကားက ကြားခဲ့သမျှ ကျွန်တော့်မမေ့။ ပြီးတော့ အမေကပြောသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ဖက်သား ကုသိုလ်မှုပြုချိန်သိသိကြီးနှင့် နှောင့်ယှက်တာ မပြောနဲ့...သူ ကုသိုလ်မှုပြုတာကို ကိုယ်ကမသိလို့ စိတ်သဘောထား ရှုံ့ရှုံ့နဲ့ ပြုမိတာတောင် ကုသိုလ်မှုပြုသူအတွက် စိတ်မှာ အနှောင့်အယှက် ဖြစ်သွားရင် အကုသိုလ်ဖြစ်တယ်။ အဲဒီလိုအကုသိုလ်မျိုးက ကိုယ်မသိနိုင်ဘဲ တိတ်တိတ်ပုန်းကပ်ငြိတဲ့ အကုသိုလ်မျိုးတွေလည်း ရှိတယ်သား။ အဲဒါ ကြောင့် လူဆိုတာ ဆင်ဆင်ခြင်ခြင်နေတတ်နိုင်မှ သားရေ၊ အကုသိုလ်ဆိုတာ သိပ်ကြောက်စရာကောင်းတယ်"

အမေက သူလေ့လာဖတ်ရှုပြီး သိထားသောအကြောင်းများအား ကျွန်တော်နှင့် ညီမလေးကို စကားစပ်မိ၍ ကြုံတိုင်း ပြောပြလေ့ရှိသည်။ သို့ကြောင့်လည်း သည်ညအပြုအမူအတွက် ကျွန်တော် မသိ၍ပြုမိခြင်း ဖြစ်ပေမယ့် အမေပြောပြ ဆုံးမမှုများကြောင့် မထင်မှတ်သော ဖြစ်ပေါ်မှု အကြောင်းတရားအတွက် ကြောက်စိတ်နှင့် အမေ့ကို တောင်းပန်မိခြင်း ဖြစ်သည်။

အမေကတော့ အမေဆိုသည့်အတိုင်းပါပဲလေ။ သားသမီးအပေါ် အလိုလို ခွင့်လွှတ်ပြီးသား။ ဩော်...အမေ.?.အမေ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"မောင်သိခ်"

ခေါ်သံတစ်ခုကြောင့် ကျွန်တော် ခုတင်ပေါ်လှဲနေရာမှ ထကြည့်လိုက်သည်။ ပြတင်းတံခါးအပေါက်မှာ တည်ငြိမ်စွာရပ်နေသည့် ဦးဒီပ တစ်ခါက ကျွန်တော်မြင်ဖူးခဲ့သော ပုံစံအတိုင်း။ ဖူးတဘက်ကို ခေါင်းပေါင်းလျက်၊ ပင်နီဖျင်ကြမ်းတိုက်ပုံထူထူကြီးနှင့်။ ပြတင်းပေါင်ကြောင့် အောက်ပိုင်း မမြင်ရပေမယ့် ပင်နီရောင် ရှမ်းဘောင်းဘီပင် ဖြစ်မှာသေချာ၏။ ကျွန်တော် သူ့ကို အံ့အားသင့်စွာကြည့်မိသည်။

"မင်း ပပန့်ထားရှိတဲ့ ကတိသစ္စာတွေကို ဖျက်စီးပစ်တော့မှာလားကွယ်"

ဦးဒီပက စိတ်မကောင်းဟန်ဖြင့် ပြောပြလာသည်။ သူ့အကြည့် မျက်လုံးများနှင့် မျက်နှာက စိတ်မကောင်းဟန်ဖြစ်ပေမယ့် သူပြော သည့် အသံက တည်တည်ငြိမ်ငြိမ်ပင်။ ကျွန်တော် ဘာပြန်ပြောရမှန်း မသိခြင်းကြောင့် ဦးဒီပကို ခပ်ကြောင်ကြောင် အငေးသားပင် ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပပဆိုသောမိန်းကလေးဟာ မင်းအပေါ်မှာ အင်မတန် သစ္စာစောင့်သိရှာပါတယ်။ တစ်နေ့ မောင်မောင်သိခ်ဟာ ပပရှိရာကို ပြန်ရောက်လာမှာပါလို့ တဖွဖွပြောရှာရင်း တမ်းတနေရှာသူပါ။ အဲဒါ မင်း ပြန်ရောက်လာတော့ သူ အရမ်းပျော်သွားတာ။ မင်းက သူ့ကို သတိမရဘဲဖြစ်နေတာတောင် သူ မင်းအပေါ် စိတ်မပျက်ခဲ့ဘူး။ အဲဒါ မင်းက ပြန်ထွက်ပြေးသွားပြန်တော့ သူ့ခမျာ ကြေကွဲသွားရရှာတာပေါ့ကွယ်"

ဦးဒီပက လေးလေးအေးအေးနှင့် ကျွန်တော့်ကို သေချာရှင်းပြ ပြောဆိုနေသဖြင့်–

"ဦးဒီပက ပပရဲ့အဖေလား"

"မဟုတ်ပါဘူးကွယ်...ဦးဒီပရဲ့ ဇနီး ဒေါ်သူဇာက ပပရဲ့ အထိန်းတော်၊ ဦးက ဒေါ်သူဇာ့ ခင်ပွန်းပါ။ မင်း မရှိတော့ တို့နှစ်ယောက်က ပပဆိုတဲ့ ကလေးမကို ဖျောင်းဖျရင်း စောင့်ရှောက်နေရတာပေါ့ကွယ်"

တစ်ခါကဆုံမိခြင်းမှ တွေ့ရသော ဦးဒီပဘေးမှ အဒေါ်ကြီး၏ နာမည်သည် ဒေါ်သူဇာဆိုတာ သိလိုက်ရသည်။ ပြီးတော့ ဘယ်တော ဘယ်တောင်မှန်းမသိသည့် အရပ်ဒေသမှ သည်အိမ်ကို ဘယ်လိုသိပြီး ရောက်လာပါလိမ့်ဟုလဲ စဉ်းစားနေမိသည်။

"မောင်မောင်"

ကျွန်တော်စဉ်းစားမှုသည် ထိတ်လန့်တကြား ပြတ်တောက်သွားပြီး ကျွန်တော့်ဘေးမှ ကြားလိုက်ရသောအသံကြောင့် ကြည့်လိုက်တော့ ပပဆိုသော နန်းပပဆွေ...။ သူ ဘယ်လိုများ ကျွန်တော့်ရှေ့ပေါ် ရောက်နေပါလိမ့်...။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်...မန္တလေးမှာ မဟာမြတ်မုနိဘုရားကြီးဖူးတုန်းက လေ ပပကို သတိမရဘူးလားဟင်...ရတနာပုံမြို့ကြီးမှာ နန်းတွင်းရေးတွေ ရှုပ်ထွေးလာတော့ မောင်မောင်ဟာ ရတနာပုံမြို့ကြီးကို စွန့်ခွာမယ်ဆိုပြီး မောင်မောင်နဲ့ ပပတို့ မဟာမြတ်မုနိဘုရားကြီးကို အတူသွားပြီး ဖူးကြတယ်လေ"

မောင်မောင်နဲ့ ပပတို့ မဟာမြတ်မုနိဘုရားကြီးကို အတူတူသွားဖူးကြတယ်ဆိုပါလား။ ပြီးတော့ ကျွန်တော်ကလည်း ရတနာပုံမြို့ကြီးကဟု ဆိုပြန်သည်။ သူက သူပြောပြချင်မှုကို ဆက်ပြောပြနေသည်။

"အဲဒီတုန်းက မဟာမြတ်မုနိဘုရားကြီးထံမှာ မောင်မောင်နဲ့ ပပတို့ဟာ **ချစ်သစ္စာ**ကတိတွေပြုကြတယ်။ တပည့်တော် တပည့်တော်မတို့ ချစ်ကြင်**နာ**သော ဖနီးမောင်နှံသည် ရာသက်တိုင် အချစ်မပြယ်ကြရုံမက ဘယ်ဘဝရောက်ရောက် ပြန်ဆုံစည်း၍ ချစ်နိုင်ကြပါစေ။ တစ်ဦးနှင့်တစ်ဦး မဆုံနိုင်သောဘဝများရှိခဲ့ရင်တောင် အခြားမည်သူနှင့်မျှ ချစ်နိုင်ခွင့် ဆုံစည်းနိုင်ခွင့် မရှိကြပါစေနှင့်ဘုရားလို့ သစ္စာပြုကြတယ်လေ"

ပပဆိုသောမိန်းကလေး၏ အသံများက ပြောရင်းပြောရင်း ကြေကြေကွဲကွဲဖြစ်လာသည်မို့ ကျွန်တော့်ရင်ထဲ၌ ကရုဏာလှိုင်းတို့ လှုပ်ခတ်လာသည်။ သူက စကားကို ဆက်ပြောပြနေပြန်သည်။

"အဲဒီလို မဟာမြတ်မုနိဘုရားကြီးထံမှာ သစ္စာပြုကြပြီးတော့ မောင်မောင်ဟာ ပပနဲ့အတူ ဦးကြီးဒီပရယ်၊ ဒေါ်ကြီးရယ်တို့ပါ ခေါ်ပြီး တိတ်တဆိတ် ရတနာပုံနေပြည်တော်ကြီးကနေ အပြီးအပိုင် ပြောင်းရွှေ့ ထွက် လာခဲ့ကြတယ်။ အားလုံးက ရုပ်ဖျက်ထားကြတော့ ဘယ်သူမှလည်း မရိပ်မိဘူး။ ခရီးထွက်လာလို့ သုံးရက်လောက်လည်းကြာရော တောထုထ



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကြီးကိုတွေ့တယ်။ အဲဒီမှာ တောင်တန်းတစ်ခုကျော်ပြီး ဆင်းလိုက်တော့ သဲချောင်းနဲ့ ကျောက်ဂူကြီးကို တွေ့တာနဲ့ မောင်မောင် အထဲကို အခြေအနေဝင်ကြည့်ပြီး ဒီနေရာဟာ အစစ လုံခြုံတယ်ဆိုလို့ ပပတို့လူစု အဲဒီမှာနေကြတယ်လေ''

သူပြောပြနေသောအသံသည် ခပ်ငေးငေးနားထောင်ရင်းနှင့် ကျွန်တော့်ရင်တွေ မောလိုက်လာသည်။ သူကတော့ ဆက်ပြောပြဆဲ။

''တစ်နေ့...မောင်မောင် အဲပြင်ကနေပြန်ရောက်လာပြီး ပြောတယ်။ တို့မြန်မာပြည်ကို အင်္ဂလိပ်နယ်ချဲ့တွေသိမ်းသွားလို့ အဲဒါ ပြန်တော်လှန်ဖို့ စစ်ထွက်ရမယ်ဆိုပြီး နောက်တစ်နေ့ မြန်မာသူရဲကောင်းတွေနဲ့ ပူးပေါင်းတော်လှန်ဖို့အတွက် မောင်မောင် စစ်ထွက်သွားတယ်။ အဲဒီကတည်းက မောင်မောင် ပပတို့ဆီ ပြန်မလာတော့ဘူး။ ကြာလှပါပြီ။ မောင်မောင်ရယ်...မောင်မောင့်ကို ပပစောင့်မျှော်နေရတာ ကြာလှပါပြီ။ အခုတော့ မောင်မောင်က ကတိသစ္စာတွေမေ့လို့ ပပကိုတောင် သတိမရနိုင်တော့-

ပပဆိုသောမိန်းကလေးက ပြောရင်းပြောရင်း စိုနင့်သွားဟန် ဆက်မပြောတော့ဘဲ ရှိုက်၍ရှိုက်၍ငိုနေချေပြီ။ ကျွန်တော် ဘာလုပ်ရမည်လဲ။ ဘာလုပ်သင့်သည်လဲ။ ကျွန်တော် စဉ်းစားရင်း ဦးဒီပကို လှည့်ကြည့်လိုက်မိသည်။

''ဟာ...''

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်အောင် သွေးခုန်နှုန်းမြန်သွားသည်။ အရုပ်ဆိုးဆိုးလူထွားကြီး...။ ကျွန်တော့်ကို ''ဗိုလ်မင်း'' ဟုခေါ်သော လူထွားကြီး...။ သူက ကျွန်တော့်ကို စူးစူးရဲရဲကြည့်သော မျက်လုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



များက ကြေးကော်စရာ။ ထိုစဉ် ရှတ်တရက် ကျွန်တော့်ကို ဖမ်းဆွဲ၍ ပြေးသည်။

ကျွန်တော် ထိုရုပ်ဆိုးဆိုးလူထွားကြီးလက်မှ အတင်းရုန်းသည်။ မရ...။ သူက အလျင်အမြန်ဆုံးသောအရှိန်နှင့်ပြေးနေသည်။ ကျွန်တော် ကြိုးစား၍ ရုန်းကြည့်သေးသည်။ မရ...။ အကူအညီတောင်းရအောင် လည်း သူပြေးသောလမ်းတစ်လျှောက်သည် လူသူရှင်းလင်းဘိတော့။

"ဟေ့ကောင်...လွှတ်စမ်းကွာ"

"ဗိုလ်မင်း...သည်းခံပါ"

ကျွန်တော်ပြောသည်ကို သူက သူခေါ်နေကျအတိုင်း "ဗိုလ်မင်း သည်းခံပါ"ဟုပင် ပြော၍ပြေးနေသည်မို့ သူသည် ကျွန်တော့်ကို ရန်တော့ မပြုဟု စဉ်းစားမိသည်။ အတော်ပြေးမိတော့ မတ်စောက်စောက် တောင် ခေါင်းတုံးတစ်ခုပေါ်တွင်ချပြီး သူက အရိုအသေပြု၍ အပေါ်မှပြေးဆင်း သွားသည်။

ကျွန်တော်ဆင်းရှုကြည့်လိုက်တော့ တောင်က မတ်စောက်စောက်။ ခုန အရုပ်ဆိုးဆိုးလူထွားကြီး ဘယ်လိုဆင်းသွားပါလိမ့်။ ကျွန်တော်ရောက် နေတာ တောင်ခါးတုံးဖြစ်ပေမယ့် ပတ်ဝန်းကျင်က တောအုပ်ထူထူ။ ရုတ်တရက် ကျွန်တော်ရောက်နေတာ တောင်မတ်စောက်စောက်ကြီး တုန်ခါသွားပြီး–

"ဝေါ...ဒိုင်း"

ကျယ်လောင်စွာမြည်ဟည်းသွားသော ပြင်းပြင်းထန်ထန် ပေါက်ကွဲ မိသံကြောင့် ကျွန်တော် အလန့်တကြားဖြစ်၍ တုန်လှုပ်သွားမိသည်။

"သား...သား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို...ကိုကို"

အမေ့အသံနှင့် ညီမလေးတို့အသံတို့က မရေးမနှောင်း ဆင့်ကဲထွက်လာသဖြင့် ကျွန်တော် အိပ်ရာမှလန့်နိုးပြီး လူးလဲထလိုက်ရင်း–

"ဗျာ...အမေ"

ကျွန်တော့်ပြန်ထူးသံနှင့်အတူ တစ်အိမ်လုံး မီးက လင်းထိန်သွားပြီး အပြင်မှာ လေများက တိုက်နေသည်။

"ဟဲ့...သား...တံခါးဖွင့်ပါဦး"

ကျွန်တော် အိပ်ခန်းတံခါးကို ထဖွင့်ပေးလိုက်သည်။ အမေနှင့် ညီမလေးတို့က စိုးရိမ်စိတ်နှင့် အခန်းထဲကို အကဲခတ်ကြည့်သည်။

"ဘာဖြစ်တာလဲသား"

"မဖြစ်ပါဘူးအမေရဲ့...ဟို...ကျွန်တော် ပြတင်းပေါက်ဖွင့်ပြီး အိပ်ပျော်သွားတာ လေတိုက်တော့ တံခါးက ပြတင်းပေါင်ကို လာရိုက်တာဖြစ်မှာပါ"

"ဪ...သားရယ်...အိပ်ခါနီး ပြတင်းတံခါးပိတ်အိပ်မှပေါ့၊ ရာသီဥတုက မှန်တာမဟုတ်ဘူး။ ပူချင်ပူ အေးချင်အေး ရာသီမဟုတ်ဘဲ မိုးရွာရင်ရွာနဲ့ အအေးပတ်ပါ့မယ်"

"ကိုကိုက ဘာတွေစိတ်ကူးယဉ်ပြီး အိပ်ပျော်သွားလဲမှ မသိတာ"

"စိတ်ကူးမယဉ်ပါဘူး ညီမလေးရယ်၊ အိပ်မပျော်သေးဘူးထင်ပြီး ပြတင်းတံခါးဖွင့်ထားမိတာပါ" ညီမလေးက အမိပ္ပာယ်တစ်ခုနှင့် ပြုံးစေ့စေ့လုပ်၍ အခန်းရှေ့မှ ထွက်သွားသည်။ အမေကတော့ ဘာမှမပြောဘဲ ပြန်ထွက်သွားသဖြင့် ကျွန်တော် စောစောကအိပ်မက်တွင် တွေ့ခဲ့ရသော ထိတ်လန့်မှုအမောများကို ပြင်းပြင်းထန်ထန် သက်ပြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဟူးခနဲ မှုတ်ထုတ်လိုက်ပြီး ပြတင်းတံခါးကို သွားပိတ်လိုက်ရသည်။ ပြီးတော့မှ ရေဘူးကိုယူ၍ မော့သောက်လိုက်သည်–

ဘယ်လိုအိမ်မက်တွေလဲ...။

ကျွန်တော်နားလည်နိုင်ရန်ခက်သော အကြောင်းအရာများသည် ဘာကြောင့် အိမ်မက်တွေဖြစ်ဖြစ်နေရတာလဲ...စဉ်းစား၍မရ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"အမေ...အိမ်မက်ဆိုတာနဲ့ပတ်သတ်ပြီး အမေသိရင် ပြောပြပါလား"

အမေက တရားစာအုပ်ထိုင်ဖတ်နေစဉ် ထင်မှတ်ထားဟန်မတူသော ကျွန်တော့်အမေးစကားကြောင့် အံ့ဩဟန် ခပ်တွေတွေလေး လှည့်ကြည့်သည်။ ပြီးမှ ပြုံးယောင်ယောင်လေးပြုံကာ–

"အိမ်မက်ဆိုတာ စိတ်အစွဲအလမ်းကြောင့် မက်တာမျိုးလည်း ရှိတာယ်။ မသိစိတ်ရဲ့စွဲလမ်းမှု သိစိတ်ရဲ့ စွဲလမ်းမှုပေါ့။ သိစိတ်ရဲ့စွဲလမ်းမှု ဆိုတာမျိုးက လောလောဆယ် ကိုယ်နဲ့ တရင်းတနှီးရှိနေသူမျိုးတွေ ကိုယ့်ရဲ့ ဖြစ်စေချင်မှုအတွက် အိပ်မက်အဖြစ် ပုံရိပ်ပေါ်လာတာမျိုးတွေပေါ့။ မသိစိတ်ကြောင့်မက်တဲ့ အိမ်မက်မျိုးကတော့ အတိတ်ရဲ့ ဒီဇတွေလည်းပါတယ်။ ကိုယ်က မစွဲလမ်းဘူးလို့ အသိစိတ်က ထင်မိပေမယ့် မသိစိတ်မှာ ကပ်ငြိစွဲလမ်းနေမှုတွေဟာ အိပ်မက်အနေနဲ့ ပုံရိပ်တွေပေါ်လာတတ်တယ်"

"အမေပြောတဲ့ အသိစိတ် မသိစိတ်ဆိုတာ ကျွန်တော် မျက်စိလည်သွားပြီ၊ လူမှာ စိတ်တစ်မျိုးပဲရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမေးစကားကို အမေကပြုံးသည်။ ပြီးတော့ သူဖတ်နေသောစာအုပ်ကို ညှပ်ခုံနံဘေးစားပွဲပေါ်တင်လိုက်ပြီး ကျွန်တော့်ဘက်သို့ သေချာ လှည့်ကာ–

"ရိုးရိုးကြည့်ရင် လူမှာ စိတ်တစ်စိတ်ပဲရှိတယ်လို့ ထင်တာပေါ့။ တကယ်တော့ လူတိုင်းလူတိုင်းမှာ စိတ်နှစ်စိတ်ရှိတယ်။ အတွင်းစိတ် အပြင်စိတ်လို့ခေါ်တယ်၊ အပြင်စိတ်က ဟန်ဆောင်တယ်သားရဲ့။ ဆိုပါစို့... လူတစ်ဖက်သားအပေါ် ကျေနပ်တာ မကျေနပ်တာရှိမယ် ဆိုပါတော့။ အပြင်စိတ်က မကျေနပ်စရာတွေ့လည်း ဟန်ဆောင်ပြီးပြုံးပြတယ်။ အဆင်ပြေအောင်ပြောတယ်။ တစ်မျိုးကြည့်ရင်တော့ လူမှုဆက်ဆံရေး ပေါ့။ ပြီးတော့ မိမိရဲ့မကောင်းမှု ကောက်ကျစ်တဲ့စိတ်ကိုလည်း မပေါ်လွင်အောင် (ဖုံးဖိတယ်)။ မိမိ မကောင်းတာ ဘာလုပ်လုပ် မကောင်းတာလုပ်ပါတယ်လို့ မပြောဘူး။ မိ ကောင်းကြောင်း တော်ကြောင်း တတ်ကြောင်းပဲ ပြောတတ်တယ်။ အဲဒါအပြင် စိတ်ရဲ့ ဟန်ဆောင်မှုတွေ–

အမေရှင်းပြသမျှကို ကျွန်တော် မသိခြင်းအကြောင်းအရာများ ဖြစ်နေသဖြင့် ဂရုစိုက်နားထောင်နေမိသည်။ အမေက သူ့စကားကို ဆက်ပြောပြသည်။

"အဲဒီလို အပြင်စိတ်ရဲ့ ဟန်ဆောင်မှုကို အတွင်းစိတ်က အကုန်သိတယ်။ မိမိလုပ်ရပ် အမှားအမှန်ဆိုတာတွေကိုလည်း အကုန်သိတယ် သား။ ဒါပေမယ့် အတွင်းစိတ်အတိုင်း လူမှုဆက်ဆံရေးမှာ မရတာတွေ လူ့လောကမှာရှိနေပြန်တော့ ဝှပ်လျှိုးနေတာပေါ့ကွယ်၊ အဲ...တချို့ကျင့် ကြံကြလို့ တရားမြဲနေသူတွေကြတော့ အတွင်းစိတ် သစ္စာတရားအား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီး အပြင်စိတ်ကို ဖက်ကြိုးကိုင်နိုင်တယ်။ မဟုတ်တာမမှန်တာ မပြောဘူး။ ဟန်မဆောင်ဘူး။ အဲဒါကြောင့် သား လွယ်လွယ်လေးမှတ်ဖို့က အပြင်စိတ်ဟာ ဟန်ဆောင်တယ်၊ ကြွားဝါတယ်၊ လိမ်ညာတတ်တယ်၊ အတွင်းစိတ်က ဖြောင့်မှန်တယ်၊ သစ္စာရှိတယ်...ဆိုတာပဲ"

"အမေ...အိမ်မက်အကြောင်းပြောပြီး စိတ်နှစ်စိတ်အကြောင်း ဖြစ်သွားတယ်။ အိမ်မက်အကြောင်း ပြောပါဦး...အမေရဲ့"

"အဲဒီလို သိစိတ်၊ မသိစိတ်ဆိုတဲ့ အပြင်စိတ်ရဲ့ အစွဲအလမ်း၊ အတွင်းစိတ်ရဲ့ အစွဲအလမ်းကြောင့် အိမ်မက်ဆိုတာ ဖြစ်ပေါ်လာတတ်သလို ပုဗ္ဗနိမိတ်၊ သုဂတိနိမိတ်၊ အဂတိနိမိတ်...အဲဒီနိမိတ်တွေကြောင့်လည်း အိမ်မက်ဖြစ်ပြန်စေတယ်"

အမေထပ်ပြောပြသောစကားများကို ကြားဖူးနေပေမယ့် နားမလည်၊ အမေက သူပြောပြရင် သေသေချာချာ နားလည်အောင် ရှင်းပြတတ်သည်မို့ မမေးတော့ပဲ ဆက်နားထောင်နေမိသည်။

"ပုဗ္ဗနိမိတ်ဆိုတာက ဖြစ်ခဲ့ပြီးသော သံသရာအကြောင်းများထဲမှ မိမိနဲ့ ပတ်သတ်ဆက်နွယ်ရာရှိခဲ့ဖူးသောအကြောင်းတို့ကို အိမ်မက်အဖြစ်နဲ့ ပြန်ပြီးမြင်မက်စေခြင်းပဲသား..."

"ဖြစ်ခဲ့ပြီးသောသံသရာ...ဟုတ်လားအမေ"

"ဟုတ်တယ်လေသားရဲ့၊ လူတွေဟာ ဘဝတစ်ခုတည်းနဲ့မှ မပြီးဆုံးကြတာ။ သုဂတိ၊ အဂတိဆိုတဲ့ ကောင်းမှု,မကောင်းမှုတွေနဲ့ ဘဝကို ကျင်လည်ကြရတာဆိုတော့ မကောင်းမှုပြုမိခြင်းအကြောင်းကြောင့် ပစ္စုပ္ပာန်မှာလည်း အဲဒီမကောင်းမှုအကြောင်းရဲ့ အကျိုးတွေပြန်ဖြစ်တတ်သလို သံသရာကိုပါပြီး ရောက်ရှိရာဘဝမှာ မကောင်းမှုရဲ့အကျိုးဆက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်တတ်တယ်။ သုဂတိဆိုတဲ့ ကောင်းမှုအကြောင်းကလည်း ပဋ္ဌာန်းရော၊ သံသရာရော အကျိုးဆက်ကောင်းစေပြန်တယ်သားရဲ့။ အဲဒီလို အကောင်းအဆိုးတွေနဲ့ ဘဝကို ကျင်လည်ကြတော့ လူတွေဟာ သံသရာလောကသားတွေ ဖြစ်လာကြတာပေါ့။ မကောင်းမှုတွေနဲ့ ဖြစ်လာတဲ့ဘဝကို ဖြတ်သန်းရင်တော့ သံသရာဘဝတွေ ကောင်းဖို့အတွက် ပါရမီဖြည့်ကျင့်ခြင်းပေါ့။ အဆိုးတွေနဲ့ ဖြတ်သန်းရင်တော့ သံသရာဘဝတွေမှာ ဆိုးသထက်ဆိုးအောင် ဖြည့်ကျင့်သလို ဖြစ်တာပေါ့။

"အမေပြောသလိုဆိုရင် သံသရာဘဝတစ်ခုခုက အကြောင်းတွေဟာ ဒီဘဝမှာ အိမ်မက်ဖြစ်လာစေတာပေါ့နော်"

"ဖြစ်တာပေါ့သားရဲ့၊ အစိကကြတဲ့အကြောင်းတွေဟာ အစွဲဥပါဒါန်ဖြစ်စေတယ်လေ။ အဲဒီမှာ ကောင်းမှု၊ မကောင်းမှုဆိုတဲ့ အကြောင်းခံတွေကြောင့် ကောင်းရင်ကောင်းသလို၊ မကောင်းရင် မကောင်းသလိုပေါ့။ တစ်ခါတလေ မိမိမမြင်ဖူး၊ မတွေ့ဖူးတဲ့လူတွေ အိမ်မက်မှာတွေ့နေရတာမျိုးတွေ ရှိတယ်သားရဲ့။ သံသရာဘဝရဲ့ အစွဲတွေပေါ့။

အမေရှင်းပြသောအိမ်မက်အကြောင်း နားထောင်ရင်း ပယဆိုသော မိန်းကလေးနှင့် ဦးဒီပ၊ ဒေါ်သူဇာ...[illegible]တော့ အရုပ်ဆိုးဆိုး လူထွားကြီး...သူတို့ကို ပြန်မြင်လာမိသည်။ အမေက သူ့စကားကို ဆက်ရှင်းပြနေသည်။

"သုဂတိနိမိတ်ဆိုတဲ့ ရောက်ရှိနေသောဘဝရဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် ဖြစ်လာမယ့်အကြောင်းအတွက် ကောင်းသောအိမ်မက်နိမိတ်တွေ မက်စေသလို အဂတိနိမိတ်ဆိုတဲ့ ရောက်ရှိနေသောဘဝရဲ့ မကောင်းမှုအကြောင်းတွေကြောင့် ဖြစ်လာမည့်အကျိုးဆက်ကို အိပ်



www.burmeseclassic.com

www.burmeseclassic.com



မက်နိမိတ်အဖြစ်နဲ့ မြင်တတ်ပြန်တယ် သားရဲ့"

"ဒါဆို ကောင်းမှု,မကောင်းမှုဆိုတာ လူတွေဖြစ်လာတာနဲ့ အရေး ပါလာတာပေါ့နော်"

"ပါတာပေါ့သားရယ်...လူဟာ နိဗ္ဗာန်မက်ဖိုလ်ဝင်မှ သံသရာပြတ် တယ်။ ဘုရားတောင် အဲဒီသံသရာကိုကြောက်လို့ ကောင်းမှုတွေနဲ့ ဘဝပေါင်းများစွာ ဖြည့်ကျင့်ခဲ့ရတာ။ အမေတို့၊ သားတို့လို ပုထုဇဉ် ဆိုတာ ကောင်းမှု မကောင်းမှုအကြောင်းတွေနဲ့ နေ့စဉ်နဲ့အမျှ ရင်ဆိုင် နေရတာ။ အဲဒီမှာ မကောင်းမှု နည်းနိုင်သမျှနည်းအောင် အတော် သတိထားရတယ်။ ဘာလို့လဲဆိုတော့ လူဆိုတာ ဒုက္ခသစ္စာဖြစ်စေ မယ့် ခန္ဓာဝန် စားဝတ်နေရေး ရှိတယ်လေ။ အဲဒါကြောင့် မကောင်းမှု နည်းအောင်ပဲ သတိသီလနဲ့ ကြိုးစားနေရတာပဲသား။

အမေက သူ့စကားကို အစသတ်လိုက်ဟန်ရှိသည်ထင်၏။ စားပွဲခုံ ပေါ်ရှိ ရေနွေးဓာတ်ဘူးမှ ရေနွေးကြမ်းများကို ပန်းကန်ထဲငှဲ့ထည့်နေ သည်။ အမေ့စကားဆုံးသွားပေမယ့် ပပဆိုသော နန်းပပဆွေ၊ ဦးဒီပ၊ ဒေါ်သုဇာ၊ ရုပ်ဆိုးဆိုးလူထွားကြီး...သူတို့တစ်တွေဟာ ကျွန်တော့် အိပ်မက် သို့ မကြာခဏ ဝင်ရောက်လာတတ်သည်။ ထိုအိပ်မက်သည် ပုဗ္ဗနိမိတ် အိပ်မက်တွေလား။ သို့ဆိုလျှင် ကျွန်တော်သည် အိပ်မက်ထဲက ပပ ဆိုသောမိန်းကလေး ပြောပြောနေသည့် "မောင်မောင်သိန်း" ဖြစ်နေချေပြီ သား။ စဉ်းစားစရာတွေ ဖြစ်နေသည်။ သည်တော့လည်း အမေ့ကို မေးကြည့်ချင်စရာအကြောင်းကလေး ပေါ်လာပြန်သည်မို့-

"အမေ"

ကျွန်တော်ခေါ်လိုက်သောအသံကြောင့် အမေက သူလေးသောသိရှိ



www.burmeseclassic.com

www.burmeseclassic.com



မှုများကို ပြောပြ၍ ပြီးပြီဟုအထင်ရှိထားရာမှ ကျွန်တော့်ဘက်က ပျာပျာသလဲလှည့်ကြည့်သည်။ အမေ့အကြည့်က ဘာများလဲဆိုသော အကြည့်။ သို့ကြောင့်–

"အမေ...ဝိညာဉ်ဆိုတာ ရှိလား"

အမေက ကျွန်တော့်အမေးစကားအား တစ်ခုခုသော လေးနက် သည့်အပြုံးနှင့် ကြည့်သည်ကို ကျွန်တော်နားလည်မိသည်။ ပြီးမှ–

"သား...မင်း ဘာတွေဖြစ်နေလဲ"

"မဖြစ်ပါဘူးအမေ...သားသိသင့်တယ်ထင်လို့ မေးကြည့်တာပါ"

"ဒီနေ့ သားထူးဆန်းနေတယ်၊ ဟိုတုန်းက အရာရာကို ပေါ့ပေါ့ ပါးပါး ပျော်ပျော်ရွှင်ရွှင် နေ့,နေခဲ့ပြီး အခုမှ အင်မတန်ဆန်းကြယ်တဲ့ လောကအတွက် မေးခွန်းတွေထွက်လာလို့ပါ"

"ဝိညာဉ်ဆိုတာ ရှိ,မရှိ သိချင်လို့ပါ"

"သား...အရူပဘုံဆိုတာ ရှိတယ်ကွဲ့။ အရူပဘုံဆိုတာ ရုပ်မရှိဘဲ နာမ်ပဲရှိတဲ့ဘုံလို့ ခေါ်တယ်။ သားကို ရှင်းအောင်ထပ်ပြောရရင် ရုပ်ဆို တာ ရုပ်ခန္ဓာပေါ့။ အရူပဆိုတာကျတော့ ရုပ်မရှိခြင်းပေါ့။ 'ဘုံ' ဆိုတာ လောက။ ဒီတော့ အရူပဘုံဆိုတာ ရုပ်မရှိဘဲ နာမ်ပဲရှိတဲ့လောက အဲဒီ နာမ်လောကဆိုတာ ဝိညာဉ်လောကပေါ့။ ရှိတာပေါ့သားရယ်"

"အဲဒီ နာမ်လောကဟာ ဘယ်လောက်အထိ သက်တမ်းရှည်သလဲ အမေ"

သည်တစ်ခါ ကျွန်တော့်မေးခွန်းကို အမေက ပြုံးပြန်သည်။ အဲ အပြုံးက လေးနက်မှုရှိနေသလိုပင်၊ ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကာ–



www.burmeseclassic.com

www.burmeseclassic.com



"နာမ်လောကရဲ့သက်တမ်းဆိုတာ လူ့ဘဝရောက်စဉ်က ပြုခဲ့ကြတဲ့ အကုသိုလ်တို့ရဲ့ အလေးအနက်ပေါ်မှာတည်တယ် သားရဲ့။ တချို့ဆိုပတ်သက်ဆက်နွယ်သူရဲ့ အမျှပေးသံ မကြားရမချင်း မကျွတ်လွတ်တာမျိုးတွေ ရှိတယ်"

"အဲဒါ ကျွန်တော် သိပ်နားမလည်ဘူး အမေ"

"ဒီလို...သားရဲ့။ မကောင်းမှုအကုသိုလ်ရဲ့ ဆိုးကျိုးဟာ လူ့ဘဝမှာ အပြစ်ကျူးလွန်သလိုပေါ့ကွယ်။ အမှုသေးတော့ ရာဇဝတ်ဘေးဒဏ်ခံရတဲ့နှစ် နည်းတယ်။ အမှုကြီးရင် ရာဇဝတ်ဘေးဒဏ်ခံရတဲ့နှစ်များတယ်။ တချို့ဆို တစ်သက်တစ်ကျွန်းဆိုတာမျိုးတောင် ရှိတာပဲ။ ပြီးတော့...အစွဲကြောင့် မကျွတ်လွတ်နိုင်တဲ့ ပြိတ္တာဘုံလည်း ရှိသေးတယ်ကွဲ့"

"အမေ...ပြိတ္တာဘုံဆိုသောစကားကြောင့် ကျွန်တော် အံ့သြမိသွားသဖြင့်–

"အမေ...ပြိတ္တာဘုံဆိုတာ ရှိတယ်"

"ရှိတာပေါ့သားရယ်...။ဗြဟ္မာဘုံနှစ်ဆယ်၊ နတ်ပြည်ခြောက်ဘုံ၊ လူ့ဘုံတစ်ဘုံ...ပြီးတော့...ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်လို့ခေါ်တဲ့ အပါယ်လေးဘုံ...အားလုံး သုံးဆယ့်တစ်ဘုံရှိတယ် သား...အဲဒီမှာမှ ရုပ်ကောနာမ်ကော တွဲလျက်နဲ့ ကုသိုလ်လည်းပြုနိုင်၊ အကုသိုလ်လည်းပြုနိုင်ပြီး ကောင်းမှု မကောင်းမှုကိုလည်း သိစေနိုင်တဲ့ လူ့ဘုံဟာ ကြောက်စရာအကောင်းဆုံး။ ဘာလို့လဲဆိုတော့ ကောင်းမှုအတွက် အထက်ဘုံကိုရောက်စေသလို မကောင်းမှုအတွက် အပါယ်လေးဘုံကို ရောက်စေတယ်။ အဲဒါကြောင့် လူဖြစ်လာတဲ့အခါ လေ့လာဆင်ခြင်



www.burmeseclassic.com

www.burmeseclassic.com



သတိနဲ့ မကောင်းမှုကို ကြပ်ကြပ်မတ်မတ် စောင့်ထိန်းသင့်တယ်"

အမေပြောပြသောစကားများက လေးနက်လာသလို အမေ့မျက်နှာက တည်ငြိမ်အေးဆေးလျက်နှင့် သူ့စကားကို ဆက်ပြောနေသည်။

"အစွဲအလမ်းကြောင့် မကျွတ်လွတ်နိုင်တဲ့ ပြိတ္တာဘုံသားတွေဟာ သနားဖို့ကောင်းတယ်သားရဲ့"

"ဘယ်လိုအစွဲအလမ်းမျိုးတွေလဲအမေ..."

"ပစ္စည်းစွဲ၊ ဥစ္စာစွဲ၊ ရာထူးစွဲ၊ သားသမီးစွဲ၊ လင်စွဲ၊ မယားစွဲမျိုးတွေပေါ့ သားရယ်၊ တချို့ဆိုရင် ဘဝတစ်ခုမှာ တစ်ဦးတစ်ယောက်ကို စွဲလမ်းစိတ်နဲ့ စောင့်မျှော်ရင်း ဝိညာဉ်ဘဝနဲ့ မကျွတ်နိုင်တာမျိုးတွေတောင်ရှိတယ်။ အဲဒါကို အစွဲအလမ်းခံရတဲ့သူကသိလို့ ကောင်းမှုကုသိုလ်ပြုပြီး သူ့ကို ကျွတ်ရာကျွတ်ကြောင်းအတွက် အမျှအတန်းပေးဝေလို့ သူသိသွားရင်တော့ အဲဒီဘုံဘဝက ကျွတ်တာပေါ့။ တကယ်လို့ သူစွဲလမ်းသူဟာ တခြားတစ်နေရာရောက်ပြီး အမျှအတန်းပေးဝေလည်း သူက မသိ,မကြားရတဲ့အတွက် သာဓုမခေါ်နိုင်ရှာဘူး။ အေး...ပေးတဲ့အမျှလည်း သူ့အတွက် မရနိုင်သေးသမျှ ကံဆိုးပြီး ခံနေရတာမျိုးတွေလည်း ရှိတယ်။ အဲဒါကြောင့် လူတွေဟာ သံသရာမှာလည်ပြီး ဟိုမှာဝင်စားလိုက် ဒီမှာဝင်စားလိုက်၊ ဟိုရောက်,ဒီရောက်ပေါ့။ အဲဒါ ကိုယ်က သတိတစ်ခု ရှိနေရမှာက ခရီးသွားတဲ့အခါမျိုး ဘယ်နေရာရောက်ရောက် မိမိပြုခဲ့တဲ့ ကုသိုလ်ဒါနတွေ၊ သီလဘာဝနာတွေကို သူတော်ကောင်းတွေဟာ မေတ္တာပို့တယ်၊ အမျှအတန်းပေးဝေလေ့ရှိကြတယ်။ အဲဒါ ကိုယ်က သိနေရမယ်လေ"

သည်တစ်ခါ အမေပြောသည့်စကားများ နားထောင်ရင်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲက အစွဲအလမ်းကြီးစွာနှင့် မောင်မောင်သိမ်ကို စောင့်နေသည့် ပပဆိုသောမိန်းကလေးသည် တကယ်ရှိနေချေပြီလားဆိုသော အတွေးက ဖြစ်လာပြန်သည်။ တကယ်ရှိနေလျှင်တော့ သနားစရာအမှန်ပင်။ ပြီးတော့ အိပ်မက်, မက်တိုင်းလည်း ပပဆိုသောမိန်းကလေးက ကျွန်တော့်ကို မောင်မောင်သိမ်ဟု စွဲလမ်းပြောဆိုနေမှုများက စဉ်းစားစရာ။ ကျွန်တော့်အမြင် ကျွန်တော့်အယူအဆအရတော့ မဖြစ်နိုင်ဟုပင် နားလည်မိသည်။

"သား"

အမေကခေါ်လိုက်သဖြင့် စဉ်းစားရခက်လှသည်။ မမြင်မတွေ့ရသော လောကတစ်ခုအတွက် စဉ်းစားနေမှုတို့ ပြတ်တောက်သွားသည်။

"သား...အမေပြောတာတွေရော နားရှင်းရဲ့လား"

"အမေပြောသလိုဆို မမြင်မတွေ့နိုင်တဲ့ ဝိညာဉ်လောကကြီး တစ်ခုက ရှိနေတာပဲနော် အမေ..."

"ရှိတာပေါ့သားရယ်...အဲဒီနာမ်ဘုံလောကမှာလည်း ကုသိုလ်, အကုသိုလ် အကြောင်းအကျိုးတွေနဲ့ပတ်သတ်ပြီး အထက်အဆင့်၊ အလယ် အလတ်အဆင့်၊ အောက်အဆင့်...အဲဒီလို အဆင့်ဆင့်တွေနဲ့ ရှိကြတယ်ကွဲ့။ တချို့က နာမ်လောကကို ရှိတယ်ဆိုတာ မယုံချင်ကြဘူး"

"ဟုတ်တယ်လေ အမေရဲ့၊ ကိုယ်မှ မမြင်ဖူးတာ"

"မြင်အပ်ခြင်း၊ မမြင်အပ်ခြင်းဆိုတာမျိုး ရှိတယ်။ တကယ်မမြင်အပ်ခြင်းတွေကို မြင်ချင်ရင် သမထအကျင့်ကိုကျင့်။ သမာဓိအဆင့် အတန်း တစ်ခုရလာရင် မြင်လာလိမ့်မယ်။ သမထအောင်မြင်သွားရင် လောကမှာ ကိုယ်မသိသေးတာပဲရှိတယ်၊ မရှိတာ မရှိဘူးဆိုတာ သိလာ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သမထပညာနဲ့ နာမ်တုံကိုမြင်ရမှ အကုသိုလ်ကြောင့် ခံနေကြရတဲ့ နာမ်လောကအဖြစ်အပျက်တွေကို မျက်ဝါးထင်ထင်မြင်ပြီး အဲဒီတော့မှ အကုသိုလ်အလုပ်တွေကို တကယ်ကြောက်ကြတာ။ သူတို့ခံရသလို မခံချင်တော့ဘူးလေ။ မမြင်မတွေ့ရတော့ အကုသိုလ်အကျိုးပေးဆိုတာကို စာတွေနဲ့လောက်ပဲသိတော့ အကြောက်တရား မလေးနက်ဘူးပေါ့ သားရယ်...”

အမေက သူလေ့လာသိရှိမှုနှင့် ကျွန်တော့်ကို ပြောပြခဲ့သည်။ အမေပြောပြသောအကြောင်းတွေက ကျွန်တော်မသိသေးသော အကြောင်းတွေဖြစ်သလို ကျွန်တော့်အတွက် ဆန်းကြယ်နေသည်ပင်။ သည်တော့လည်း ထိုသို့ဆန်းကြယ်နေသော အကြောင်းတွေနှင့် လောကကြီးကို ဖွဲ့စည်းထားသည်လား...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"ကိုကို"

"ဟင်"

"ဘာလဲ...မြရွှန်း...စင်ကာပူမှာ သွားအလုပ်လုပ်မှာ မကျေနပ်ဘူးလား။ မကြာပါဘူး ကိုကိုရဲ့...တစ်နှစ်၊ နှစ်,နှစ်လောက် အလုပ်လုပ်ပြီးရင် ပြန်လာမယ်။ ငွေလည်း အတော်စုစောင်းမိပြီလေ။ အဲဒီတော့ ကိုကိုနဲ့လက်ထပ်ပြီး ရှိတဲ့အရင်းအနှီးနဲ့ မြရွှန်းတို့ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်လို့ရတာပေါ့"

"မြရွှန်းက သွားချင်တယ်ပေါ့"

"သွားချင်တာပေါ့ ကိုကိုရဲ့၊ ကိုယ်မရောက်ဖူးတဲ့နိုင်ငံပဲဟာ၊ ပြီးတော့ ဟိုမှာ လေ့လာသိရှိမှုအရ စီးပွားရေးအမြင်လည်းကျယ်လာမယ်လေ"

"အင်းပေါ့လေ့...မြရွှန်းစိတ်ကူးလည်း မဆိုးပါဘူး"

"အခု မမတို့ကလည်း အလုပ်အတွက်ပါ အဆင်ပြေမှာမို့ ကူမံခေါ်တယ်၊ လူဟာ အခွင့်အရေးရတုန်းလေး လုပ်ထားမှ ကိုကိုရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြနေသည့် မြရွှန်းရည်၏ဆန္ဒကို ကျွန်တော် မဆန့်ကျင်ချင်တော့။ သူက အလုပ်,လုပ်ချင်၍သွားမည်၊ ကျွန်တော်က သူနှင့်စေ့စပ်ပြီးခဲ့သည့်တိုင် အလုပ်အတွက် မစဉ်းစားမိသေး။ ဟုတ်တော့လည်းဟုတ်သည်။ ကျွန်တော် အလုပ်တစ်ခုခု လုပ်သင့်နေချေပြီ။ ယခုမြရွှန်းရည်က အလုပ်လုပ်မည်ပြောမှ ကျွန်တော် အလုပ်,လုပ်သင့်သည်ကို သတိရမိသည်ဖြစ်၍ သူ့ကိုပင် ကျေးဇူးတင်စရာ ဖြစ်လာသည်။

တကယ်တော့ ကျွန်တော်နှင့်သူသည် အိမ်ထောင်ရှင်ဖြစ်လာကြမည့်သူများ ဖြစ်သည်။ အိမ်ထောင်ရှင်ဖြစ်လာလျှင် လူသားနှစ်ယောက်၏ စားဝတ်နေရေးရှိသည်။ ဤသည်ကို ကျွန်တော်က ကြိုတင်သိရှိပြီးပြင်ဆင်သင့်သည်ဖြစ်လျက် ယခု မြရွှန်းရည်ပြောမှ အလုပ်ဆိုသောအကြောင်းကိစ္စအတွက် ကျွန်တော့်အသိသို့ ဝင်ခဲ့သည်။ သည်တော့လည်း သည်မိန်းကလေးသည် ကျွန်တော့်ထက် အသက်ငယ်ပေမယ့်အနာဂတ်အတွက် စိတ်ကူးအားမာန်လေးတွေရှိသားဟု သဘောကျစိတ် ဖြစ်မိပြန်သည်။

"ကိုကို..."

"ဟင်"

"ဟာ...ကိုကိုကလည်း မြရွှန်း နိုင်ငံခြားသွားမှာကို မကျေနပ်သလိုပဲ"

"မဟုတ်ပါဘူး မြရွှန်းရယ်...မြရွှန်းရဲ့နောင်ရေးအတွက် တွေးတောပုံ၊ ကြိုတင်ပြင်ဆင်တတ်ပုံကို သဘောကျလို့ပါ"

"တကယ်နော်"

"တကယ်ပါ၊ ဒါနဲ့ မြရွှန်း ခရီးထွက်ဖို့ ပြင်ဆင်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြင်ဆင်ပြီးပြီကိုကိုရဲ့၊ ရှေ့အပတ်ထဲမှာ ထွက်ရမယ်"

"ဩော်...သူပြင်ဆင်ပြီးမှ ပြောတာပဲကို"ဟု ကျွန်တော့်ရင်ထဲမှာပဲ ပြောလိုက်မိသလို၊ သူ အတော်သွားချင်ပုံရနေသည်က ထင်ရှားနေသည်။ ဟုတ်တော့လည်း ဟုတ်ပေမပေါ့။ သူ့ အစ်မနှစ်ယောက်စလုံးက စင်ကာပူနိုင်ငံမှာရှိနေသည်ပဲ။ သူလည်း အားကျမခံ ရောက်ချင် သွားချင်ရှာပေမပေါ့ဟု တွေးမိသည်။

"ကဲ...ကိုကို...မြရွှန်းနဲ့ ကိုကို ဘုရားသွားဖူးကြမယ်၊ ပြီးလျှင် ရုပ်ရှင်ဝင်ကြည့်မယ်၊ ဟုတ်လား...၊ ကဲ...အဝတ်အစားလဲ...သွားကြမယ်"

"နေဦးလေ...မြရွှန်းရဲ့ အခုဆို အခုချည်းပဲ...အမေ ဈေးကအပြန်စောင့်ဦးလေ...ညီမလေးကို ထမင်းသွားပို့နေတယ်"

"ကိုကို...အခု မြရွှန်း ဗိုလ်ချုပ်ဈေးသစ်ထဲကလာတာ၊ အဲဒီမှာ အမေနဲ့ မြနှင်းမိုးနဲ့ပါ စကားပြောပြီးမှလာတာ။ ကိုကို အိမ်မှာရှိတယ်လို့ ပြောလိုက်တယ်။ မြရွှန်းနဲ့ ကိုကိုနဲ့ ဘုရားဖူးသွားကြမယ့်အကြောင်းလည်း ပြောခဲ့လို့ အမေက အိမ်သော့ခတ်ပြီးသွားတဲ့။ အမေက ဈေးပိတ်မှ ပြန်မယ်လို့ ပြောလိုက်တယ်"

မြရွှန်းရည်၏ တစ်ခုခုအတွက် ကြိုတင်ပြင်ဆင်တတ်မှုကို ထပ်သဘောတွေ့ကာ ပြုံးမိသည်။ ပြီးတော့ သူ နိုင်ငံခြားထွက်၍ အလုပ်လုပ်မည့်အကြောင်းလည်း အမေနှင့် ညီမလေးတို့ကို သူပြောပြီးခဲ့မည်မှာ သေချာသည်။

နှစ်ယောက်သားထွက်လာကြပြီး ရွှေတိဂုံဘုရားပေါ်ကို ရောက်သော် ဓာတ်ဘက်စောင်းတန်းမှတက်လာရင်း ရင်ပြင်နားအရောက်တွင် သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းများကို ဝယ်သည်။

"ကိုကိုနဲ့ မြရွှန်းရည်တို့ရဲ့ အချစ်သစ္စာမြဲဖို့ သစ္စာပန်းတွေ ဘုရားလှူပြီး ဆုတောင်းမယ် ကိုကို..."

မြရွှန်းရည်က ပေါ့ပါးရွှင်မြူးနေသည့် အပြုံးနှင့်ပြောသည်။ လက်တစ်ဖက်က ပန်းများကိုင်လျက်၊ တစ်ဖက်က ကျွန်တော့်လက်ကို ချိတ်ဆွဲတွဲရင်း ရင်ပြင်ပေါ်တက်လာသည်။ နောက်...ဘုရားတန်ဆောင်းထဲဝင်၍ ဘုရားဖူးရင်း လှူဒါန်းသည်။ သူ့နှုတ်မှလည်း တတွတ်တွတ်နှင့် ရွတ်ဆိုနေသည်ကိုတွေ့ရတော့ ဘုရားရှိခိုးနေသည်လား ဆုတောင်းနေသည်လားမသိ။

ထိုသို့ ဘုရားလေးဆူအား သစ္စာပန်းများ လှူဒါန်းပူဇော်ပြီးသည်နှင့် အနောက်ဘက်စောင်းတန်းမှ ပြန်ဆင်းကာ ရုပ်ရှင်ရုံများရှိရာသို့ ကားငှားလာခဲ့ကြသည်။

"မြရွှန်းက ရှေ့ရေးကိုတွေးပြီး အလုပ်လုပ်တော့မယ်ဆိုတော့ ကိုကိုလည်း အလုပ်လုပ်ဖို့အတွက် စဉ်းစားရတော့မယ်"

"လုပ်ပေါ့ ကိုကိုရယ်၊ မိဘချမ်းသာတာဟာ ကိုယ်ချမ်းသာတာမှ မဟုတ်တာ၊ ကိုယ်ကြိုးစားမှုနဲ့ကိုယ် ကြိုးစားလို့ဖြစ်လာတာမှ ကိုယ့်ပစ္စည်း အစစ်လေ"

"မြရွှန်းက မဆိုးဘူး ယော်ပေမယ့် ဘဝအတွက် ကြိုတင်ပြင်ဆင်ရေး စိတ်ကူးရှိတယ်၊ ပြောမယ်ဆိုရင် လူတွေအတွက် အင်မတန်ရှိသင့်တဲ့ စိတ်ကူးမျိုးပါ၊ မြရွှန်း အလုပ်ကိစ္စမပြောရင် ကိုကိုလည်း ခပ်အေးအေးပဲနေ ဖြစ်နေမှာ၊ အမေလည်း သူ့သားသမီးတွေ သူ့မျက်စိအောက်မှာ ရှိနေရင်ကို ကျေနပ်နေတာဆိုတော့ ကိုကို့ကို အလုပ်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်းဘူး"

ကျွန်တော့်ပြောစကားကို မြရွှန်းရည်က သာသာလေးပြုံး၍ကြည့်သည်။ သူ့အပြုံးက ချိုမြမြ။ သူ့အကြည့်က ရွှန်းလဲ့စွတ်စိုနေသည်။ ပြီးတော့ ကျွန်တော့်ပခုံးကို သူ့ခေါင်းလေးနှင့် ပစ်မှီလိုက်ရင်း–

"မိဘဆိုတာ မိသားစု စီးပွားရေးပြေလည်နေမှတော့ ဘယ်နိုင်းမလဲ ကိုကိုရယ်၊ မနိုင်းလို့ မလုပ်ရင် ရှိတာက တဖြည်းဖြည်းလျော့မယ်၊ ကုန်မှ ထလုပ်တော့ အလျဉ်မမီဘူးပေါ့၊ အလုပ်ဆိုတာ အရွယ်ရှိတုန်း ကြိုးစားနိုင်ကြတာမို့လား။ အရွယ်ကြီးမှ ကြိုးစားချင်လည်း ခွန်အားက မလိုက်နိုင်လို့ မထိရောက်တော့ဘူးလေ ကိုကိုရဲ့..."

"ကိုကို့အတွက် မြရွှန်းနဲ့ဆုံမိတာ ကံကောင်းပါတယ်"

"ဟင်...ဘာဖြစ်လို့..."

"ကိုကိုနဲ့ မြရွှန်းတို့ရဲ့ ဘဝကို ကြိုတင်ပြင်ဆင်တတ်တဲ့စိတ်ကူးဟာ ကိုကို့တို့အတွက် အဆင်ပြေစေတာမို့ ကိုကို့အတွက် ကံကောင်းစေတဲ့ မိန်းကလေးတစ်ယောက် ရစေတယ်လေ...မဟုတ်ဘူးလား..."

ကျွန်တော့်စကားကို မြရွှန်းရည်က မျက်လုံးလေးများ ပင့်ကြည့်ရင်း ပြုံးသည်။ ပြီးတော့မှ–

"ကိုကိုနဲ့ မြရွှန်းတို့ရဲ့ဘဝ သာယာအဆင်ပြေဖို့အတွက် စဉ်းစားတာပါ ကိုကိုရယ်..."

မြရွှန်းရည်က သူ့ဖြစ်လာမည့် အိမ်ထောင်သည်ဘဝအတွက် စဉ်းစားမှုလေးကို ပြောပြပြီး ကျွန်တော့်ပခုံးကို မှီ၍ ငြိမ်နေသည်မို့ ကျွန်တော် သူ့ပခုံးကို အသာဖက်ထားလိုက်မိသည်။ ကားလေးက နှံ့ထွေးနေသော ကားတွေကြားမှာ ခပ်သော့သော့လေးနှင်ရင်း သူးလေ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလမ်းပေါ်မှာ ပြေးနေသည်။ ဆူးလေဘုရားကို ကွေ့ရှပတ်သည်။ နောက် မြောက်ဘက်သို့ပြန်မောင်းရင်း နေပြည်တော်ရုံရှေ့တွင် ရပ်လိုက်သည်။

"အံ...မာ...မာ...သူတို့နှစ်ယောက်တည်း ပျားရည်ဆမ်းခရီးထွက်နေကြတာပေါ့လေ"

ကားတံခါးကိုဖွင့်ဆင်းလိုက်သည်နှင့် ပြေးဝင်လာသော ဖွေဦးအသံကြောင့် လှည့်ကြည့်လိုက်တော့ မြဦးဆွေပါရှိနေပြီး သူတို့နှစ်ယောက်ရဲ့ မျက်နှာတွေက စပ်ဖြဲဖြဲအကြည့်တွေနှင့်။ ပြီးတော့ မြဦးဆွေက–

"မင်းတို့နှစ်ယောက် ငါတို့နဲ့တွေ့တာ ကံကောင်းပါတယ်ကွာ"

"ဘယ်လိုကံကောင်းမှာလဲ...မာရ်နတ်နှစ်ကောင်ရဲ့"

"အံ့မယ်...မယ်...အခုတော့ ငါတို့ကို မာရ်နတ်တဲ့၊ ပြောရက်လိုက်တာ...ကြည့်စမ်း..."

"ပြောမှာပေါ့ကွာ၊ ငါတို့က သူငယ်ချင်း...ဟိုက...အဲ...အဲ...ဩော်...ဖန်းလောင်း...အသုံးတည့်တာချင်းမှ မတူတာကွာ"

ကျွန်တော်တို့သူငယ်ချင်းသုံးယောက် ပြောဆိုနေကြသည်ကို မြရွှန်းရည်က သဘောကျပြာန်ပြုံးရင်း–

"ကံကောင်းပါတယ် ကိုကိုရဲ့...သူတို့က ရယ်ရတယ်လေ၊ မြရွှန်းတို့ပျော်ရတာပေါ့"

"ဟာ...သွားပြီ"

"ဘယ်ကိုလဲ"

မြဦးဆွေစကားကြောင့် ကျွန်တော်က မေးလိုက်သဖြင့် မြရွှန်းရည်က တခစ်ခစ်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားရမှာလဲကွာ၊ မြရွှန်းရည်ပြောပုံက ငါတို့နှစ်ယောက်က လူရွှင်တော်တွေဖြစ်ပြီး မင်းတို့နှစ်ယောက်က မင်းသားမင်းသမီးပေါ့"

"မင်းတို့မှာ အတွဲမှမရှိသေးတာ"

"ဟော့ကောင်...မြဦးဆွေ...ဒီကောင် ငါတို့ကို အထင်သေးစကား ပြောလာပြီ"

"အထင်မသေးပါနဲ့၊ ငါတို့မှာလည်း အတွဲရှိပါတယ်၊ မတွဲချင်သေးလို့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်လာတာ"

"အေး...ဟုတ်တယ်...ဌေးဦး...ပြောပြလိုက်စမ်းကွာ"

"ညီအစ်မနှစ်ယောက် နာမည်တွေက ပိုပို...တဲ့၊ မိုမို...တဲ့..."

"မိုမို...ဘာလဲ...ဆင်မလေးလား..."

ကျွန်တော့်အမေးစကားကို မြရွှန်းရည်က တစ်ခစ်ခစ်နှင့် ရယ်ပြန်သည်။

"ဟာ...ဒီကောင်...မြရွှန်းရည်နဲ့တွေ့မှ အချိုးတွေပြောင်းသွားတယ်။ ကြည့်စမ်း...မိုမို...ဆိုတဲ့ကောင်မလေးကိုများ ဆင်မလေးလားတဲ့"

"မသိဘူးလေကွာ၊ မိုမိုရေ...ဂူး...ဆိုတဲ့ သီချင်လေး ပြေး အမှတ်ရလို့ပါ၊ ကဲ...ပြောပါဦး...အဲဒီ ပိုပိုရယ်...မိုမိုရယ်...ညီအစ်မ နှစ်ယောက်နဲ့ မင်းတို့နှစ်ယောက်နဲ့ အဆင်ပြေနေပြီပေါ့"

မြဦးဆွေက ပြုံးပြုံးကြီးကြည့်သည်။ ဌေးဦးက ငါတို့လည်း စွမ်းပါဘယ်ဆိုသည့် မခံချင်စိတ်နှင့် မဲ့ပြုံးပြုံးလို့...။

"အံ...မယ်...မယ်...မေးကာမှ အိုက်တင်ကြီးတွေနဲ့"

"သြော်...ကိုကိုကလည်း ပြောရမှာ ရှက်လို့နေမှာပေါ့"

"ဒီမျက်နှာတွေလား ရှက်မယ့်မျက်နှာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေမပြောပါနဲ့...ဟိုးအစက ငါတို့ပြောသလို မင်းတို့ ကံမကောင်းချင်ဘူးလား"

"ပြောပါ"

"အဲဒီလိုမဟုတ်ဘူးလေ၊ မင်းတို့နှစ်ယောက် ကံမကောင်းချင်ဘူးလား။ ကံကောင်းချင်လား...ပြော..."

"ကဲ...ကံကောင်းချင်ပါတယ်...ပြောပါ"

"ဒါဆိုရင် ငါတို့ကို ကြေးအိုးလိုက်တိုက်"

"ဘာဆိုင်လို့လဲဟ"

"ကြေးအိုးဆိုင်ရောက်တော့ ပြောပြမယ်ကွာ"

"ဟေ့ကောင်တွေ...ငါတို့နှစ်ယောက် ရုပ်ရှင်ကြည့်မလို့ကွ"

"မင်းပြောပြစရာမလိုဘူး။ မင်းတို့နှစ်ယောက် ဒီရုံရှေ့မှာကားရပ်ပြီး ဆင်းကတည်းက ရုပ်ရှင်ကြည့်ဖို့ လာတယ် ဆိုတာ သဘောပေါက်တယ်၊ အချိန်အများကြီးလိုသေးတယ်၊ လာ...ကြေးအိုးလိုက်တိုက်၊ မင်းတို့ ကံကောင်းတဲ့အကြောင်း ပြောပြမယ်"

"ဟုတ်သားပဲ...အချိန်က စောပါသေးတယ် ကိုကိုရယ်... ဒါနဲ့ တစ်ခုပေါ့"

"မှန်တယ်...မှန်တယ်...မြရွှန်းရည်...ဒီကောင်က မြရွှန်းရည်လောက် မလိမ္မာသေးဘူး"

ကျွန်တော် မြဦးဆွေပခုံးကို မနာအောင် လက်သီးနှင့် ထိုးလိုက်သည်။ သူတို့နှစ်ယောက်က ရယ်နေကြသည်၊ ပြီးတော့ ကြေးအိုးဆိုင်သို့ သွားဖြစ်ခဲ့ကြသည်။ ဆိုင်ရောက်တော့ သူတို့နှစ်ယောက်က ကြေးအိုးသောက်ကြသည်။ ကျွန်တော်နှင့် မြရွှန်းရည်က ဆီချက်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စားရင်းမှ–

'ကဲ...ဘာကံကောင်းတာလဲ...ပြော..."

"ဒီလိုလေကွာ..."

မြဦးဆွေက စကားစ,ပြီးမှ ရပ်လိုက်ကာ ဒွေးဦးကို ပြုံးစေ့စေ့နှင့် ကြည့်သည်။ ဒွေးဦးက ပြုံးပြီး ပြန်ကြည့်သည်။

"ဟော့ကောင်...မြဦးဆွေ...ပြောလေ..."

"မင်းတို့နှစ်ယောက်က ဖနီးမောင်နှံဖြစ်တော့မယ့်သူတွေလေ၊ အဲဒီတော့ အိမ်ထောင်သည် တစ်ဘဝလုံး ကံကောင်းဖို့ဆိုတာက အလှူရေစက် လက်နဲ့မကွာရှိရတယ်၊ ဒါတို့လို သူတော်ကောင်းနှစ်ယောက်ကို..."

"ဟော့ကောင်...ကော်တော့၊ မင်းတို့ ကြေးအိုးသောက်ချင်တာနဲ့ ကြံဖန် ခေါ်လာတာ...ငံ သဘောပေါက်ပြီ"

မြရွှန်းရည်က တခစ်ခစ်နှင့်ရယ်ပြန်သည်။ ဒွေးဦးနှင့် မြဦးဆွေတို့ ကလည်း ရယ်ကြသည်။ ထိုစဉ် မြရွှန်းရည်က–

"ကိုကို...မြနှင်းမိုးပြောတာ ဟုတ်တယ်ကိုကိုရဲ့၊ ဒီအစ်ကိုနှစ်ယောက် က တကယ့် လူရှင်တော်ကျနေတာပဲ...ရယ်ရတယ်"

"ဟာ...သေပါပြီဟာ...ကြေးအိုးလေးတစ်ခွက် စားရတာနဲ့တောင် မကာမိဘူးဟာ..."

"အဲဒါ မင်းမျက်နှာပိုးမသေလို့ မြဦးဆွေ"

"အောင်ထူးကတော့ အစက မျက်နှာပိုးသေလို့လား၊ အခုမှ ဘာနဲ့လုပ်ပြီး နေ့,နေတာ"

"ဟာ...မင်းတို့က ကိုယ့်ဒုက္ခနဲ့ကိုယ်မနေ့ဘူး...၊ ငါ့ကို ဆွဲထည့်



www.burmeseclassic.com

www.burmeseclassic.com



နေပြန်ပြီ''

ထိုသို့ပြောရင်း ရယ်မောကြရင်း ဆက်ပြီး စားသောက်နေကြရာမှ ကျွန်တော် သူတို့ပြောသည့် ပိုပိုနှင့်မိုမိုဆိုသည်ကို သတိပြန်ရမိခဲ့သဖြင့်–

''ဟေ့ကောင်တွေ…ခုန မင်းတို့ပြောတဲ့ ပိုပိုနဲ့မိုမို…ဆိုတဲ့ ညီအစ်မနှစ်ယောက်နဲ့ မင်းတို့နှစ်ယောက်နဲ့ အဆင်ပြေနေပြီလား''

ကျွန်တော့်အမေးစကားကို ကြေးအိုးထဲမှ ကြာဆံဖတ်များအား ဝါးတူနှစ်ချောင်းနှင့် အသာညှပ်ယူ၍ စားရန် မ,တင်နေသည့် ဖြေဦး စပ်ဖြဲဖြဲကြည့်ရင်း–

''ငါတို့နှစ်ယောက်က ကြိုက်နေတာ''

''ဟာ…ဒီကောင်ကွာ…''

ဖြေဦး စပ်ဖြဲဖြဲလုပ်ရင်း ပြောလိုက်သည့်စကားကို မြရွှန်းရည် ရယ်ပြန်သည်။ ထိုစဉ်…မြဦးဆွေက–

''ဒီလိုပါကွာ…အဲဒီ ပိုပိုနဲ့ မိုမို သူတို့ညီအစ်မနှစ်ယောက်များ ငါတို့နှစ်ယောက်ကို ပြန်ကြိုက်ရင် ငါတို့သူငယ်ချင်းသုံးယောက်အတွဲ ညီသွားတာပေါ့ဆိုပြီး စိတ်ကူးနဲ့ ကြိုက်ကြည့်တာပါကွာ''

''တော်ပါတော့ကွာ…စားစရာရှိတာ စားပါတော့''

ကျွန်တော် သူတို့နှစ်ယောက်ကို ရယ်မောရင်း ပြောလိုက်သည်။ မြရွှန်းရည်ကတော့ ရယ်ကောင်းတုန်း။ ကျွန်တော်တို့လေးယောက်ဝိုင်းက စကားပြောကြရင်း ရယ်မောကြရင်း စားသောက်လျက်…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

မြရွှန်းရည် နိုင်ငံခြားထွက်သွားပြီဆိုသော အသိက ရင်ထဲမှာ လှိုက်ဖိုဖို လွမ်းမောနေမိသည်။

"ကိုကို့ကိုတော့ မြရွှန်း နေ့တိုင်းလွမ်းနေမိမှာပဲ"

ရန်ကုန်လေဆိပ်မှာ မြရွှန်းရည်ပြောခဲ့သည့်စကားလေးက တမ်းတ တွယ်ငြိစရာ တသက်သက်ကြားယောင်နေဆဲ။

"ကိုကို...ကျန်းမာရေးဂရုစိုက်နော်၊ ကိုကို့ မေမေက ပြောတယ်၊ လာသာတဲ့ညတွေဆိုရင် ခြံထဲထွက်ပြီး စောင်းကောက်ကြီး တီးပြီး ညဉ့်နက်သန်းခေါင် နေတတ်လွန်းလို့ နေထိုင်မကောင်းဖြစ်မှာစိုးပြီး မကြာ့ဂ္ဂထာသတိပေးနေရတာယ်တဲ့၊ အဲဒီလိုချည်း ညဉ့်နက်သန်းခေါင်တော့ မနေနဲ့နော်၊ အအေးတွေဘာတွေပတ်ပြီး ဖျားနာပါဦးမယ် ကိုကိုရယ်..."

မြရွှန်းရည်က ကျွန်တော့်ကို ကလေးတစ်ယောက်လို စိတ်မချစွာ ဘတွတ်တွတ်ပြော၍ မှာကြားခဲ့သေးတာကြောင့် ညခင်းကာလလေး တွေကို စိမ်းကားမိခဲ့တာ လ,ချီသွားခဲ့ပြီ။ ပြီးခဲ့သည့် လသာညခင်းက ကျွန်တော့်ကို လွမ်းမောနေချေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဆိပ်မှာ အချိန်ကျလို့ မြရွှန်းရည် လေယာဉ်ပေါ်တက်သွားတော့မှ ကျွန်တော် သတိရမိသည်။ သူကသာ ကျွန်တော့်ကို ကျန်းမာရေးအတွက် ဂရုစိုက်ဖို့ တတွတ်တွတ်မှာကြားသည်။ သူ့ကို ကျွန်တော် ဘာမျှမမှာကြားလိုက်မိ။ တကယ်ဆိုရင် ကိုကို့ကို မြရွှန်း နေ့တိုင်းလွမ်းနေမှာဟု ပြောစဉ် ကျွန်တော့်ကလည်း "ကိုကိုလည်း မြရွှန်းရည်ကိုလွမ်းနေမှာပါ" ဟု ပြန်ပြောသင့်သည်၊ မပြောမိခဲ့။ ယခုမှ လွမ်းမောစိတ်နှင့် သတိရနေမိသည်။ သူ ကျွန်တော့်ကို ကျန်းမာရေး ဂရုစိုက်ဖို့ ပြောသည့်တွင် သူ့ကိုလည်း တခြားတစ်နိုင်ငံမှာ အနေအထိုင် အစားအသောက်ကအစ ဂရုစိုက်ဖို့၊ ကျန်းမာရေးအတွက်လည်း မမေ့ဖို့ ပြန်မှာကြားသင့်သည်ပေါ့။ အခုတော့ ကျွန်တော် မမှာကြားလိုက်မိ။ ကျွန်တော့်ရဲ့ လူမှုရေးညံ့ဖျင်းမှုကို တစိမ့်စိမ့် ပြန်တွေးမိမှ စိတ်မကောင်းဖြစ်မိခဲ့သည်။

သည်တော့လည်း "တခြားနိုင်ငံမှာ မြရွှန်းရည်" တစ်ယောက် နေကောင်းပါစေ၊ လုပ်ငန်းကိုင်ငန်း အဆင်ပြေပါစေ"လို့ ယခုမှ ဆုတောင်းပေးနေမိသည်။ မြရွှန်းရည်တော့ ကြားနိုင်မည်မဟုတ်... သိနိုင်မည်မဟုတ်...။

ကလင်...ကလင်...ကလင်... ဝင်း

မြည်လာသော ဘဲလ်သံကြောင့် ခြံဝသို့လှမ်းကြည့်လိုက်တော့ စာပို့လုလင်တစ်ဦး။ ကျွန်တော်ထိုင်နေရာမှ ထသွားပြီး စာပို့လုလင် ထံမှ စာကိုယူလိုက်ပြီး ကြည့်လိုက်တော့ "အောင်မျိုး" ကျွန်တော့် နာမည်ရေးထားပုံကို ကြည့်လိုက်ခြင်းအားဖြင့် ထက်ကျော်ထံမှမှန်း သိလိုက်သဖြင့် အိမ်ရှေ့ဧည့်ခန်းသို့ ပြန်လာထိုင်ရင်း စာကိုဖွင့်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"အောင်မျိုး၊ ဌေးဦး၊ မြဦးဆွေ"

ထိုသို့ ကျွန်တော်တို့သူငယ်ချင်းသုံးယောက်နာမည်တပ်ထားသော စာ ဖြစ်နေသဖြင့်" အတော်အပျင်းထူတဲ့ကောင်၊ စာရေးတာတောင် တစ်ယောက် တစ်စောင် မရေးဘဲ တစ်စောင်တည်းနဲ့ သုံးယောက်ကို ပေါင်းရေးတယ်" ဟု စိတ်ထဲမှာ အပြစ်တင်လိုက်မိသည်။

အောင်မျိုး၊ ဌေးဦး၊ မြဦးဆွေ...

သူငယ်ချင်းတို့...မင်းတို့ နေကောင်းကြတယ်မို့လား၊ ငါကတော့ ဒေါင်ဒေါင်မြည်ပဲ၊ ငါ အခု အဖေ့ ရုံးဌာနမှာ ဝင်အလုပ်လုပ်နေပြီကွ၊ မင်းတို့လို ၁၀၉၊ ၁၁၀ တွေ မဟုတ်တော့ဘူး အလုပ်နဲ့အကိုင်နဲ့သိလား၊

မင်းတို့ အတော်နေနိုင်တဲ့ကောင်တွေကွာ...မင်းတို့ဆီကို ငါ စာသုံးစောင်ရေးတာ မင်းတို့ တစ်စောင်မှ မပြန်ကြသေးဘူး၊ အဲဒါကြောင့် နေမှ ကောင်းကြရဲ့လားလို့တောင် စိုးရိမ်နေမိတယ်။ ငါ မင်းတို့ကို အမြဲသတိရနေတယ်။ ငါတို့ သူငယ်ချင်းလေးယောက်ရဲ့ ပျော်စရာကောင်းတဲ့ရက်တွေကို သိပ်လွမ်းတာပဲကွာ၊ မင်းတို့ပြန်သွား ကြပြီး ငါ မန္တလေးမှာနေရတာ အတော်ပျင်းတယ်ဟေ့၊ ရန်ကုန်ကိုသာ ပြန်ထွက်ပြေးလာချင်တဲ့စိတ်တွေ ဖြစ်နေမိတယ်။

ငါလည်း ပျင်းပျင်းနဲ့ မန္တလေးတောင်ပေါ်တက် ဘုရားဖူးလိုက်၊ မဟာမြတ်မုနိဘုရားသွားဖူးလိုက်၊ မဟာလောကမာရဇိန် ဘုရားသွားဖူးလိုက်၊ မင်းတုန်းမင်းကြီး ကုသိုလ်ပြု ထုလုပ်ခဲ့တဲ့ ဗုဒ္ဓပိဋကတော် ကျောက်စာတိုက် သွားလေ့လာလိုက်ပေါ့ကွာ၊ ဒီလိုနဲ့ပဲ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင် အတော်တော့ နဲ့သွားပြီကွ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သုံးယောက် ဒီတစ်ခါလာလည်ရင် ငါ အတော်နှုန်း လိုက်ပို့နိုင်ပြီ မင်းတို့ လာလည် ကြပါဦးလား။

ဒါနဲ့ အောင်မျိုး...မင်း ဘယ်တော့မင်္ဂလာဆောင်မှာလဲ၊ ငါ့ကို ဖိတ်ဖို့တော့ မမေ့နဲ့နော်၊ မင်းမင်္ဂလာဆောင်တဲ့ညမှာ ငါ မင်းတို့ သုံးယောက်ကို တပျော်တပါး ညည်းခံဖို့ မျှော်နေတယ်။ မိန်းမရအောင်တော့ ကြိုးစားပေါ့ အောင်မျိုးရာ...

ဖွေဦးနဲ့ မြဦးဆွေတို့ကတော့ ခပ်ပေါပေါလူ့ရှင်တော်တွေဆိုတော့ ညားရင်လည်း သူတို့စရိုက်တွေနဲ့လိုက်တာမျိုး ညားမှာပါ။ ဟာသအိမ် ထောင်စုပေါ့ကွာ၊ ပြောရဦးမယ်...ငါ အခု အလုပ်ဝင်တာ နှစ်လကျော် ကျော်ပဲ ရှိသေးတယ်၊ ရုံးက စာရေးမလေး "ယုယုဆွေ" ဆိုတဲ့ ကောင်မလေးနဲ့ အတော်အဆင်ပြေနေပြီ သိလား။ ဒီလိုပဲ...စွံတဲ့လူ ဆိုတာ ရောက်ရာနေရာ အိမ်ထောင်ကျကိန်းရှိတယ်ကွ...။

ဖွေဦးနဲ့ မြဦးဆွေ...မင်းတို့နဲ့တော့ ငါ မကွာဘူးလား။ ဒါကလည်း ငါ့လို ရုပ်ရည်လက္ခဏာမျိုးမှ ဖြစ်တာ၊ မင်းတို့ မနာလိုမရှိနဲ့ပေါ့ကွာ...။

ကျွန်တော် ထက်ကျော်စာကိုဖတ်ရင်း ရယ်ချင်လာသည်။ ဖွေဦး နှင့် မြဦးဆွေတို့သာ ဖတ်မိရင် မကျေမနပ်ပြောကြဦးမည်။ အကယ်၍ အနားမှာ ထက်ကျော်ရှိလျှင် လိမ်မျိုး...သေပေတော့...ဆိုပြီး နှစ်ယောက် သား ထုရိုက်ကြမည်။ သို့အခါ ထက်ကျော် တဟားဟားနှင့် ရယ်မည်။ ကျွန်တော် သူတို့ပုံရိပ်တွေကို မျက်စိထဲ မြင်လာသည်။ တကယ်ဆို ကြခင်ကြသည့် ကျွန်တော်တို့ သူငယ်ချင်းလေးယောက် ယခုတော့ ထက်ကျော်က ခွဲထွက်၍ မန္တလေးရောက်ခဲ့ပြီ၊ ကျွန်တော်တို့ပျော်ရွှင် ခြင်းအစုအခဲလေးထဲမှ အစတစ်စ ပဲ့ထွက်သွားခဲ့ခြင်းပင်။ ယခုညီ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိမှ ဌေးဦးနှင့် မြဦးခွေတို့ ကျွန်တော့်ဆီရောက်မလာကြသည်မှာ နှစ်ပတ်ကျော်သွားပြီကို သတိရသွားမိပြန်သည်။ ကျွန်တော် ထက်ကျော်စာကို ပြန်ဖတ်မိပြန်သည်။

"တကယ်လို့ မင်းတို့နှစ်ယောက် အသဲအသန် မိန်းမလိုချင်တယ်ဆိုရင်တော့ ငါတို့ရုံးမှာ မုဆိုးမအဒေါ်ကြီးနှစ်ယောက်ရှိတယ်ကွ၊ အကြောင်းကြားလိုက်...ငါ ကြိုပြီး အောင်သွယ်တော်မြားနတ်မောင်လုပ်ထားမယ်...ဒါပဲသိလား..."

မင်းတို့နေကောင်းကြပါစေ။

ငါတော့ ဒေါင်ဒေါင်မြည်ပဲ။

သိပ်သတိရတဲ့...

ထက်ကျော်

တကယ့်ထက်ကျော်ပင်။ အစကတည်းက အ‌မြဲတမ်း ရွှတ်ပြက်ပြက် ပြောတတ်သည့် ဝါသနာက စာရေးတာပင် ညာဉ်ကမပျောက်၊ ခယ်ချင်ဖွယ်ဖြစ်အောင် ရေးတတ်သည်ပင်။

ကျွန်တော် စာရွက်ကို ပြန်ခေါက်၍ စာအိတ်ထဲ အချိုးကျ ပြန်ထည့်လိုက်သည်။ ဌေးဦးနှင့် မြဦးခွေတို့ဆီ သွားပြီး ထိုစာကို သွားပြမည်ဟုလည်း စိတ်ကူးဝင်လာသည်မို့ အိမ်နောက်ဖေးခန်းမှာ ချက်ပြုတ်နေသော အမေ့ကို ဝင်၍ပြောပြသည်တွင် အမေက –

"သား... အပြင်သွားရင်းနဲ့ မင်းညီမဆိုင်ကို ဝင်သွားပြီး ထမင်းချိုင့် ဝင်ပို့လိုက်ပါကွယ်...ဟင်းက ကျက်ခါနီးပြီ... ခဏစောင့် မင်းလည်း တစ်ခါတည်း ထမင်းစားပြီးမှသွား..."



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားကြားမှ ထမင်းမစားရသေးသည်ကို သတိရသည်သည်။ စိတ်က...ချက်ချင်းဆိုသလို သူငယ်ချင်းတွေထံ ရောက်သွားခဲ့သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

မြောက်ပြန်နှင်းလေးနုအေးတို့ အလည်ရောက်လာတာ ထိတွေ့ရတော့ မြရွှန်းရည် မြန်မာပြည်ကထွက်ခွာသွားသည်မှာ တစ်နှစ်ပြည့်ပြီဆိုသော အသိ စွဲကပ်မိပြန်သည်။ စိတ်ထဲမှာ မနေ့တစ်နေ့ကဟု လွမ်းငွေ့လေးတွေ လူးပျံ့နေခဲမှာ သတိထားဆန်းစစ်မိမှ တစ်နှစ်ပြည့်မှန်း သိခဲ့သည်မို့ ကျွန်တော်သည် ချစ်တတ်သောစိတ်ရှိနေသည်ကိုပါ သတိထားမိလာသည်။

"ကိုကိုရေ...စင်ကာပူမှာ ဆောင်းရယ်လို့လည်း မရှိဘူး။ ပူရင်ပူတယ်၊ မိုးကလည်း ရွာချင်ရွာတာမျိုးပဲရှိတယ်။ ပူတာက များပါတယ် ကိုကိုရယ်၊ ပြီးတော့လေ မြန်မာနိုင်ငံသားတွေဆိုရင် အခွင့်အရေးက မပြည့်ဝပါဘူး။ မလေးရှား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်...နိုင်ငံသားတွေကျတော့ စင်ကာပူနိုင်ငံရဲ့ အခွင့်အရေးက အပြည့်အဝခံစားခွင့်ရှိတယ်။ သူတို့နိုင်ငံသားလို သဘောထားတယ်။

မြရွှန်းရည်တို့ညီအစ်မတွေ အခန်းငှားပြီး စုနေကြတယ်။ နည်းနည်းတော့ ကျဉ်းကျပ်တာပေါ့။ ငှားနေတဲ့အခန်းတွေက နှစ်ပေ့ဆောက်ပဲနေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုတာများတယ်။ မမတို့က သူတို့ညီအစ်မ ငှားနေတဲ့အခန်းမှာပဲ မြရွှန်းကိုခေါ်ထားတယ်။ သီးခြားတစ်ယောက်တည်းနေမှာကို စိတ်မချလို့တဲ့...

အလုပ်ချိန်က မနက်(၈)နာရီကနေပြီး စ,ဆင်းရတယ် ကိုကို... (၁၀)နာရီဆိုရင် လက်ဖက်ရည်သောက်ချိန်ပေးတယ်။ ခဏနားပြီး အလုပ်ဆက်လုပ်ပေါ့။ (၁၂)နာရီမှာ မနက်စာစားဖို့အချိန်ပေးတယ်။ နေ့လယ် (၁)နာရီမှာ လုပ်ငန်းပြန်ဝင်ရတယ်။ ညနေ(၃)နာရီကျတော့ လက်ဖက်ရည်သောက်ချိန် အနားပြန်ပေးတယ်။ ညနေ(၅)နာရီအထိပေါ့။ ဒါပေမယ့် မြရွှန်းတော့ Over-Timeဆက်လုပ်တယ်။ ပင်ပန်းတာမှ မဟုတ်ဘဲ ကြိုးစားရတာပေါ့ ကိုကိုရယ်...”

မြရွှန်းရည်ရေးပို့ဖူးသောစာက အကြိမ်ကြိမ်ဖတ်ခဲ့မိခြင်းမှ အလွတ်လိုလို ရနေခြင်းကြောင့် ကောင်းကောင်းမှတ်မိနေသည်။

ပြီးတော့...

“ကိုကို...မြရွှန်းတော့ အပြတ်ကြိုးစားပြီး ချွေချွေတာတာနဲ့ စုဆောင်းနေတယ်။ ဒါမှ ကိုကိုနဲ့မြရွှန်းတို့ဘဝ စုပြည့်မှာ...အရင်းအနှီးလေး ရှိလာတော့ စိတ်ကူးရှိရာလေးတွေ တိုးတက်ရာတိုးတက်ကြောင်းအတွက် လုပ်ကိုင်လို့ရတာပေါ့...။ ကိုကိုရော...အလုပ်,လုပ်နေပြီလား... ကိုကိုလည်း ကြိုးစားနော်”

မြရွှန်းရည်က သူအလုပ်ကြိုးစားနေကြောင်း ချွေချွေတာတာနေပြီးတော့ စုဆောင်းနေကြောင်းတွေနဲ့ နှစ်ယောက်အတူနေချိန်မှာ ဘဝအခြေပြေရေးအတွက်ပါ စဉ်းစားနေပုံသိရတော့ သည်ကောင်မလေးရှေ့ရေးတွေးပြီး အတော်ပူပန်တတ်ပါလားဟု တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လို မြှရွန်းရည်စိတ်ကူးတွေကို တွေးမိတော့ ယခုတိုင် အလုပ်အကိုင်အတွက် ကျွန်တော် အဆင်အပြေသေးသည်ကို မိမိကိုယ်ကို စိတ်မကောင်းဖြစ်မိသည်။ ရွှေဦးနှင့် မြဦးဆွေတို့ပင် ကန်ထရိုက်လုပ်ငန်းမှာ အလုပ်ဝင်နေကြပြီ။ သူတို့ အဆောက်အအုံကန်ထရိုက်လုပ်ငန်းက များစွာပြန့်ကျက်ထားသဖြင့် ကျွန်တော့်ကို အလုပ်သမားကြီးကြပ်ရေးအဖြစ် လုပ်ကိုင်ဖို့ စကားကမ်းလှမ်းသဖြင့် ကျွန်တော်လေ့လာမိသေးသည်။

ကျွန်တော်နှင့်မဖြစ်၊ မဖြစ်ခြင်းက အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းဆိုသည်က အလုပ်သမားများအတွက် ပင်ပန်းကြီးစွာရှိသည်။ နွေ၊ မိုး၊ ဆောင်း…ရာသီဥတုဒဏ်ကို အန်တုပြီး လုပ်ကိုင်နေကြရာရသော အလုပ်ကြမ်းသမားများဖြစ်သည်။ သို့သော် သိပ်ပင်ပန်းလာသောအခါ နားနားနေနေ လုပ်ကိုင်ကြသည်။ ဤသည်ကို အလုပ်ခိုသည်၊ ကပ်သည်ဟူသော အမြင်ဖြင့် ဟိန်းတန်ဟိန်း၊ ဟောက်တန်ဟောက်၊ ချော့တန်ချော့နှင့် ကြပ်မတ်ရမည်။ သည်အခါ ကျွန်တော်စဉ်းစားကြည့်သည်၊ သိပ်ပင်ပန်းနေသူကို အဓမ္မခိုင်းစေခြင်းသည် လူသားအချင်းချင်း နှိပ်စက်နေသလိုဟူ၍…

ထိုသို့ အတွေးမျိုးဖြစ်မိခြင်းမှ ကျွန်တော် သူငယ်ချင်းတွေ၏ တောင်းဆိုမှုကို ငြင်းဆန်လိုက်သည်။ လူသားအချင်းချင်း အဓမ္မမညှာမတာ မခိုင်းရက်သော ကျွန်တော့်စိတ်က ထိုနေရာမျိုးနှင့် မကိုက်ညီ ဟုလည်းထင်သည်။

"မင်းမှာ ဂုဏ်ရှိကြက်ချေပါတယ်။ တစ်နေ့ကျရင် မင်း တခြား ဘာဝနာအားထုတ်ခြင်း ဘာသာရေးကို အားသန်ပြီး ရောက်သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် ထက်ကျော် လက္ခဏာကြည့်ပြီး ဟောခဲ့သော စကားကို ပြန်ကြားလာမိသည်။ တကယ်ပဲ ဘာသာရေးအခြေခံစိတ် ရှိနေသဖြင့်များ ထိုစာနာစိတ်တွေ ဝင်နေခြင်းလားဟုလည်း စဉ်းစားမိသွားပြန်သည်။

"သားရေ...လူ့ဘဝမှာ ကိုယ်က နိုင်ရတာဖြစ်ဖြစ်၊ ကိုယ်ကခံရတာဖြစ်ဖြစ် မကောင်းဘူးကွဲ့။ ကိုယ်ကနိုင်ရရင် တစ်နေ့ ကိုယ့်ကိုနိုင်တဲ့သူပေါ်လာတတ်တယ်၊ အတုံ့အလှည့်ပေးဆပ်မှု ရယူမှုဆိုတာတွေ ရှိတယ်သား။

"အေး...ကိုယ်ကခံရရင် ပေးဆပ်ခြင်းဝဋ်ကြွေးလို့မှတ်။ မတုံ့ပြန်ချင်နဲ့၊ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့ သားရဲ့။ မကောင်းမှုပြုမိသူဟာ သံသရာအတွက် ဒုက္ခကို အသစ်ယူတာပဲ၊ ခံရသူဟာ သံသရာကြွေးပဲသား။ ပေးဆပ်ရတယ်လို့ သဘောထား"

အမေ ဆုံးမစကားပြောခဲ့ဖူးသည်ကိုလည်း ပြန်လည်အမှတ်ရမိပြန်သည်။ ထိုသို့ အမေ၏ လူမှုဘဝအတွက် ဆုံးမစကားများ ရင်ထဲမှာ ကိန်းဝပ်မိသည်ထင့်။ သူငယ်ချင်းတို့၏ သူတို့လုပ်ငန်းတွင် လုပ်ရန်တောင်းဆိုမှုကို ကျွန်တော် ငြင်းမိခြင်းလည်း ဖြစ်နိုင်သည်။

အမေသည် ထိုသို့ တရားသိမှုကြောင့်ပင် ဗိုလ်ချုပ်ဈေးသစ်ထဲမှာ အထည်ဆိုင်နှင့်ပင် အေးအေးဆေးဆေးနေသည်။ အမေ့မှာ အရင်းအနှီးရှိသော်လည်း လုပ်ငန်းကိုင်ငန်း မတိုးချဲ့။ အေးအေးဆေးဆေး ရောင့်ရဲသည်။ ယခုအရွယ်အထိပင် ကျွန်တော့်ကို တစ်ခွန်းမှ အလုပ်လုပ်ဖို့ မပြောဖူး။

ယခုတော့ ကျွန်တော်နှင့် လက်ထပ်ကြရမည့် မြနန်းရည်က



www.burmeseclassic.com

www.burmeseclassic.com



တိုင်းတစ်ပါးသို့ပင်ထွက်၍ စီးပွားရှာနေချေပြီ။ ချွေချွေတာတာနှင့် စုဆောင်းနေသည်ကိုပင် စာထဲတွင် ထည့်ရေးလိုက်သည်။ ကျွန်တော်က ဘာလုပ်ရမှန်းမသိသေး။

"သား..."

အမေ့ခေါ်သံကြောင့် အတွေးတို့၏ ရှည်ဝေးယောက်ယက်ခတ်မှုတို့ ရပ်သွားပြီး အမေ့ကိုကြည့်လိုက်မိသည်။

"ဘာတွေများ ဒီလောက်တွေးနေလဲသားရယ်...အမေ အိမ်ထဲဝင်လာတာတောင် မသိအောင်ပဲ..."

"ဩော်... မဟုတ်ပါဘူးအမေရယ်"

ကျွန်တော့်အဖြေစကားအား အမေက ပြုံးသည်။ နောက်...ညီမလေးကို သွားပို့သည့် ထမင်းချိုင့်အလွတ်ကို ဆေးကြောရန် အိမ်ထဲဝင်သွားသည်။ သည်တော့မှ ကျွန်တော် အိမ်ရှေ့ခန်းမှာထိုင်နေလျက်နှင့် အိမ်ဝမှ ဝင်လာသောအမေ့ကို သတိမထားမိလောက်အောင် အတွေးနက်မှုများအား တစ်ယောက်တည်း ပြုံးလိုက်မိသည်။

"သား..."

အမေက အိမ်ထဲခန်းမှ ပြန်ထွက်လာပြီး ကျွန်တော့်ဘေးခုံ အိမ်ဦးခန်းဘက်တွင်ထိုင်ရင်း ခေါ်လိုက်သဖြင့် ကျွန်တော် အမေ့ကို ကြည့်မိသည်။

"သား စဉ်းစားနေတာ၊ တွေးနေတာတွေ အမေသိပါတယ်။ မြရွှန်းရည်က နိုင်ငံခြားထွက် အလုပ်လုပ်၊ ချွေတာစုဆောင်းနေတော့ သားလည်း ဘာလုပ်ရမလဲလို့ တွေးနေတာမို့လား"

"ဟုတ်တယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဒီကလေးမလေး ရှေ့ရေးတွေးပြီး မြင်တတ်တယ်။ သိပ်တော်တယ် သားရဲ့"

အမေ့စကားကြီးက မြရှန်းရည်ဟာ ရှေ့ရေးတွေးပြီးမြင်တတ်သည်၊ တော်သည်ဟု ချီးမွမ်းစကားဆိုလိုက်တော့ ညံ့နေသည်က ကျွန်တော် ဖြစ်နေချေ၏။ တကယ်ပင် သည်နေ့အထိ ဘာလုပ်၍လုပ်ရမှန်းမသိ။ ငယ်ငယ်တည်းက အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါး နေလာခဲ့ရတော့ စိတ်က လုပ်ငန်းကိုင်ငန်းအတွက် အလေးအနက်မရှိခဲ့။ အိမ်မှာ အားရင် စောင်းတီး၍ သီချင်းဆိုမည်။ စာဖတ်မည်။ သည်လိုနှင့် အချိန်ကုန်ခဲ့သည်မို့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ဆိုသော လူမျိုးသည် ကျွန်တော် ဖြစ်နေချေပြီလားဟု တွေးမိပြန်သည်။

"တစ်ဖက်က ကြိုးစားရင်တော့ သားလည်း ကြိုးစားရလိမ့်မယ်။ သားအတွက် တစ်ခုခုတော့ အမေ ဆောင်ရွက်ပေးရမှာပဲ"

"ဟုတ်ကဲ့အမေ၊ ကျွန်တော် ဘာလုပ်ရမလဲပြောပါ။ သူငယ်ချင်းတွေလည်း အလုပ်လုပ်နေကြပြီဆိုတော့ ကျွန်တော်လည်း တစ်ယောက်တည်း နေနေရတာ ပျင်းလာပြီ"

"မပူပါနဲ့သားရယ်၊ လောလောဆယ် အမေတို့ ဗိုလ်ချုပ်ဈေးသစ်က ဈေးဥက္ကဌကြီး ဦးစိုးဝင်း ဦးဆောင်ပြီး ဈေးသူ ဈေးသားတွေ 'အလောင်းတော်ကဿပ' ဘုရားဖူးသွားကြမယ်။ အဲဒါ မင်း လိုက်သွားပါလား"

"ဟာ...အမေကလည်း ကျွန်တော်နဲ့မှ မရင်းနှီးတာ"

"သားနဲ့ ရင်းနှီးတဲ့သူတွေပါ ပါတယ်ကွဲ့။ ဖိုးထောင်တို့ ကျော်ကျော်တို့၊ စိုမင်းဖော်တို့ ပါတယ်။ ပြီးတော့လေ မင်းကို စ,စနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်အောင်ကြီးလေ...ဘာတဲ့...မင်း အဲဒီ့လို အေးစက်စက်မနေနဲ့၊ လူပျိုကြီးဖြစ်သွားမယ်။ သွက်သွက်လက်လက်ရှိမှ မိန်းမရမှာလို့ပြောတတ်တဲ့ အဲဒီ ဦးခင်အောင်ကြီးလည်း ပါမှာ။ မင်း သူတို့နဲ့အတူခရီးသွားရင် ခင်သွားမှာပါ၊ အမေနဲ့ မင်းညီမလေးက သွားဖူးပြီးပြီ။ အခု မင်း အလှည့်၊ မင်းအတွက် အမေ စာရင်းပေးလိုက်ပြီ"

အမေ့စကားက ငြင်းမရအောင် ချည်နှောင်ထားပြီးသား ဖြစ်နေသည်။ စာရင်းပေးပြီးပြီတဲ့လေ။ သည်တော့လည်း ကိုဖိုးထောင်၊ ကိုကျော်ကျော်၊ ကိုစိုးမင်းဇော်၊ ဦးခင်အောင်...သူတို့က ဆေးမျိုးစုံဆိုင်ဖွင့်ထားသူတွေ။ ကျွန်တော် ဆိုင်မှာသွားထိုင်သည့်အခါ သူတို့က ခင်ခင်မင်မင်ပြောကြလေ့ရှိသည်။ ထိုအထဲမှ ကိုဖိုးထောင် ဆိုသူက တကယ့်လူရွှင်တော် ပ◌ာသတွေပြောတတ်သည်။ အင်း...သူတို့ဘစ်တွေနှင့်ဆိုလျှင် ခရီးသွားရ◌ာဘာ မဆိုးပါဘူးဟု တွေးမိသည်။ ပြီးတော့... မိမိကိုယ်ကို အလုပ်တစ်ခုအတွက် ဘာလုပ်ရမည်ကိုပင် စဉ်းစားမရသေးသည့်အချိန်။ ယခုလို ခရီးထွက်ခြင်းက စိတ်ပြေလက်ပျောက် ဖြစ်ချေသည်ပင်။

"သား...ဘုရားဖူးလိုက်သွားနော်။ တကယ်လည်း ထူးခြားတဲ့နေရာပါ သားရယ်"

"ဟုတ်ကဲ့ပါ အမေ"

ကျွန်တော် အမေ့ဆန္ဒကို ဖြည့်ဆည်းလိုက်သော အသံနှင့်အတူ အမေ့အပြုံးက အေးချမ်းရွှန်းပလျက်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဗိုလ်ချုပ်ဈေးသစ်ရှေ့သို့ သည်ည အလောင်းတော်ကဿပဘုရားပွဲ ထွက်မည်ဖြစ်၍ ည (၇)နာရီမထိုးခင် ဈေးသူ ဈေးသားများ ရောက်ရှိနေကြသည်။ ဈေးဦးဦးဝင်း ဆိုသူက အရပ်မြင့်မြင့် ခပ်သွယ်သွယ် ခေါင်းတုံးသာသာဆံကေသာ မလွှဲသာမရှောင်သာ ဆံပင်ထားသည့်ပုံ၊ အကျီက အဖြူလက်ရှည်၊ ကော်လံကတုံး ပုဆိုးက အဖြူပေါ်မှာ အပြာစင်း သေးကျဲကျဲ၊ သူကြည့်ရသည်မှာ အရာရာ အေးချမ်းနေသည့်ပုံ။ ရောက်လာသော ဈေးသူဈေးသားများ လာနှုတ်ဆက်သမျှကို အေးချမ်းသည့် အပြုံးချိုချိုနှင့် တုံ့ပြန်သည်။ အမေက ပြောသည် သူတို့ဈေးဦးကြီးက ရာသက်ပန် သက်သတ်လွတ်စားပြီး ရဟန်းကျင့်အတိုင်း ညစာမစားဟု ဆိုသည်။ သို့ကြောင့် သူကြည့်ရသည်မှာ တရားနှင့်နေ၍လားမသိ လန်းလန်းဆန်းဆန်း ပေါ့ပေါ့ပါးပါးရှိလှသည်။

'ဦးကြီး...ဒါ...ဒေါ်မြတင်သား"

"အေး...အေး...ဟို...မြနှင်းမိုး ဆိုတဲ့ကလေးမ ကစ်ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါခင်ဗျ"

"မင်းမေမေက သူ့သား ဘုရားဖူးလိုက်မယ့်စာရင်း လာပေးထားတယ်။ အေး...ကောင်းတယ်၊ ကောင်းတယ်။ လူငယ်တွေဟာ ဘုရားဖူးရမှန်းသိတာကိုက ကောင်းတယ်။ လမ်းမှာလည်း လိုအပ်တာရှိရင်ပြော"

"ဟုတ်ကဲ့ပါခင်ဗျာ"

ကိုဖိုးထောင်က ကျွန်တော့်လက်ကို ဆွဲခေါ်သွားပြီး ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မိတ်ဆက်ပေးသည်။ ဥက္ကဋ္ဌဦးစိုးဝင်းက သူ့ဈေးသူဈေးသားများ၏အမည်ကို မှတ်မိလွယ်လောက်အောင် သတိကောင်းသူဖြစ်သည်။ မိတ်ဆက်ပေးလိုက်သည်နှင့် ချက်ချင်းတန်းသိသည်။ ပြီးတော့ ခရီးစဉ်အတွက် ကြိုးဆို၍ အားရှိစေမည့်စကားများလည်း ပြောသဖြင့် ကျွန်တော်အတွက် အင်အား ဖြစ်သွားသည်။

အလောင်းတော်ကဿပဘုရားဖူး လိုက်ပါကြမည့် ဗိုလ်ချုပ်ဈေးသစ်နှင့် ညောင်ပင်လေး ဈေးသူ ဈေးသားအချို့ ရောက်ရှိလာပြီး လူစုံသည်နှင့် ဥက္ကဋ္ဌဦးစိုးဝင်းဆိုသူက ည(၇)နာရီ ခရီးထွက်ကြမည်ဖြစ်သဖြင့် ဈေးအရှေ့တွင် အားလုံးကို စုခေါ်ကာ ဘုရားကိုအာရုံပြု၍ [illegible]စေသည်နောက် သီလများယူစေ၍ အရပ်ရှစ်မျက်နှာရှိ မြင်အပ်သော မမြင်အပ်သော ပုဂ္ဂိုလ်များကို မေတ္တာပို့သည်။ သွားလမ်းသာ၍ ပြန်လမ်းဖြောင့်အောင် စောင့်ရှောက်ပေးကြရန်လည်း မေတ္တာရပ်ခံသည်၊ အားလုံးပြီးတော့ အမှာစကားတစ်ခုပြောသည်။ ယခု ဘုရားဖူးခရီးသွားကြမှာဖြစ်သလို အတူသွားအားလုံး တစ်ဦးနှင့်တစ်ဦး ညီရင်း အစ်ကိုမောင်ရင်းနှမကဲ့သို့ သဘောထားပြီး တစ်ဦးအခက်အခဲရှိလျှင် ဝိုင်းဝန်း

www.burmeseclassic.com



ကူညီ ရှိုင်းပင်ကြဖို့ မှာကြားသည်။

သို့မှ ကားပေါ်တွင် အသက်အရွယ်ကြီးသူများအား ကားအရှေ့ဘက် ခုံများတွင်ထိုင်စေ၍ ငယ်ရွယ်သူတို့အား ကားအနောက်ဘက်တွင် ထိုင်စေသည်။ သို့ကြောင့် ကျွန်တော် ကိုဖိုးထောင်၊ ကိုကျော်ကျော် ကိုစိုးမင်းဇော်တို့က ကားနောက်ဆုံးတန်းမှာ နေရာယူလိုက်ကြသည်။ ကျွန်တော်တို့ ရှေ့ခုံတွင် ကိုဝင်းနိုင်၊ ဦးမြသောင်း၊ ဦးတင်လှိုင်၊ ဦးစံထွန်း လှဆိုသူတို့ ရှိသည်။ အခြား ဈေးသူ့ဈေးသား မိန်းမများနှင့် လူကြီးများက အရှေ့ဘက်တွေမှာ၊ ဥက္ကဋ္ဌ ဦးစိုးဝင်းက ရှေ့ဆုံးခုံမှာထိုင်၍ ပုတီးစိပ်နေသည်။

ကားက ဗိုလ်ချုပ်ဈေးသစ်မှ စထွက်လာခဲ့ပြီး ညကာလကို ဖြတ်သန်းနေသည်။ ယခုမှ ကောင်းကင်ကို ဇေ ကြည့်မိသည်။ လဆန်း ညရဲ့ လကွေးကွေးက ရွှန်းပပနှင့်။

ကားက တစ်ညလုံး ဖြတ်သန်းပြေးလွှားနေသည်။ ညဦးနက်ပိုင်း ရောက်လေ ကားရှင်းလေ ကားက အရှိန်မြှင့်ပြေးလေ။

"မြရွှန်းရည်ရေ...ကိုကို အလောင်းတော်ကဿပ ဘုရားဖူးထွက် လာပြီ။ ဟိုရောက်လို့ ကိုကို ဘုရားဖူးရတဲ့ ကုသိုလ်၊ လှူဒါန်းရတဲ့ ကုသိုလ်တွေအတွက် မြရွှန်းရည်ဆီကို စာရေးရင်းနဲ့ ကိုကိုရဲ့ ကုသိုလ် ပြုမှုတွေကို အမျှပေးမယ်...မြရွှန်းရည်က သာဓုခေါ်ပေါ့"

ကျွန်တော် မြရွှန်းရည်ကို သတိတရဖြစ်မိကာ ရင်ထဲမှာ ပြော မိသည်။ ပြီးတော့ မြရွှန်းရည်မျက်နှာလေး မြင်ယောင်လာမိ ကြောင့်...

xxxချစ်သမျှကိုxxx မြင်းမိုရ်ရွှေတောင်လုံးပါပလေး



www.burmeseclassic.com

www.burmeseclassic.com



xxx လေးဆူဒီပါ xxx သီတာရေမြေခံ xxx စေတော့လေ xxx

xxxအို xxx ဘယ်မှုန်းပါတော့နိုင် xxxကပ်လုံးဆိုး တိုင်တိုင်xxx ရုံ့ညာပိုင် xxx အုံးပြုံသဉ္ဇာကြွေ့မှာလလေ xxxကြိုးမည့်နှောင်တာ xxx ရှိုးပြာမြေဝယ် xxx မြေ့စေ တော့လေ xxx

"အောင်မယ်...မယ်...ကိုအောင်မျိုးက အိပ်ပြီးအောက်မေ့တာ သီချင်းဆိုနေတာကိုး။

ကျွန်တော် ဘေးပြတင်းပေါက်ဘက် လှည့်၍ ထိုင်ခုံအနောက် မှီရင်း ချစ်သမျှကိုပတ်ပျိုးအား တိုးတိုးညင်းညင်း သီဆိုနေသည်ကို ကျွန်တော့်ဘေးတွင် ငြိမ်၍ လိုက်လာသော ကိုဖိုးထောင်က ကြားသွား ပြီး ပြောလာသဖြင့်–

"ဩော်...လလေးသာတော့ အိပ်လည်းမအိပ်ချင်သေးတာနဲ့ သီချင်း ညည်းနေတာပါ"

"ကျွန်တော်လည်း သီချင်းသံကို တိုးတိုးလေးကြားနေတယ် ဆိုတာ၊ ဟိုး...အတော်ခပ်ဝေးဝေးကလာတဲ့ အသံလားလို့...လက်စသတ် တော့ ကိုအောင်မျိုး ဆိုနေတာကိုး"

ကိုဖိုးထောင်ဘေးမှ ကိုကျော်ကျော်ကပါ ပြောလိုက်ပြန်သည်။

"ဘာလဲ...ခင်ဗျားသီချင်းက ဘယ်မမုန်းတော့နိုင် ကပ်လုံးဆုံး တိုင်တိုင်...ဟ...အတော်ကြောက်စရာပဲ"

"ဟာ...ဘာကြောက်စရာလဲဗျ၊ မမုန်းနိုင်လို့ ဆုံးတိုင်အောင် လိုက် နေတာပေါ့ ကိုဖိုးထောင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး...အဲ့ဒါကြောင့် ကြောက်စရာကောင်းတယ်ပြောတာ"

သူတို့နှစ်ယောက်က ပြောပြောရယ်ရယ် ရယ်ကြသည်မို့ ကျွန်တော်လည်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားပြီး ရယ့်ကြဲကြဲ လုပ်နေရသည်။

"ဟော့...ဖိုးထောင် မင်းက သီချင်းလည်း နားမလည်ဘဲနဲ့ သူ့ဟာသူ ဘယ်လောက်ကပ်ကပ်၊ ဘယ်လောက်ဆိုးဆိုးကွာ သူ့စိတ်ကူးနဲ့သူ ဆိုပါစေ။ ဟော့...ဘယ်သူ...အဲ...အောင်မျိုးနော်..."

"ဟုတ်ကဲ့..."

"ဆို...ဆို...ဖိုးထောင် ပေါက်ကရပြောတာနဲ့စာရင် မင်းသီချင်းဆိုနေတာက နားထောင်လို့ကောင်းတယ်။ ငါတောင် သီချင်းသံနားထောင်ရင်း အိပ်ပျော်တော့မယ် ဖြစ်နေပြီ။ ဖိုးထောင်လုပ်တာနဲ့ မျက်လုံးပြန်ကျယ်သွားတယ်...ဆို...ဆို...ဆက်ဆို"

ကိုဝင်းနိုင်ဆိုသူက အရပ်နည်းနည်းပု၍ ဝင်တိုတို၊ အသားနည်းနည်းညိုသည်။ ကိုဖိုးထောင်က သီချင်းကို ရွတ်နောက်နောက်နှင့် အစိပ္ပာယ်ကောက်၍ ပြောသည်ကို ကိုဝင်းနိုင်ဆိုသူ ထပြောလိုက်မှ သီချင်းက လုံးဝပျက်တော့သည်။ ကိုဝင်းနိုင်ပြောပုံဟန်က မရယ်မပြုံးဘဲ ရှုတည်တည်နှင့်၊ သို့ပေမယ့် စကားလုံးထဲမှာ ဟာသတွေပါနေသည်မို့ ကျွန်တော် ရယ်ချင်မိလာသည်။

"ကိုအောင်မျိုး ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ"

ကိုဖိုးထောင်က ဆိုင်းမဆင့် ဗုံမဆင့် ထပ်ခေါ်လိုက်ပြီး ကျွန်တော့် အသက် မေးလာသည်မို့...။

"သုံးဆယ့်နှစ်နှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...သုံးဆယ့်နှစ်နှစ် ရှိသေးတယ်။ ဒီလိုသီချင်းကြီးတွေ ဆိုနေရင် ဘယ်ကောင်မလေးတွေက ကြိုက်မလဲ။ အဘွားကြီးတွေပဲ ကြိုက်မှာပေါ့။ လုပ်စမ်းပါ၊ အချစ်ရေ...မင်းကြောင့်...ငါ အကြွေးတွေစပ် လို့ မကုန်တာ မင်းကြောင့်..."

"ဟာ...ဖိုးထောင် မင်းအသံပြဲကြီးနဲ့ကွာ၊ တစ်ကားလုံး အိပ်ရေး ပျက်ကုန်တော့မှာပဲ"

"ဒါတောင် ကျွန်တော် အသံကို အများကြီးထိန်းဆိုပြတာ"

"ဟာ...မင်းအသံထိန်းထားပေလို့...ဟိုကားရှေ့ခန်း ဒရိုင်ဘာနား မှာ နေရာမရှိတော့ဘူးလားကွာ..."

"ဘာလုပ်မလို့လဲ..."

"မင်းကို အဲဒီနေရာ ရွှေ့ထိုင်ခိုင်းမလို့"

"အားပေးတယ်ပေါ့"

ကိုဖိုးထောင်နှင့် ကိုဝင်းနိုင် ဆိုသူတို့နှစ်ယောက် ပြောကြပုံကို ကျွန်တော်၊ ကိုကျော်ကျော်၊ ကိုမိုးမင်းဇော်တို့ ဝါးခနဲ ထရယ်မောလိုက်သံ က တစ်ကားလုံးညံသွားသည်။ တချို့ ငိုက်မြည်းနေရာမှ ခေါင်းထောင် ကြည့်ကြသည်။ တကယ်ပင် ခင်ဖို့ကောင်း၊ ပျော်စရာကောင်းသည့် လူသိုက်တွေပင်ဟု ကျွန်တော် နားလည်လိုက်မိသည်။

သန်းခေါင်၏ တစ်ဖက်စွန်းရောက်တော့ ကားပေါ်တွင် အားလုံး ငြိမ်သက်နေကြပြီ။ ကိုဖိုးထောင်က ကားနောက်တွင် ထိုင်နေရာမှ အိပ်ငိုက်မည်စိုး၍ စကားပြောနေသည်။ ကျွန်တော်ပင် ငိုက်မြည်းချင် သာပြီဖြစ်၍ မျက်လုံးကို အသာမှိတ်ပြီး ခုံအနောက်ကိုမှီ၍ ငြိမ်နေလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲလန့်နိုးတော့ နေအတော်မြင့်နေပြီ။ ကားက နာရီစင်ကြီး တစ်စင်နားတွင် ထိုးရပ်လိုက်သည်။

"ဒါ ဘယ်မြို့လဲမသိဘူး"

"ပျော်ဘွယ်"

ကျွန်တော့်အမေးစကားကို ကိုကျော်ကျော်က ဖြေလိုက်သည်မှ လမ်းတွင် လက်ဖက်ရည်ဆင်းသောက်ရင်း ကိုကျော်ကျော်ပြောသော စကားကို ပြေးအမှတ်ရမိလိုက်သည်။

"ဟော့...လက်ဖက်ရည် မြန်မြန်သောက်၊ မြန်မြန်ကားပေါ်ပြန်တက် ပြီး ထွက်မယ်"

စားပွဲပေါ် လက်ဖက်ရည်ခွက် ရောက်ကာရှိသေး ကိုကျော်ကျော် က ပြောလိုက်သဖြင့် ကိုဖိုးထောင်က–

"မြည်းမြည်းလုပ်ပါ၊ အပူတွေလည်းလောင်ကုန်ပါဦးမယ်"

ထိုစဉ် ကိုဝင်းနိုင်က လက်ဖက်ရည်ပန်းကန်ကို ယူသောက် နေရင်းမှ–

"ကျော်ကျော်ရာ မင်းလုပ်တာ လက်ဖက်ရည်တောင် နင်ချင် လာပြီ"

"ဒီမြို့က ပျဉ်းမနားမြို့ဗျ။ ပျင်းလို့တောင် နားခွင့်ရတာမဟုတ်ဘူး နေ့ရောညရော မိန်းမတွေက ဘယ်လောက်ခိုင်းထားလဲမသိဘူး အလုပ်လုပ်နေကြရတာ..."

ထိုသို့ ကိုကျော်ကျော်ကလည်း ခပ်တည်တည်နှင့် ရယ်စရာ အပြောတတ်သေး၊ ယခုလည်း ပျော်ဘွယ်ဟုဆိုပြီး–

"လာ...ကိုအောင်မျိုး အောက်ဆင်းပြီး ဘယ်လောက်ပျော်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလဲ လျှောက်လေ့လာတာပေါ့”

ကိုကျော်ကျော်က ခေါ်သဖြင့် ကျွန်တော် P.M.G ရေသန့်ဘူးနှင့် ပင် မျက်နှာသစ်၍ ကားပေါ်မှဆင်းခဲ့သည်။

‘ဟော့...ဒီမြို့က နွားနို့ကောင်းတယ်”

“အဲဒါကြောင့် ပျော်စရာကောင်းတာ”

ကိုဖိုးထောင် နွားနို့ကောင်းကြောင်း ပြောလိုက်သောစကားကို ကိုကျော်ကျော်က ပြန်ပြောလိုက်သဖြင့် ကိုဖိုးထောင် ပါးစပ်အဟောင်း သားနှင့် အံ့အားသင့်သွားသည်။

“နွားနို့ကောင်းတော့ အားရှိတာပေါ့။ အားရှိမှ ပျော်စရာကောင်း တာ။ လာ...နွားနို့သွားသောက်မယ်”

ကိုကျော်ကျော်က ကျွန်တော်နှင့် ကိုဖိုးထောင်ကိုခေါ်၍ တစ်ဖက် ပန်းခြံထဲရှိ နွားနို့ဆိုင်ထဲ ဝင်ခဲ့ကြသည်။ ထိုဆိုင်မှာပင် ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ကားပေါ်မှ လူတွေအများကြီး...

ညက အိပ်ရေးပျက်ကြပေမယ့် လူတွေက အိပ်ရေးပျက်သည့် ပုံစံနှင့်မတူ။ လန်းဆန်းနေကြသည်။ နောက်...နေ့ခရီးကို ခရီးဆက်ကြရင်း ကျွန်တော်တို့ ကားအနောက်ပိုင်းမှာ တဝါးဝါး တဟားဟားရယ်သံကြောင့် အလယ်ခုံမှာထိုင်နေသော ညောင်ပင်လေးဈေးမှ ကိုခင်ကျော်ဆိုသူက ရယ်ကြဲကြဲနှင့် ကွက်ကြည့်ကွက်ကြည့် လုပ်နေသဖြင့် ကိုဖိုးထောင်က ကိုခင်ကျော် ပျင်းရင် ဒီကိုလာဟု ခေါ်လိုက်သဖြင့် ထလာပြီး ကျွန်တော် တို့နှင့် ပူးကပ်ထိုင်ကြသည်။

ကိုဝင်းနိုင်က မျက်နှာကြောတည်တည်နှင့် ဟာသပုံပြင်တွေပြော သည်။ သည်လိုနှင့် မိတ္ထီလာရောက်တော့ နေ့လယ်စာထမင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



'ရွှေအုန်းပင် မြန်မာထမင်းဆိုင်' ဟူသော ဆိုင်းဘုတ်ရှေ့တွင် ကားရပ်၍ ထမင်းဝင်စားကြသည်။

ထိုသို့နှင့် ကျွန်တော် ထိုသူများနှင့် ခရီးသွားရင်း တရင်းတနှီး ဖြစ်ခဲ့ကြသလို ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနှင့် မုံရွာဇက်ဆိပ် ရောက်တော့ ညနေစောင်းနေချေပြီ။ ထိုဇက်ဆိပ်မှ တစ်ဖက်ကမ်းသို့ ဖြတ်ကူးပြီး ဖိုရ်ဝင်တောင်သို့ ခရီးဆက်ကြသည်။ ဖိုရ်ဝင်တောင်ရောက်တော့ ည(၇)နာရီထိုး။ ကျွန်တော်တို့လာသော ခရီးက (၂၄)နာရီ ပြည့်ခဲ့ပြီပဲ။ ဖိုရ်ဝင်တောင်ဆရာတော် ဦးသုမနသည် ကျွန်တော်တို့ ဈေးညွှန့်မှ ဦးစိုးဝင်းနှင့် ဆရာတော်ဦးဇော်နီ(ဦးကုမာရ)၏ တစ်ဆရာတည်း တပည့်ညီအစ်ကိုတွေဖြစ်ကြကြောင်း သိရှိရသလို စားရေးသောက်ရေးက ကြိုတင်ပြင်ဆင်မှုနှင့် အဆင်သင့်။

ခရီးသွားလာမှုနည်းသော ကျွန်တော့်အဖို့ ပတ်ဝန်းကျင်ထိတွေ့ရမှုတို့က မျက်နှာစာသစ်တွေ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"ချင်းတွင်းမြစ်ရဲ့ မြောက်ဘက်ကမ်းမှာက မဟာမြိုင်တောရှိတယ်၊ ချင်းတွင်းမြစ်ရဲ့ တောင်ဘက်မှာက နံ့သာမြိုင်တောရှိတယ်။ အဲဒီနံ့သာမြိုင်တောတွေတောင်တွေထဲကဂူမှာ ပထမသင်္ဂါယနာတင် ရဟန္တာတေရသဆောင် တေဇော်တဲ့ရဲ့တဲ့ အရှင်မဟာကဿပ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ပြုရာဂူရှိတယ်။ အဲဒီကိုသွားပြီး ဖူးကြမှာဖြစ်လို့ အရှင်မဟာကဿပ မထေရ်မြတ်ကြီးကို အာရုံပြုပြီး သွားကြမယ်"

ဗိုလ်ရဝင်ဒေတာင်မှမထွက်ခင် ဥက္ကဋ္ဌဦးစိုးဝင်းက သွားရမည့်ခရီးအတွက် အာရုံပြုနိုင်အောင် ပြောပြပြီး ကားက စတင်ထွက်ခွာလာသည်။ ယင်းမာပင်လမ်းခွဲမှ လယ်ပေါက်၊ ယင်ပေါက်တိုင်၊ ကပိုင်...စသည့်ရွာများဆီသို့ ဦးတည်ပြေးသည်။ ကပိုင်ရောက်တော့ (၁၁)နာရီထိုးနေပြီမို့ ဥက္ကဋ္ဌဦးစိုးဝင်းကို နေမွန်းမလွဲမီ မနက်စာကို သုံးဆောင်စေသည်။ ကျွန်တော်တို့လည်း ယခုမှ မနက်စောစောစာ စားရသည်။

ကိုမြင့်ဟန်ဆိုသူက ဆိုင်အပြင်ထွက်သွား၍ ဘူးသီးကြော်များဝယ်လာသဖြင့် ဘုရားဖူးများ သဘောတွေ့ပြီး တစ်ပွဲပြီးတစ်ပွဲမှာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဟန်က မညည်းမညူဝယ်ပေးသည်။

"ဒီကနေ့ တောင်တက်လမ်းစပြီ"

ဥက္ကဌဦးစိုးဝင်းစကားကြောင့် ကားသည် တောင်တက်လမ်းကို စ,တက်တော့မည်ကို ကျွန်တော်သိလိုက်ရသည်။ ကားက တရွေ့ရွေ့ တက်လာသည်။ တောင်တက်လမ်းပတ်ဝန်းကျင်က သစ်တော ဝါး တောတွေ၊ လမ်းက ကားတစ်စီးစာ ကားလမ်းပေါ်တွင် သစ်ရွက်ဝါးရွက် များက ဖြန့်ခင်းထားလျက်။

ကားက တောင်တက်တောင်ဆင်း အကွေ့အပတ်များအတိုင်း ပြေးလွှားနေစဉ် ကျွန်တော် သည်တော သည့်တောင်ပေါ်လမ်းကို သိနေသလို မြင်ဖူးသလိုလိုဖြစ်လာသည်။ ဟုတ်သည်။ သဖန်းပင် ထီးထီးမားမား မြင့်မြင့်ကြီး ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ပျဉ်းမ... ပင်ကြီးများ။

ဟုတ်သည်။ မှတ်မိပြီ။ ကျွန်တော် နေမကောင်းဖြစ်စဉ် ဝိညာဉ် လွင့်မျောချိန်က ကျွန်တော်ရောက်ခဲ့သည့်နေရာ။ သည်တော့လည်း ပ ဆိုသော မိန်းကလေးနှင့် ဦးဒီပ၊ ဒေါ်သူဇာ၊ ရုပ်ဆိုးဆိုးလူထွားကြီး... သူတို့...သူတို့...တွေကို သတိရမိလာသည်။

ကားက တောင်ခြေကြောကို ကွေ့တက်သည်။ သည်တောင်ခြေကြောကွေ့ မှာ ကျွန်တော် ပနှင့် စ,တွေ့သည့် ပျဉ်းမပင်မြစ်ဆုံကြီးကြီးနှ နိုင်နိုင်မာမာ ပျဉ်းမပင်ကြီး။ သည်နေရာမျိုးကို ကျွန်တော့်ဝိညာဉ် လွင့်မျောပြီး ဘယ်လိုရောက်လာပါလိမ့်။ ကြိုကြိုဖန်ဖန် ရောက်ရှိလာခဲ့သ ယခု တိုက်တိုက်ဆိုင်ဆိုင် သည် ခရီးကိုပါလာခဲ့သည့်အဖြစ် ... ထူးဆန်းသလိုဖြစ်မိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တောသည့်တောင်ထဲမှာ ပပတို့၊ ဦးဒီပတို့၊ ဒေါ်သုဇာတို့ ရှိနေသည်လား။ နောက် ကျွန်တော် အိပ်မက်တွင်မြင်ဖူးခဲ့သော ပပဆိုသောမိန်းကလေးကို ပြန်မြင်ယောင်မိလာသည်။ တကယ်ရှိကြသူတွေလား။

ဖိုရ်ဝင်တောင်မှ ဆရာတော်ဦးသုမန ငှားပေးလိုက်သော ကားသမားက သူကျွမ်းကျင်သော တောင်တက် တောင်ဆင်းလမ်းများကို လှလှပပ ကွေ့ပတ်မောင်းနေသည်။ တောင်အကွေ့အပတ်လမ်းများကို ကားက မောင်းဆင်းလာခဲ့ရာမှ တောင်ခြေရောက်သဖြင့် ကားကို ခဏရပ်ပေးသည်။ အပေါ့အပါးအတွက် အားလုံးဆင်းကြသည်၊ ခြေညောင်းလက်ဆန့်များပြုကြသည်။

ကျွန်တော် ကားပေါ်မှဆင်းပြီးကြည့်လိုက်တော့ တောင်ကြောနှစ်ခုကြားမှ သဲချောင်းလေး ရေစပ်စပ်နှင့်တွေ့ရသလို၊ သဲချောင်းထဲမှာ ကျောက်တုံး၊ ကျောက်ခဲကြီးများ၊ အတော်ခပ်လှမ်းလှမ်း၌ ကျောက်တုံးကြီးများပေါ်တွင် တင်နေသလိုရှိသော ကျောက်ပြားစားပွဲခုံကြီး။

ဟုတ်သည်။ သည်ကျောက်စားပွဲကြီးကို ကျွန်တော်မှတ်မိသွားသည်၊ သည်သဲချောင်းနှင့် သည်ကျောက်စားပွဲ...ကျွန်တော့်ကို ပပခေါ်လာသည့်နေရာ၊ ထိုကျောက်ပြားစားပွဲဘေးတွင် ဂူကြီးရှိသည်။

ကျွန်တော်မှတ်မိစိတ်နှင့်အတူ သဲချောင်းအတိုင်း ခပ်သွက်သွက်လျှောက်သွားမိသည်။ ကျောက်တုံးသုံးတုံးပေါ် တင်နေသော ကျောက်ပြားကြီး၏ ပုံသဏ္ဌာန်က ကျောက်စားပွဲကြီးနှင့် တူဘိတော့။ ကျွန်တော် ကျောက်စားပွဲကြီးနေရာမှ စိတ်ထဲမှာမှတ်မိနေသော ဂူရှိရာကို ကြည့်လိုက်သည်။ ရေညှိအလိမ်းလိမ်းနှင့် ဂူကြီးက အရုပ်ဆိုးစွာဖြင့်...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဂူဝသို့ အနီးတိုးကပ်လျက် ရပ်ကြည့်နေစဉ်–

"ဟာ..."

ရုတ်တရက် အညိုဝတ်စုံနှင့် အရပ်မြင့်မြင့်လူတစ်ယောက် ဂူထဲမှ ထွက်လာသဖြင့် မမျှော်လင့်ဘဲတွေ့ရမှုအား ကျွန်တော် လန့်သွားသည်။ ထိုအညိုဝတ်ပုဂ္ဂိုလ်က ကျွန်တော့်ကို အေးဆေးစွာကြည့်သည်။ သူ့ ဇရာသွေးဝင်နေသော မျက်နှာပေါ်မှ အရေးအကြောင်းတွေက အသက်အတော်ကြီးဟန်ကို ပြနေသည်။

"ဂူကိုလာကြည့်တာလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ မြင်ရတာ ဆန်းသလိုလိုမို့ လှေ့လာတာပါ"

"ဒီဂူဟာ ဆန်းတယ်ကွဲ့၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာလောက် ကတော့ ဒီဂူမှာ ကုန်းဘောင်ခေတ်က စစ်ဗိုလ်လေးတို့ ဇနီးမောင်နှံနဲ့ အထိန်းတော်တွေနေကြတယ်ကွဲ့..."

"ဒီမှာ အရင် လူနေဖူးတယ်"

"ဒီနေရာက အပြင်အပနဲ့မတူဘူး၊ လုံခြုံစိတ်ချရတယ်လေ။ အဲဒါကြောင့် စစ်ဗိုလ်လေးမောင်မောင်သိန်းဟာ နန်းတွင်းရှုပ်ထွေးမှုတွေ ကြောင့်' သူ့အင်မတန်ချစ်တဲ့ ကြင်ရာတော် နန်းပပဆွေနဲ့ အထိမ်း တော်တွေကို ဒီလျှို့ဝှက်တဲ့နေရာမှာ ခေါ်လာပြီး အန္တရာယ်ကင်းအောင် ဝှက်ထားတာပေါ့"

"စစ်ဗိုလ်လေး မောင်မောင်သိန်း၊ သူ့ကြင်ရာ နန်းပပဆွေ"

ကျွန်တော်က အညိုဝတ်စုံနှင့်ပုဂ္ဂိုလ်ကြီးပြောပြသော နာမည်တို့ ကို အံ့အားတသင့် နှုတ်မှရွတ်ဆိုမိသည်။

"ဟုတ်တယ်...ဟိုးလွန်ခဲ့တဲ့ အနှစ်တစ်ရာလောက်က ဒီအထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ စစ်ဗိုလ်လေးမောင်မောင်သိန်းနဲ့ နန်းပပဆွေတို့ရဲ့ ပုံတူပန်းချီကား ကြီးတွေရှိတယ်။ ပြီးတော့ မောင်မောင်သိန်းတီးခတ်လေ့ရှိတဲ့ စောင်း ကောက်ကြီးလည်း ရှိတယ်။ အခုတော့ ရာသီဥတုဒဏ်၊ လျှော့ဒဏ်တို့ ကြောင့် ပျက်စီးကုန်ပါပြီ။ သတိရတာရှားပေပဲကိုး"

"ဒီအကြောင်းတွေကို ရသေ့ကြီးက ဒီလောက်နှစ်ကြာနေတာ ဘယ်လိုလုပ်သိတာလဲ"

"သိတာပေါ့ကွယ်၊ ကျုပ်က ဦးဒီပရဲ့ မြေးပဲ၊ နန်းပပဆွေဆိုတာ စစ်ထွက်သွားတဲ့ မောင်မောင်သိန်းကို ပြန်လာနိုးပြန်လာနိုး စောင့်မျှော် ရင်း ဒီဂူထဲမှာပဲ သေသွားရသလို၊ ကျုပ်အဘိုး ဦးဒီပနဲ့ ဒေါ်သူဇာတို့ လည်း ဒီတောင်မှာ အလောင်းတော်ကဿပမထေရ်မြတ်ကြီးရှိတယ် လေ။ ဒါကြောင့် ဒီမှာပဲ တရားဘာဝနာအားထုတ်ရင်း မောင်မောင်သိန်း ပြန်အလာ စောင့်မျှော်ပြီး ကွယ်လွန်ခဲ့ကြရရှာတယ်။ ဦးဒီပ၊ ဒေါ်သူဇာ တို့ရဲ့သား ကျုပ်အဖေ ဦးဖိုးမောင်က ဒီအလောင်းတော်ကဿပကို ဘုရားဖူးလာကြတဲ့ ဂန့်ဂေါသူတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ ကျုပ်အမေ ကွယ်လွန်သွားတော့ အဖေက ကျုပ်ကိုခေါ်ပြီး အဘိုးအဘွား တွေရှိတဲ့ ဒီဂူကိုပြန်လာတယ်။ ဒီမှာနေတယ်။ အဘိုးအဘွားတို့နဲ့အတူ တရားအားထုတ်တယ်။ အဲဒီလိုနဲ့ သူတို့လည်း ဆုံးပါးသွားကြတာ အနှစ်တစ်ရာလောက်ရှိရော့မယ်။ ကျုပ်အဖေက ပြောပြခဲ့တော့ ကျုပ်က ဒီအကြောင်းတွေ သိနေတာပေါ့"

"ဟော့...ကိုအောင်မျိုး ခင်ဗျားပျောက်လို့ ရှာလိုက်ရတာ၊ ခင်ဗျား က ဒီမှာ စကားလာကောင်းနေတာပဲ။ လာ...ဟိုမှာ ကားထွက်ဖို့ စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရသေ့ကြီးကို လက်အုပ်ချီလိုက်ရင်းမှ နှုတ်ဆက်လိုက်သည်။

"သွားခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်။ အခု အလောင်းတော်ကဿပ မထေရ်မြတ်ကြီး လာဖူးတာမို့လား။ အင်မတန် ဖူးသင့်ဖူးအပ်ပါပေတယ်ကွယ်"

ကျွန်တော် ထိုရသေ့ကြီးအား နှုတ်ဆက်၍ ကိုဖိုးထောင်ခေါ်ရာသို့ ပြန်လိုက်ခဲ့သည်။ ကားရောက်တော့–

"ဒီပုဂ္ဂိုလ်က ဟိုမှာ ရသေ့တစ်ပါးနဲ့ စကားသွားကောင်းနေတယ်"

"ဒီမှာ ရသေ့ရှိလား"

ကိုဖိုးထောင်၏ပြောစကားကို ကိုကျော်ကျော်က အံ့ဩသလို မေးလိုက်သဖြင့်–

"ဒီလို...တောရိပ် တောင်ရိပ် အေးချမ်းရာနေရာဆိုတာ ရသေ့၊ ရဟန်းတွေအတွက် တရားကျင့်ကောင်းတဲ့ နေရာမျိုးတွေပဲရှိတာပေါ့"

ဥက္ကဋ္ဌဦးစိုးဝင်းက နေရာဒေသအခြေအနေနှင့် တရားကျင့်ကြံကြသည့် ပုဂ္ဂိုလ်များအကြောင်း သိရှိထားခြင်းမှ ပြောပြလိုက်သည်။ ကားက သဲချောင်းကိုဖြတ်ကျော်၍ နောက်တစ်တောင်ကို အားမာန်အပြည့်နှင့် တက်နေပြန်သည်။

တောင်ကြောကရှည်လျားသည်။ အကွေ့အကောက် အတက်အဆင်းများသည်။ တောကလည်း ဘေးမဲ့တောဖြစ်လေတော့ သစ်ကြီးဝါးကြီးတို့ ထူထပ်များပြားလှသည်။ ဖိုရ်ဝင်တောင်မှ တောင်တက်ခြင်းအတွက် ငှားလာသောကားက ထိုင်ခုံမရှိ ဂုံနီကောဇောခင်း၍ပေါင်းထိုင်နေကြရသည်ဖြစ်ရာ တောင်ကြောအဆင်းဆိုလျှင် လူတွေကားအရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဘက် စုပြုံ၍ ကပ်သွားကြသလို တောင်ကြောအတက်ဆိုလျှင် လူတွေ ကားနောက်ပိုင်းသို့ လျှောကျစုကပ်လာကြပြန်သည်။ ဤသည်ကို သဘောကျ ရယ်မောမဆုံး...။

ကားက တောင်ကြောကိုကွေ့ဆင်းသွားသဖြင့် ကားအရှေ့ဘက်တွင် ထိုင်နေကြသော အမျိုးသမီးများရှိရာသို့ လျှောကျ၍သွားစဉ် ကျွန်တော် တို့အရှေ့မှာထိုင်နေသော ဦးမြအောင်က သူနှင့်အနီးဆုံး ဒေါ်မြသီထံ ကုန်းဆင်းအရှိန်နှင့် ရောက်သွားသဖြင့်–

"အ...မ...လေး...ဦးမြအောင်ကလည်း"

အပျိုကြီးဒေါ်မြသီက သူ့ကိုဝင်တိုက်မိခြင်းကို လန့်ပြီး အော်ရင်း ပြောလိုက်သဖြင့် ကိုဝင်းနိုင်ဆိုသူက အသံကျယ်ကျယ်နှင့် လှမ်းပြော လိုက်သည်။

"ဟော့...ဦးမြအောင်...ခင်ဗျား အပျိုကြီးဒေါ်မြသီနားပဲ သွားကပ် နေတာပဲ"

'အေးပေါ့...အစကတည်းက သူက အပျိုကြီးနားကပ်ချင်နေတာ၊ ကားကုန်းဆင်းတော့ ရေသောပြီး အပျိုကြီးနားရောက်အောင်လျှော ချတာပေါ့"

"ဟား...ဟား...ဟား...ဟား..."

ဦးတင်လှိုင်ကပါ ထပ်ဆင့်ဝင်ပြောလိုက်သံဖြင့် ဝိုင်းရယ်ကြသည်။ ဦးမြအောင်က သွားများပေါ်အောင်ရယ်ရင်း...

"မဟုတ်ပါဘူးကွာ၊ ကုန်းအဆင်းမှာ လူက ထိန်းလို့မရကြတာ။ အနောက်လူတွေက ငါ့ကိုဝင်တိုက်တော့ ငါက အရှေ့ရောက်သွားတာပါ။ စောစောက ကားကုန်းအတက်မှာ သူက ငါ့အနားချည်း လာလာ



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေတာ"

"ဟုတ်လားဒေါ်မြသီ...ခင်ဗျားက သွားကပ်တော့ အသံမကြား ရဘူး"

"အံ့...မယ်...သူ့ကို သက်သက်ကပ်တာကျနေတာပဲ... ကုန်း အတက်မှာ လူက ထိန်းမရလို့..."

အပျိုကြီးဒေါ်သီက မျက်စလေးချီ၍ ပြောလိုက်ပေမယ့် တစ်ဦး နှင့်တစ်ဦး နောက်နောက်ပြောင်ပြောင် စိတ်မဆိုးတတ်ကြသည့် အပျော် အပြုံးလေးများက ကိုယ်စီ ကိုယ်စီမှာ ရှိနေသည်။

"ကဲ...ကိုယ့်အောက်ကဟာ ကိုယ် သေချာကိုင်ထား"

"ဟာ...ဒေါ်မြသီ...ဘယ်နှယ့်...ကိုယ့်အောက်ကဟာ ကိုင်ထား ရမှာလဲ"

ဒေါ်မြသီပြောသောစကားကို ကိုဝင်းနိုင်က ပြောလိုက်ပြန်သဖြင့် ဝိုင်းရယ်ကြပြန်သည်မှ–

"မဟုတ်ဘူး...မဟုတ်ဘူး...ကိုယ့်အောက်က ဂုန်နီကော်ဇောကို ကိုင်ထားဖို့ပြောတာ"

"အဲဒီလိုလုပ်ပါဗျာ...လူတွေ အလန့်တကြားဖြစ်အောင်မလုပ်ပါနဲ့"

ကိုဝင်းနိုင်က တည်တည်နှင့် ရယ်ရသည်။ ကားက ပြေးလွှားလို့ ကောင်းသလို ကားပေါ်မှာလည်း ရယ်မောပျော်ရွှင်လို့ တကယ့်ညီရင်း အစ်ကို မောင်နှမတွေနှယ်။ သို့ကြောင့် အမေက ပြောတာပဲ။သား...မ မင်း သူတို့နဲ့ ခရီးသွားရင် ပျော်သွားမှာပါတဲ့။ တကယ်ပျော်စရာကောင်း ပြီး ခင်မင်စရာကောင်းသည့်သူများပင်။ ကားက တောင်ကြောအရှည် ကြီးကို အတက်အဆင်းများနှင့် ပြေးရင်းမှ တောင်အောက်သို့ဆင်းကာ



www.burmeseclassic.com

www.burmeseclassic.com



သဲချောင်းဖြတ်ပြန်သည်။ တောင်ကြောဘေးနစ်ဖက်နှင့် သဲချောင်းတို့က ဆင်တူရိုးမှားတွေ။ သဲချောင်းထဲမှ ကျောက်တုံး ကျောက်ဆောင်များ ကလည်း အရင့်အရင်မြင်ခဲ့ရသော သဲချောင်းများထဲမှ ပုံစံတွေနှင့် ခပ်ဆင်ဆင်၊ ကားက တောင်ကြောကို တက်သွားရင်း အတော်မြင့်မြင့်ကို တက်မိတော့ မြေပြန့်တစ်ခုတွင် ရပ်လိုက်သည်။

"ကဲ...ဆင်စခန်းရောက်ပြီ။ ဒီကနေ စပြီး ဆင်စီးပြီး ထပ်တက်ကြမယ်"

အလောင်းတော်ကဿပစရီးသွားကားလမ်းက ဆုံးခဲ့ပေပြီ၊ ဆင်းစီးပြီး ထပ်တက်ဦးမည်ဆိုသဖြင့် ဖိုရ်ရင်တောင်ဆရာတော်ဦးသုမန ကြိုတင် စီစဉ်ထားသော ဆင်များက အဆင်သင့်၊ သို့မှ ကျွန်တော်တို့ ဆင်စီး၍ ခရီးစခဲ့ကြပြန်သည်။

ဆင်ကြီးများက ဂလှုပ်လှုပ်နှင့် တောင်ပေါ်လမ်းကို ဆင်းလိုက် တက်လိုက်နှင့် သဲချောင်းရောက်သွားသည်၊ သဲချောင်းကိုဖြတ်၍ တောင် ပေါ်ကွေ့ပတ်၍ ပြန်တက်ပြန်သည်၊ ကျွန်တော် ဦးဆင်အောင်၊ ဦးမြအောင်၊ ဦးစံထွန်းလှ၊ ကျွန်တော်တို့လေးယောက်ကတစ်စီး။ ဆင်စီးခ တစ်ယောက် ငါးရာစီ ပေးကြရသည်။ ဆင်ကြီးက လှုပ်လီလှုပ်လဲ့။ ဆင်ပေါ်မှာ လူ ထိုင်ဖို့ ဆင်ထားသော ပုခက်က ဘယ်ညာယိမ်းလျက်။ အသည်းယား ဖွယ်တော့ အကောင်းသား။ ဆင်ဦးစီးက လူငယ်လေး။ သူက ဆင်ကုပ် ပေါ်တွင် ခပ်ကျုံ့ကျုံ့ပုံစံ ထိုင်လျက်နှင့် သူ့ဒူးနှစ်ဖက်က ဆင်နားရွက် အနောက်ကို ဒူးနှင့် ထိုး၍ ထိုး၍ လိုချင်သောခရီးကို စေနေသည်။ အကောင်ကြီးလှသော ဆင်ကြီးက ထိုလူငယ်လေးစေရာကို လိုက် မတ်မတ်။



www.burmeseclassic.com

www.burmeseclassic.com



အင်း...အကောင်ဘယ်လောက်ကြီးကြီး နိုင်ရာနိုင်ရာ သော့ချက်ကို ကိုင်ထားစေနိုင်းနိုင်လျှင် ရတာပါပဲလားဟု အတွေးဖြစ်မိသည်။

"ဟော့...အောင်မျိုး...တို့နဲ့ ဘုရားဖူးလိုက်ရတာ ပျော်ရဲ့လား"

"ဟုတ်ကဲ့...ပျော်ပါတယ်ဦးခင်အောင်"

"တို့ ဗိုလ်ချုပ်ဈေးသစ်အဖွဲ့က အလှူအတန်းဆိုလည်း လက်မရှိကြဘူး၊ ဘုရားဖူးသွားကြလျှကြ၊ အဲဒီလို ပျော်ပျော်ပါးပါးသွားကြတာပဲ"

ဦးခင်အောင်ဆိုသူက သူတို့ဗိုလ်ချုပ်ဈေးသစ်မှ ဈေးသူဈေးသားများ၏ အလှူဒါနနှင့် ပျော်ရွှင်နေကြပုံကို ပြောပြသည်။ ဆင်ကြီးက တောင်ကြော အတက်အဆင်းတို့ကို ကွေ့ပတ်သွားရင်းမှ တောင်ခြေသို့ ဆင်းသွားပြန်သည်။ နောက်...တရွေ့ရွေ့ တလှုပ်လှုပ်နှင့် ဆင်ကြီးက ခြေလှမ်း မှန်မှန်တက်နေရာမှ သဲချောင်းတံတား သးကို ဖြတ်လိုက်တော့ "အလောင်းတော်ကဿပ"ဆိုသော စာတန်းကြီးကို မြင်လိုက်ရသဖြင့် ကျွန်တော်တို့လာကြသော အလောင်းတော်ကဿပရောက်ပြီဟု သိလိုက်ရသည်။

ဆင်ကြီးက အလောင်းတော်ကဿပ စာတန်းကို ဖြတ်ကျော်၍ ဘယ်ဘက် ချိုးကွေ့တက်သွားရာမှ မြေပြန့်တစ်ခုတွင် ဆင်ရပ်သည့် သစ်သားစင်ရှိရာသွား၍ ဦးတိုက်ပေးသဖြင့် ဆင်ပေါ်မှ သစ်သားစင်ပေါ်ကူး၍ အောက်ဆင်းကြသည်။ ပြီးတော့ ကိုယ့်ပစ္စည်းကိုယ်သယ်၍ တည်းခိုရာ ကျောင်းဆောင်များပေါ်တက်ကာ နေရာချကြသည်။

အလောင်းတော်ကဿပဘုရားပွဲ နီးသဖြင့် တည်းခိုရာ ကျောင်းဆောင်သစ်များက တိုးချဲ့ဆောက်လုပ်ဆဲနှင့် ဈေးဆိုင်တန်းများပါတွေ့ရသဖြင့် ဘုရားပွဲဆိုလျှင် သည်မျှခက်ခဲသောခရီးကို လာရောက်ဖူးမြော်



www.burmeseclassic.com

www.burmeseclassic.com



ကြသူများအား စိတ်ထဲမှာချီးမွမ်းမိခဲ့သည်။ ယခု ကျွန်တော်တို့ ကားနှင့်လာ၍သာ။ ကုန်းကြောင်းများလာရမည်ဆိုလျှင် မည်မျှပင်ပန်းကြမည်နည်း။

ကျွန်တော်တို့ ပစ္စည်းများနေရာချပြီးသည်နှင့် အလောင်းတော်ကဿပ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ဂူဆီသို့ သွားရောက်ဖူးမြော်ကြရန် ခေါ်သဖြင့် ကျောင်းဆောင်ပေါ်မှဆင်း၍ တပျော်တပါးထွက်လာကြပြန်သည်။ ဂူကြီးရှိရာ တောင်ပေါ်မှ တောင်အောက်သို့ ကျောက်လှေကားထစ်များ ပြုလုပ်ထားသဖြင့် ဆင်းရသည်မှာ အဆင်ပြေသည်။ ဂူရှိရာတောင်ခြေရောက်တော့ သဲချောင်းရေစပ်စပ်က ကြည်လင်အေးစိမ့်လျက်။

ဂူဝသို့ဝင်တော့ အချမ်းဓာတ်က ပိုကဲလာသည်။ အောက်ခံသဲချောင်းမှ စီးဝင်နေသောရေများက ဂူဝဆီသို့၊ ကျောက်ဂူဝကြီးအား ကျောက်တံခါးကြီးနှင့် ပိတ်ထားသော်လည်း ကျောက်တံခါးတွင် အရေးအကြောင်းဖြစ်၍ ထင်ရှားစွာပေါ်လွင်နေသော ဗုဒ္ဓဘုရားရှင် ရုပ်ပွားတော်ကြီးကိုမြင်ရသဖြင့် ထိုနေရာတွင် ရွှေပြားများကပ်လှူကြသည်။ ကျွန်တော်လည်း အများနည်းတူ ရွှေပြားများကပ်လှူ၍ အရှင်မဟာကဿပမထေရ်မြတ်ကြီးအား စိတ်မှရည်စူးလျက် ဦးခိုက် ရှိခိုးသည်။

"အရှင်မြတ်ဘုရား...အရှင်မြတ်ရှိရာသို့ တပည့်တော်သည် ခရီးအဝေးကြီးမှ လာရောက်ဖူးမြော်ခြင်းဖြစ်ပါသည်။ တပည့်တော်သည် ဘဝတစ်ခုတွင် စစ်ဗိုလ်လေး မောင်မောင်သိန်း ဖြစ်ခဲ့ဖူးပါလျှင် တပည့်တော် အရှင်ဘုရားအာ လှူဒါန်းပူဇော်မှုများအား ကုသိုလ်ဖြစ်အပြည့်အဝ ရ, ရပါလို၏ဘုရား...တပည့်တော်ရရှိသော ကုသိုလ်အား



www.burmeseclassic.com

www.burmeseclassic.com



လည်း တပည့်တော်နှင့် အကြောင်းဆက်ရှိခဲ့ဖူးပါမှ နန်းပယသွေ၊ ဦးဒီပ၊ ဒေါ်သူဇာနှင့် အရုပ်ဆိုးဆိုးလူထွားကြီးတို့ မကျွတ်မလွတ်သေးသည် ရှိသော် တပည့်တော် လှူဒါန်းပူဇော်ရသော ကုသိုလ်စေတနာများ အား အမျှပေးဝေခြင်းဖြင့် ကျွတ်လွတ်နိုင်ကြပါစေဘုရား…''

ကျွန်တော် ဂူအတွင်းမှာရှိသော ပရိနိဗ္ဗာန်ပြု ရှင်မဟာကဿပ မထေရ်မြတ်ကြီးအား စိတ်ညွတ်ပူဇော်ရင်း ရင်ထဲမှာ အဓိဋ္ဌာန်ပြုဆု တောင်းမိသည်။ ထိုသို့ဆုတောင်းမိခြင်းကလည်း–

''ပစ္စည်းစွဲ၊ ဥစ္စာစွဲ၊ ရာထူးစွဲ၊ လင်စွဲ,မယားစွဲ…မျိုးတွေပေါ့ သားရယ်…တချို့ဆိုရင် ဘဝတစ်ခုမှာ တစ်ဦးတစ်ယောက်ကို စွဲလမ်းစိတ် နဲ့ စောင့်မျှော်ရင်း ဝိညာဉ်ဘဝနဲ့ မကျွတ်လွတ်နိုင်တာမျိုးတွေတောင် ရှိတယ်။ အဲဒါ အစွဲအလမ်းခံရသူကသိလို့ ကောင်းမှုကုသိုလ်ပြုပြီး သူ့ကို ကျွတ်ရာကျွတ်ကြောင်းအတွက် အမျှအတန်းပေးဝေတာ သူသိသွားရင်တော့ အဲဒီ ဘုံဘဝက ကျွတ်တာပေါ့''

အမေ ကျွန်တော့်ကိုပြောပြခဲ့သည့် သည်စကားက စောစောက တောင်ခြေဂူမှာတွေ့သော ရသေ့ကြီးပြောပြသည့် နန်းပယသွေ၊ ဦးဒီပ၊ ဒေါ်သူဇာတို့အကြောင်း ကြားခဲ့ရခြင်းကြောင့် အမေ့စကားများကို ပြန် လည်ကြားယောင်ပြီး ထိုသို့ ဆုတောင်းမိခြင်းဖြစ်သည်။

ပယဆိုသော နန်းပယသွေပြောသည့် ကျွန်တော့်အား မောင်မောင် သိမ်ဆိုသော အစွဲအလမ်း။ ကျွန်တော်သည် မောင်မောင်သိမ်ဖြစ်ခြင်း မဖြစ်ခြင်းထက် အစွဲအလမ်းစိတ်နှင့် မကျွတ်လွတ်နိုင်ရှာသေးသော ပယတို့လူစု ကျွတ်လွတ်သွားနိုင်ဖို့ပင် အဓိကထား၍ ဆုတောင်းမိခြင်း ဖြစ်သည်။ ထို့နောက် ကျွန်တော် ဂူဝမှပြန်ထွက်ပြီး သဲချောင်းအစပ်သို့



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရင်း–

"ဒီတောဒီတောင်မှာရှိတဲ့ ပပဆိုသော နန်းပပဆွေနှင့် ဦးဒီပ၊ ဒေါ်သုဇာတို့နှင့်တကွ ကျွန်တော်နှင့် ပဋ္ဌာန်းဆက်ရှိသော မကျွတ်မလွတ်သေးသူများ တောပိုင်တောင်ပိုင်များ…အခြားခြား မကျွတ်မလွတ်သေးသော ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပယ်လေးဘုံသားများအတွက် ဒီနေ့ ကျွန်တော်ပြုသော ကုသိုလ်ဒါနများအတွက် အမျှအတန်း ပေးဝေပါတယ်။ သာဓုခေါ်၍ အမြန်ဆုံးကျွတ်လွတ်ကြပါစေ။ အားလုံး…အမျှ…အမျှ…အမျှ…အားလုံးရကြပါစေ…"

ကျွန်တော် အမျှအတန်းပေးဝေပြီးချိန်တွင် ဘုရားဖူးများလည်း လျှုဒါန်းပူဇော်ပြီးကြပြီမို့ ပြန်ထွက်လာကြသဖြင့် ကျွန်တော်ရှေ့ဆုံးမှ တောင်ပေါ်တက်လာသည်။ အားလုံး တောင်ပေါ်ရောက်တော့ ရှင်မဟာကဿကပမထေရ်မြတ်၏ ရုပ်ပွားတော် ပရိနိဗ္ဗာန်ပြုပုံကို ဝင်ရောက်ဖူးမြော်ကြရင်း ရွှေဆိုင်းများဝယ် ရွှေချကြသဖြင့် ကျွန်တော်လည်း ဦးခေါင်းတော်၊ ရင်ဘတ်တော်၊ ဒူးတော်တို့အား ရွှေပြားကပ် လှူဒါန်းမိပြန်သည်။ အားလုံးပြီးကြသည်နှင့် နေ့လယ်စာအတွက် ကျွန်တော်တို့ တည်းခိုရာကျောင်းဆောင်သို့ ပြန်လာကြသည်။

ရေချိုးပြီးမှ ထမင်းစားလျှင် ကောင်းမည်ဟူသော အတွေးဖြစ်မိသဖြင့် ရေချိုးရန် ကျွန်တော်ဆင်းခဲ့သည်။ မေတ္တာကန်ဟု ရေးထားသောရေက ထိမိသည်နှင့် ရေခဲရေချိုးရသလို အေးစိမ့်စိမ့်ရှိလှသဖြင့် မြန်မြန်ချိုး၍ ပြန်တက်ခဲ့ပြီး နွေးနွေးထွေးထွေး ပြန်ဝတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

တပို့တွဲ နှောင်းပိုင်း၏ အလောင်းတော်ကဿပတောင်သည် ဆောင်းသတ္တိထူးတို့ အစွမ်းပြလျက် အအေးဓာတ် ပိုပိုသာသာစိမ့်အေးနေသည်။ လူတစ်ယောက်ကို တောင်ပေါ်ကျောင်း ဦးပဉ္စင်းများက စောင်နှစ်ထည်စီ ပေးထားသော်လည်း အအေးဓာတ်တို့က ရယ်မောပျော်ရွှင်စွာ လှောင်ပြောင်ကြလျက်။ သို့အတွက် နေ့ရောညပါ မီးရှို့ထားသဖြင့် ရဲရဲနီနေသော သစ်တုံးကြီးအနီးသို့သွား၍ အအေးဓာတ်ကို ကာကွယ်မှုပြုရသည်။

"တောင်ပေါ်မှာ ရေမသောက်ပါနဲ့ ရေနွေးသောက်ပါ၊ ရေသောက်ချင်ရင် ပါလာတဲ့ရေသန့်ဘူးထဲက ရေကိုသောက်ပါ။ ကိုစန်းနိုင် လှူလိုက်တဲ့ ရေသန့်ဘူးတွေ အလုံအလောက်ပါ,ပါတယ်"

ဥက္ကဋ္ဌဦးစိုးဝင်းပြောသောစကား ပြန်ကြားယောင်မိသလို၊ 'အေးပါသည်ဆိုမှ ရေက ဝေတ်သဖြင့် ရေသန့်ဘူးကို တည်းခိုရာကျောင်းသို့ ပြေးလွှားယူ၍ သောက်ရသည်။ သည်တောရိပ်တောင်ရိပ်မှာ ငှက်များပေါမည်။ ဘုရားဖူးလာသူများ ငှက်ဖျားအန္တရာယ် မဖြစ်မှုရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



P.M.G ရေသန့်ဘူးတွေ လျှုလိုက်သည်ဆိုသော ကိုစန်းနိုင်ဆိုသူကို ကျေးဇူးတင်စိတ် ဖြစ်မိခဲ့သည်။

မီးလုံ့ရင်း အနွေးဓာတ်လေး အတော်ရတော့ အိပ်ရာရှိရာသို့ ပြန်တက်လာပြီး စောင်နှစ်ထည်ကို ထပ်လျက်ဆွဲယူ၍ ခေါင်းမြီးခြုံလိုက်သည်။ အားလုံးက အေးလွန်း၍ထင်ရဲ့..ငြိမ်သက်နေကြသည်။

"ပပ"

သည်နာမည်ကို သတိရလာပြန်သည်။ ပြီးတော့ အဖြစ်က ဆန်းကြယ်နေသည်။ ဝိညာဉ်လွင့်မျောစဉ်က ကျွန်တော် သည်တောသည့်တောင်ကို တကယ်ရောက်ခဲ့ပြီး ပပဆိုသောမိန်းကလေးနှင့်တွေ့သည်။ သူက ကျွန်တော့ကို မောင်မောင်သိမ်ဟု ယုံကြည်စွဲမှတ်စွာပြောသည်။ ဦးဒီပ၊ ဒေါ်သူဇာတို့ကလည်း မောင်မောင်သိမ်ဟုပင်ပြောသည်။ ကျွန်တော် မောင်မောင်သိမ်ဘဝကို မသိတော့။ သို့သော် မောင်မောင်သိမ်နှင့် ပပတို့နေထိုင်ခဲ့ကြသည့်ဂူသည် ရှိနေသလို ကျွန်တော်တွေ့ခဲ့ရသည်ဖြစ်၍ ကျွန်တော့ဘဝ၏ ဆန်းကြယ်မှုတစ်ခု ဖြစ်နေသည်အမှန်။

ပြီးတော့...ကျွန်တော် မောင်မောင်သိမ်မဟုတ်ဟု မိမိကိုယ်ကို ထင်ထားသော်လည်း မောင်မောင်သိမ် ဝါသနာပါသည့် ဂီတကို ကျွန်တော်လည်း ဝါသနာကြီးစွာ စွဲမက်မှုနှင့် သင်ယူခဲ့သည်မှာ မောင်မောင်သိမ် တီးခတ်သော စောင်းတီးပညာပင်။ ပြီးတော့ မောင်မောင်သိမ် သဘောကျသည့် "ချစ်သမျှကို" ပတ်ပျိုးကို ကျွန်တော် သဘောကျမိသည်။ ထိုအချက်များက ဆန်းကြယ်စွာ တိုက်ဆိုင်နေသည်။ သို့သော် ကျွန်တော်သည် မောင်မောင်သိမ်ဖြစ်လိမ့်မည်ဟုတော့ ယုံကြည်၍မရသေး။ လောကကြီးက တိုက်ဆိုင်မှုတွေ အများကြီးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ညဦးနက်ပိုင်းရောက်လေ အအေးဓာတ်က လွှမ်းလွှမ်းကဲကဲရှိလာလေမို့ ကျွန်တော် စောင်ခေါင်းမြီးခြုံကို မဖွင့်ဘဲနှင့် မျက်စိမှိတ်၍ အတွေးကိုရပ်ကာ ငြိမ်သက်နေလိုက်သည်။

"မောင်မောင်..."

ခေါ်သံလိုလိုကြားလိုက်သဖြင့် ကျွန်တော် ကြည့်လိုက်တော့ "ပပ" ဆိုသော မိန်းကလေး...။ ကျွန်တော့်ကို ကြေကြေကွဲကွဲကြည့်လို့...။

"မောင်မောင်...နေ့လယ်က အမှာပေးတာ ပပ သာဓုမခေါ်နိုင်လိုက်ဘူး။ ဦးဒီပနဲ့ ဒေါ်သုစာတို့ပြောမှ သိတယ်၊ မောင်မောင် ဒီကိုပြန်ရောက်လာတာ ဝမ်းသာတယ်။ ဒါပေမယ့် မောင်မောင်က ပပနဲ့နေဖို့မဟုတ်ဘူး။ အလောင်းတော်ကဿပ မထေရ်မြတ်ကြီးကို လာဖူးတာပဲ..."

သူ့အမူအရာ၊ သူ့ပြောသံတို့က သူ့ကိုမသိခြင်းအတွက် ခံစားရမှုတွေ ရင်ထဲတင်းကျပ်နေသည့်ပုံစံ။ ကြည့်ရင်း...ကြည့်ရင်း သူ့မျက်လုံးအိမ်မှ မျက်ရည်တို့ လူးလိမ့်ဆင်းလာကြသည်။ သူ့ကြေကွဲမှုကိုမြင်ရတော့ ကျွန်တော့်ရင်ထဲမှာ လှိုက်ဖိုလာသည်။ အစွဲအလမ်းလွန်စွာ ခံစားရရှာသော မိန်းကလေး၏ ဝေဒနာတို့ ကျွန်တော့်ကို ကူးဆက်စေခဲ့ပြီ...။

"ကဲ...ထကြ...ထကြတော့...အရုဏ်ဆွမ်းလေးသွားကပ်ကြရအောင်"

ဥက္ကဋ္ဌဦးစိုးဝင်း၏ အသံကြောင့် ကျွန်တော် အိပ်ရာမှ လန့်နိုး၍ နာရီကြည့်လိုက်တော့ မနက်(၅)နာရီထိုးတော့မည်။ အအေးလွန်မနက်ခင်းမှာ မျက်နှာသစ်ရည်ကိုပင် ကြောက်စိတ်ဝင်မိမည်။ မတတ်နိုင်...။မျက်နှာသစ်ကန် ရှိရာသို့ သွား၍ စိတ်တင်းကာ မျက်နှာသစ်ရသည်။

ခြံစောင်တို့ကို ခေါက်ထပ်၍ ခေါင်းအုံးပေါ်တင်လိုက်ကာ မျက်နှာသုတ်သောတဘက်ကို ခေါင်းတွင်ပတ်ခြုံ၍ ကျွန်တော်တို့လူစု ဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးဝင်းခေါ်ရာသို့ လိုက်ခဲ့ကြသည်။ အလောင်းတော်ကဿပ ရုပ်ပွား တော်ကြီးတွင် ရဟန္တာမထေရ်မြတ်ကြီးအား ရည်စူးမိဒ္ဒါန်၍ ထမင်းဆီ ဆမ်းပြီး ကပ်လှူကြသည်။ ဆီမီးတို့ဖြင့် ပူဇော်ကြသည်။ သီလယူ အမျှအတန်းပေးဝေကြရာတွင် တောပိုင်၊ တောင်ပိုင်နှင့် ဘုမ္မာစိုး ရုက္ခစိုး အာကာသစိုးမှ အစ...မြင်အပ်သော၊ မမြင်အပ်သော ပုဂ္ဂိုလ်အသီးသီး အား ပြုသမျှ ကုသိုလ်ဒါတို့အား အမျှပေးဝေကြသည်။

သည်တော့လည်း နေ့လယ်က ကျွန်တော် အမျှပေးဝေမှုကို မရ လိုက်ဘူးဟု အိမ်မက်တွင်လာပြောပြသော ပယခိုသည့် နန်းပပဆွေ ကို သတိရမိပြန်သည်။ သည်တစ်ခါတော့ ကျွန်တော်တို့လှူဒါန်းသော ကုသိုလ်ဒါန၏ အမျှအတန်းကို ရပါစေတော့ဟု ပယအတွက် ဆုတောင်း မိသည်။

ထမင်းဆီဆမ်း ရွှေလင်ပန်းနှင့်ဟု ဥက္ကဋ္ဌဦးစိုးဝင်းက အတိတ် နိမိတ်ယူ၍ ပြောဆို လှူဒါန်းပြီးနောက် ကျွန်တော်တို့ တောင်ပေါ်မှ ဆင်းကြသည်။ အဆင်းလမ်းတွင် တချို့ ဆင်စီး၍ဆင်းကြသည်။ ကျွန် တော်က ဥက္ကဋ္ဌဦးစိုးဝင်း ဦးဆောင်သောအဖွဲ့နှင့် ကုန်းကြောင်း ဆင်းကြ သည်။

ဆင်စခန်းပြန်ရောက်တော့ ရပ်ထားသော ကျွန်တော်တို့ ကားပေါ် သို့ ပြန်တက်ကြသည်။ လူစုံသည်နှင့် ကားက တောင်ပေါ်မှပြန်ဆင်း လာကြသည်။ ကျွန်တော် ဝေဘူလတောင်၊ ဇော်ဘာရတောင်၊ သုနန္ဒရ တောင်၊ ထိုဗိုလ်ဆိုင်တောင်သုံးလုံး၏အလယ်တွင် သံသရာဝဋ်ကြွေး တစ်ခုအတွက် ပြန်လည်ပေးဆပ်ကာ ပရိနိဗ္ဗာန်ပြုရှာသော ရှင်မဟာ ကဿပ ရဟန္တာမထေရ်မြတ်ကြီးအား စိတ်မှရည်စူးကာ ဖူးမြော်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆင်း တောင်တက် ပြေးလွှားနေသော ကား၏ခေါင်းဆောင်ရာသို့ ပါခဲ့သည်။ ပယဆိုသောမိန်းကလေးနှင့် မောင်မောင်သိခ်တို့ နေထိုင်ခဲ့ဖူးသည်ဆိုသော ဂူရှိရာ စမ်းချောင်းရောက်တော့ ကျွန်တော် ကားဆရာအား ခဏရပ်ပေးရန်နှင့် ဥက္ကဋ္ဌ ဦးစိုးဝင်းအားလည်း ပြုခဲ့သော ကုသိုလ်ဒါနအတွက် အမျှပေးဝေချင်ကြောင်း ပြောဆိုတောင်းပန်၍ ကားကို ရပ်နိုင်းခဲ့သည်။

ကျွန်တော် ကားပေါ်မှပြေးဆင်း၍ သဲချောင်းအတိုင်း ကျောက်စားပွဲနှင့် ဂူရှိရာသို့ပြေးသည်။ ဂူဝရောက်တော့ လာစဉ်ကတွေ့ခဲ့သော ရသေ့ကြီးကို မတွေ့။ သို့ကြောင့်...

"ပယဆိုသော နန်းပယဆွေရေ...မင်းရဲ့အစွဲအလမ်းတွေကို ဖြတ်ချပြီး ကျုပ်ရဲ့ အမျှပေးဝေမှုကို သာဓုခေါ်ပါ... ကျုပ်...အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ်ကြီးကို လှူဒါန်းခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်များအတွက် ပယကို အမျှအတန်းပေးဝေတယ်။ ပယနဲ့တကွ ဦးဒိပ၊ ဒေါ်သူဇာနှင့် ကျုပ်နှင့် ပဋ္ဌာန်းဆက်ရှိသူတွေအားလုံး အမျှ... အမျှ...အမျှရကြပါစေ။ ဒီဘဝက ကျွတ်လွတ်နိုင်ကြပါစေ..."

ကျွန်တော် စိတ်လွတ်ကိုယ်လွတ် ဂူဝတွင် အော်၍ အမျှပေးဝေလိုက်စဉ် ဝေါခနဲမြည်သံနှင့်အတူ တောင်ပံခတ်သံတို့ ဆူညံစွာ ကြားလိုက်ရသဖြင့် အံ့သြစိတ်နှင့်ကြည့်လိုက်တော့ လင်းနို့ငှက်များက အုပ်စုလိုက် ပျံထွက်လာသည်။ ပြီးတော့ စံပယ်ပန်းရနံ့သင်းသင်းကို မှတ်မှတ်ထင်ထင်ရသည်။

"အင်း...ဒါကြောင့် တစ်နေ့ မောင်မောင်သိခ်ကိုယ်တိုင် လာပြီး အမျှအတန်းပေးလိမ့်မယ်လို့ နန်းပယဆွေ ပြောတာကိုး..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနောက်မှ အသံကြောင့် ကျွန်တော် အလန့်တကြား လှည့်ကြည့်မိသည်။ ကျွန်တော်လာစဉ်က ဂူဝတွင် တွေ့ခဲ့သော ရသေ့ အိုကြီး။

"ပပက မောင်မောင်သိခ်ကိုယ်တိုင် လာအမှုပေးမယ်လို့ ပြောဖူး တယ်...ဟုတ်လား..."

"ဟုတ်တယ်ဒကာလေးရဲ့... ကျုပ်ကိုယ်တိုင် တရားကျင့်ကြံ အားထုတ်ရာက ပပဆိုတဲ့မိန်းကလေးကိုတွေ့တော့ သူ့အစွဲအလမ်းက မောင်မောင်သိခ်လေ။ အဲဒီအစွဲက မကျွတ်ဘူး။ ကျုပ်တရားပြပေမယ့် မရပါဘူး ဒကာလေးရယ်။ အင်း...အခုတော့ သူ ကျွတ်တမ်းဝင်ချိန် ရောက်ပါပြီ..."

ရသေ့ကြီးက အေးဆေးတည်ငြိမ်လွန်းစွာ ပြောပြသည်၊ သူပြောပြပုံ ကလည်း ကျွန်တော်သည် မောင်မောင်သိခ်ဟုဟော အသိနှင့် ပြောပြနေ သည်။ ဘာတဲ့..."တစ်နေ့ မောင်မောင်သိခ်ကိုယ်တိုင်လာပြီး အမှုအတန်း ပေးလိမ့်မယ်"ဆိုပဲ၊ ကျွန်တော်သည် ပပဆိုသောမိန်းကလေးဘဝအတွက် ကရုဏာစိတ်ဖြစ်မိခြင်းမှ ယခုလို ကျွတ်ချိန်တန် ကျွတ်ရန်အတွက် အမှုပေးမိတော့လည်း အမှုပေးမိခြင်းက တိုက်ဆိုင်မှု ဖြစ်လာပြန်သည်။ ကျွန်တော်သည် တကယ်မောင်မောင်သိခ်များ ဖြစ်နေရော့လား။ ကျွန် တော် အိတ်ထဲမှ ငွေသုံးထောင်ကိုထုတ်၍ ရသေ့ကြီးအား ကပ်လှူသည်။

"သည်းခံပါ ဒကာလေးရယ်...ကျုပ် ရသေ့အဖြစ် မိမိကိုယ်ကို ဝတ်ဆင်ခံယူပြီးနောက် ဝတ္ထုငွေ ဆိုတာမျိုးကို မကိုင်တော့ပါဘူး။ အာဟာရဆိုတာကိုလည်း အသက်သတ်လွတ် သစ်သီးသစ်ဥလောက်ပဲ စားပါတယ်။ ဒီတောဒီတောင်မှာ သီလကောင်းစွာနဲ့နေရင် အာဟာရ



www.burmeseclassic.com

www.burmeseclassic.com



အတွက်က မပူရပါဘူး။ ငွေဆိုတာ လူတွေရဲ့ ဒုက္ခဆင်းရဲကို ဖြစ်စေတဲ့ ပစ္စည်းတစ်မျိုးပါ ဒကာလေး...။ လူ့ဘဝမှာ ချမ်းသာအောင်နေတတ်တဲ့အကြောင်းတွေ ရှိပေမယ့် လူတွေ မနေတတ်ကြဘူး။ သီလဟာ ဘဝချမ်းသာရေးရဲ့ ပစ္စည်းဆိုတာ လူတွေမသိကြဘူး..."

ကျွန်တော့်ဘဝအတွက် ထူးခြားသည့်စကားလုံးများက အဆန်းတကြယ်အဖြစ် ကြားခဲ့ရတယ် ငွေဟာ ဒုက္ခတဲ့။ သီလာဟာ ချမ်းသာခြင်းတဲ့။ ကျွန်တော် နားမလည်နိုင်တော့သဖြင့် တည်ငြိမ်အေးဆေးမှုရှိသော ရသေ့အိုကြီးအား မတ်တတ်ရပ်နှင့်ပင်။ လက်အုပ်ချီ ရှိခိုးမိသည်တွင်–

"အပြန်လမ်း ဘေးမသီရန်မခ သာသနာပြုပုဂ္ဂိုလ်ဖြစ်ပါစေ"

ရသေ့အိုကြီးက ထိုသို့ဆုပေးလိုက်သည်။ ကားဆီရောက်တော့ ဉက္ကဋ္ဌဦးစိုးဝင်းနှင့် လေး,ငါးယောက်က ကျွန်တော့်ကို ရပ်ကြည့်နေကြသည်။ ကားနားရောက်တော့–

"ဆန္ဒပြည့်ခဲ့လား"

"ဟုတ်ကဲ့...ပြည့်ပါတယ်ဉက္ကဋ္ဌ"

"ပြုသမှုကုသိုလ်ဆိုတာ ရသင့်သူတွေရော၊ လိုချင်တမ်းတမှုရှိသူတွေအတွက်ရော ပေးဝေနိုင်တာဟာ ကုသိုလ်ပြုသူရဲ့အလုပ်ပဲ၊ အင်မတန် လုပ်သင့်တဲ့အလုပ်ပါ။ နေရာဌာနစွဲလမ်းသူတွေဟာ ဟိုး တောင်ခေါ်မှာ အမျှပေးပေမယ့် သူတို့မလာနိုင်ကြတော့ သူတို့ မသိကြဘူး။ ဒီတော့ ကုသိုလ်ကောင်းမှု အမျှအတန်းဟာ သူတို့မရကြရှာဘူး။ အခုနေရာသိလို့ ကိုယ်တိုင်လာပေးမှ ရကြရှာတာ။ ကဲ...ကဲ ...နေမညိုခင် သွားကြရအောင်...ကားပေါ်တက်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဥက္ကဌခင်ဗျာ"

ကျွန်တော့်အခြေအနေတွေကို ရိပ်မိသိတတ်သော အမေတို့ရဲ့ မိုလ်ချုပ်ဈေးသစ် ဥက္ကဌအား လေးစားစိတ်များ ရင်ထဲဝေစီးဝင်လာခဲ့သည်။ ကျွန်တော်တို့ ကားပေါ်တက်ပြီးသည်နှင့် ကားက သဲချောင်းမှ တောင်တက်ခရီးကို အားကောင်းမောင်းသန်နှင်လျက်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"အားလုံး အဆင်ပြေတယ်မို့လား"

ကျွန်တော် အိမ်ပေါ်တက်၍ ခရီးသွားအိပ်ကို ချလိုက်သည်နှင့် အမေက ဝမ်းသာအားရ ဆီးမေးသည်။

"အဆင်ပြေတယ်အမေ၊ အမေတို့ ဗိုလ်ချုပ်ဈေးသစ်က ဥက္ကဋ္ဌကလည်း သဘောကောင်း၊ ကိုဗိုးထောင်တို့ ကိုကျော်ကျော်တို့၊ ကိုဝင်းနိုင်တို့ကလည်း အရမ်းပျော်တတ်ကြတာပဲ၊ တကယ်ပျော်စရာကောင်းတဲ့ ခရီးပဲ၊ ကျွန်တော်တော့ အရမ်းပျော်သွားတယ်"

"အမေတို့ ဗိုလ်ချုပ်ဈေးသစ်က ဒီလိုပဲကွဲ့... ခရီးသွားပြီဆိုရင် အားလုံးက မောင်ရင်းနှမ ညီရင်းအစ်ကိုတွေလို တရင်းတနှီး လှူကြတန်းကြ ပျော်ကြရွှင်ကြ..."

"ဟုတ်ပါတယ်အမေရယ်...မလှူခင်ကလည်း ပျော်လို့၊ လှူပြီးပြန်တော့လည်း ပျော်လို့၊ အတော်အားကျစရာကောင်းတာပဲ..."

ကျွန်တော်က အမေ့ကိုပြောဆိုပြီး အိပ်ခန်းရှိရာ အတွင်းဆောင်သို့ ဝင်လာသည်။ နောက် ပူပူနွေးနွေး ကသိုလ်ဒါနကိစ္စတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



မြရွှန်းရည်ထံရေးဖို့ စိတ်ကူးဝင်လာသဖြင့် အဝတ်အစားအိတ် ချပြီးသည်နှင့် မြရွှန်းရည်ထံ စာရေးရန် စားပွဲတွင် ထိုင်လိုက်သည်။

သို့
မြရွှန်းရည်...

ကိုကိုတော့ အလောင်းတော်ကဿပ ဘုရားဖူးက ပြန်လာပြီ။ မြရွှန်းရည် မရှိတော့ ကိုကိုလည်း တစ်ယောက်ထီးထီးဘဝနဲ့နေရတာ ပျင်းလွန်းတာကြောင့် ကိုကိုတို့ရဲ့ ဗိုလ်ချုပ်ဈေးသစ်အဖွဲ့နဲ့ ဘုရားဖူး လိုက်သွားခဲ့တယ်။ ပျော်စရာကောင်းတယ် မြရွှန်းရည်ရယ်။ မြရွှန်းရည်သာ ကိုကိုနဲ့အတူပါလာရင် အရမ်းပျော်မှာပဲ ဆိုတဲ့အတွေးနဲ့ မြရွှန်းရည်ကို သတိရလိုက်တာ။

အလောင်းတော်ကဿပမထေရ်မြတ်ကြီးဟာ တောင်သုံးလုံး ဖိုခံ လောက်ဆိုင်မှာ ဝဋ်ကြွေးတစ်ခုအတွက် ပေးဆပ်ရင်း ပရိနိဗ္ဗာန်ပြု ရတာတဲ့။ ကြည်ညိုဖွယ်ကောင်းသလို၊ လွမ်းမောဖွယ်၊ သတိသံဝေဂ ရစရာလည်းကောင်းတယ် မြရွှန်းရည်ရေ...။ မြရွှန်းရည် မြန်မာပြည် ပြန်ရောက်လာရင် ကိုကိုနဲ့အတူ သွားဖူးကြရအောင်နော်။ အခု ကိုကို ပြုခဲ့တဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်တွေကို မြရွှန်းရည်ကိုပါ အမျှပေး တယ်။ ကိုကိုနဲ့အတူ ကုသိုလ်ရဖို့ သာဓုခေါ်နော်...။

ကိုကိုကျန်းမာတယ်။
မြရွှန်းရည် ကျန်းမာအောင်နေပါ။
အမြဲသတိရနေတဲ့၊ လွမ်းတဲ့...
ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စာကို တစ်ခေါက်ပြန်ဖတ်ပြီး ကျေနပ်ခြင်းအပြုံးနှင့် သေချာခေါက်၍ စာအိတ်ထဲ ထည့်လိုက်သည်။ မြရွှန်းရည်၏ စင်ကာပူ လိပ်စာကို ရေးလိုက်သည်။ နောက် နက်ဖြန်ခါ ရန်ကုန်စာတိုက်ကြီး မှ သွားထည့်ရန် စားပွဲပေါ်တင်ထားလိုက်သည်။

ပြီးတော့...ခရီးစဉ်မှာ ပင်ပန်းမှု၊ အိပ်ရေးပျက်မှုများအတွက် ကျွန်တော် အိပ်ရာပေါ် အသာလှဲ၍ မျက်လုံးအစုံကို မှိတ်လိုက်သည်။ လွင့်ပျံပြေးလွှားနေသော စိတ်တို့ကို ချုပ်ထိန်းရင်း စိတ်က တဖြည်းဖြည်း ငြိမ်သွားသည်။

BURMESE CLASSIC

မည်မျှကြာသွားသည်မသိ၊ ကျွန်တော် အိပ်ရာမှနိုးလာတော့ အိပ်ခန်း ပြတင်းပေါက်မှမြင်ရသော အလင်းက အလွန်မှေးမှိန်နေပြီ ဖြစ်သဖြင့် ညနေစောင်းပြီကို သိလိုက်ခြင်းကြောင့် အိပ်ခန်းမှ အပြင်သို့ထွက်လာ သည်။ အိမ်ရှေ့ခန်း၌ အမေနှင့် ညီမလေးတို့ စကားပြောနေကြသည် ကို တွေ့ရသဖြင့် ငိုလ်ချုပ်ဈေးသစ်ပိတ်၍ ညီမလေးပြန်လာပြီဟု နားလည် လိုက်သည်။

ကျွန်တော် မျက်နှာသစ်ပြီး အိမ်ရှေ့ထွက်လာတော့ ညီမလေး မျက်နှာမှာ မျက်ရည်တွေနှင့်။ အမေ့မျက်နှာက စိတ်မကောင်းခြင်း ကြီးစွာသောပုံစံ။ ကျွန်တော် အနားရောက်တော့ ညီမလေးက စီးကျ နေသော မျက်ရည်များနှင့် လိုက်ခနဲ တစ်ချက်ရှိုက်လိုက်ရင်း–

"ကိုကို...မြရွှန်းရည် ဆုံးသွားပြီ..."

အာရုံကြောကို အပြင်းအထန် ပြေးဆောင့် တိုးတိုက်လိုက်သော စကားလုံး၏ ထုထည်ကြောင့် ကျွန်တော် ကြောင်အမ်းအမ်းဖြစ်သွား သည်။ ပြီးမှ–



www.burmeseclassic.com

www.burmeseclassic.com



"ဘာ...မြရွှန်းရည်..."

"ဟုတ်တယ်ကိုကို...မြရွှန်းရည် အစာအိမ်ပေါက်ပြီး ဆုံးသွားလို့တဲ့။ ဒီနေ့ စင်ကာပူက အရေးပေါ် တယ်လီဖုန်းဆက်တယ်။ အဲဒါ သူ့အမေလည်း ယူကျုံးမရဖြစ်ပြီး ညီမလေးတို့ဈေးကို တယ်လီဖုန်းနဲ့ ဆက်ပြောတယ်"

နင့်ခနဲခံစားလိုက်ရသော ခံစားမှုက ရင်ထဲမှာ ပူလောင်ပြင်းလှသည်။ ကျွန်တော်ရေးထားသော စာလေးပင် သူ့ဆီမပို့လိုက်ရ၊ မောလာသောရင်ကြောင့် နီးရာကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

BURMESE CLASSIC

"မဟာမြတ်မုနိဘုရားထဲမှာ မောင်မောင်နဲ့ ပပတို့ ချစ်သစ္စာကတိတွေ ပြုခဲ့ကြတယ်။ ဘယ်ဘဝရောက်ရောက်...ပြန်ဆုံစည်းပြီး ချစ်နိုင်ကြပါစေ၊ တစ်ဦးနှင့်တစ်ဦး မဆုံစည်းသောဘဝများမှာ အခြား မည်သူနှင့်မျှ ချစ်နိုင်ခွင့်၊ ဆုံစည်းနိုင်ခွင့် မရှိကြပါစေနှင့်ဘုရား..."

တစ်ခါက အိမ်မက်ထဲမှာ မောင်မောင်သိဒ်နှင့် ပပတို့ သစ္စာကတိပြုခဲ့ပုံအကြောင်း စကားစုများကို သတိရမိခဲ့သည်။ ပြီးတော့ အမေက ပြောသည်။

"မသိစိတ်ကြောင့်မက်တဲ့ အိမ်မက်မျိုးဟာ အတိတ်ရဲ့ ဗီဇတွေပါတယ်။ ကိုယ်က မစွဲလမ်းဘူးလို့ အသိစိတ်က ထင်မိပေမယ့် မသိစိတ်မှာ ကပ်ငြိစွဲလမ်းမှုတွေဟာ အိမ်မက်အနေနဲ့ ပုံရိပ်တွေ ပေါ်လာတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ယခုလောလောဆယ် အလောင်းတော်ကဿပဘုရားဖူးသွားရင်း မောင်မောင်သိန်းနှင့် ပပတို့ နေခဲ့သည့်ဂူကို မထင်မှတ်ဘဲ တွေ့ခဲ့ရသည်။ သို့မှ ကျွန်တော်ပြုခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်တို့အား ပပနှင့် ပတ်သတ်သူများအား ကရုဏာဖြစ်မိခြင်းစိတ်နှင့်အတူ ဂူဝတွင် အမျှ ပေးဝေမိသည်။ ထိုစဉ်က...

"အင်း...ဒါကြောင့် မောင်မောင်သိန်းကိုယ်တိုင်လာပြီး အမျှအတန်း ပေးလိမ့်မယ်လို့ နန်းပပဆွေက ပြောတာကိုး..."

BURMESE CLASSIC

ထိုဂူမှ ရသေ့အိုကြီးပြောခဲ့သည့်စကား ယခု မြရွှန်းရည်၏ ရုတ်တရက် အဖြစ်အပျက်...။ သို့ဆိုလျှင် ကျွန်တော်သည် ဘဝတစ်ခုက ပပဆိုသော နန်းပပဆွေနှင့် ကတိသစ္စာပြုခဲ့သော မောင်မောင်သိန်း ဖြစ်နေပြီလား...။ အကြောင်းအရာ အဖြစ်အပျက် တို့က ကျွန်တော်နှင့် မြရွှန်းရည် ဆုံခွင့်မရခြင်း အကြောင်းအရာသည် ကျွန်တော်နှင့် ပပတို့ မဟာမြတ်မုနိဘုရားကြီးတွင် ပြုခဲ့သော ကတိသစ္စာကြောင့်လား...။ ကျွန်တော် မစဉ်းစားတတ်တော့...။

ညီမလေးက သူ့သူငယ်ချင်းမအတွက် ယူကျုံးမရ ငိုလျက်၊ အမေ က အေးဆေးတည်ငြိမ်စွာနေတတ်သူဖြစ်မယ့် သူသဘောကျခဲ့ ချစ်ခဲ့ သော မြရွှန်းရည်အတွက် ပါးပြင်ပေါ်သို့ စီးကျနေသည့် မျက်ရည်တို့ ကျခြေရစွာ ဖြည်းဖြည်းညင်သာစွာ စီးဆင်းလျက်...

ကျွန်တော်သည်သာ ထူးဆန်းလှသော ဘဝတစ်ခုမှ ကတိသစ္စာ အတွက် ဘာလုပ်ရမည်လဲဆိုသည်ကို အလေးအနက်ဆုံးဖြတ်ရန် ကြိုးစားနေမိခဲ့ပါသတည်း...။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



**စာရေးသူဝန်ခံချက်။ ။** (သည်ကနေ့ ရဟန်းဝတ်၌ တောရိပ်မှီခဲ့သော ကာယကံရှင် ကိုအောင်မျိုး၏ မှတ်တမ်းဒိုင်ယာရီ ရရှိခြင်းမှ ဝတ္ထုတစ်ပုဒ်အဖြစ် သုတရသနှင့် ဆန်းကြယ်စွာသော လောကဖြစ်စဉ်များအား စာရေးသူအနေဖြင့် လှပအောင် ဖန်တီးရေးသားခဲ့ပါသည်။)

လောက၌ မရှိဟုထင်သောအရာများ ရှိနေခြင်းကို
ရှိကြောင်း လေ့လာသိရှိနိုင်ကြပါစေ...

**အောင်ဟိဏ်း(ကျိုက်ထော်)**



www.burmeseclassic.com